ယနေ့ခေတ် အခါ၌ များလှစွာကုန်သော ရဟန်းတို့သည် အရဟတ်ဟု ဆိုအပ်သော အဆင်းအရောင်ကို၎င်း, အရဟတ်

တက်သောအချိန်ကိုငင်း, ဝိနည်းစသော ကျမ်းဂန်တို့၌လာသော စကားကိုအမှီပြုထောက်ဆ၍ ခိုင်မာသော သာဓကကို ရရှိထောက်ထားလျက် သာဓကအား လျော်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ ထိုကြောင့် အချို့သော ရဟန်းတို့သည် ညဉ့်ထက်ဝက်သန်းခေါင်မှကျော်လွန်ခဲ့သော် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုအချိန်မှ လွန်လျှင် အလိုရှိသောအချိန်၌ ဆွမ်းခံလှည့်လည်ခြင်းစသော အမှုတို့ကိုပြုကြကုန်၏။ ထိုအမှုတို့ကား ချွတ်ယွင်းမှုများပင် ဖြစ်ကြကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် အရုဏ်မတက်သေးသောကြောင့်ပင်-ဟုဆိုလို၏။

အချို့ရဟန်းတို့ကား ဝါတွင်းသုံးလအတွင်း၌ဆိုခဲ့သော အချိန်မျိုးမှာပင် မိမိတို့နေရာ ဥပစာရ သိမ်ခေါ်သော ကျောင်းအရံတွင်းမှ ထွက်ကြကုန်၍ ဆွမ်းခံလှည့်လည်ခြင်း စသည်တို့ကိုပြုကြကုန်လျက် နေယွက်သောအချိန်၌ ဥပစာရ သိမ်ခေါ်သော မိမိ မိမိတို့၏ ကျောင်းအရံသို့ ပြန်လာကြကုန်၏။ ဝါကျွတ်သော အခါ၌ကား ကထိန်ခင်းခြင်းစသောအမှုတို့ကို ပြုကြကုန်၏။ ထိုအမှုကိစ္စတို့သည်လည်း ချွတ်ယွင်းသော အမှုကိစ္စတို့သာ ဖြစ်ကြရပေကုန်၏။

ထိုမှတပါး အချို့သော ရဟန်းတို့သည်ကား ညဉ့်ထက်ဝက်သန်းခေါင်အခါမှ လွန်သည်ရှိသော် စက်နာရီအားဖြင့် (၃)နာရီအချိန်၌ အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုအချိန်၌ပင် ဆွမ်းခံလှည့်လည်ခြင်းစသော ထိုထိုအမှုတို့ကို ပြုကြကုန်၏။ ထိုစကားကိုချဲဦးအံ့....ဤမြန်မာနိုင်ငံတော်၌ အလွန်ထင်ရှားကုန်လျက် တရားရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ ခြေ

တော်ရာ စေတီတော်နှစ်ဆူတို့သည် ထင်ရှားရှိကြကုန်၏။ ထိုစေတီတော်တို့၏ အနီး၌ နေကြကုန်သော ရဟန်းသာမဏေ ဥပါသကာ ဥပါသိကာမစသည်တို့သည် ထိုခြေတော်ရာစေတီတော်တို့ကို နေ့တိုင်းနေ့တိုင်းလိုပင် ပူဇော်ခြင်းကိုပြုကြကုန်၏။အထူးအားဖြင့်နှစ်စဉ်နှစ်တိုင်း တပို့တွဲလတပေါင်းလ၌ ဥပါသကာစသောသူတို့သည် အလေးအမြတ်ပြုကြကုန်လျက် ကြီးစွာသောပွဲသဘင်ကိုပြုကြပြီးလျှင် အလွန်အကဲပူဇော်ခြင်းကိုပြုကြကုန်၏။ ထိုအခါ အနီးအဝေးအရပ်လေးမျက်နှာမှလည်း များလှစွာကုန်သော လူရှင်ရဟန်းစသည်တို့သည် ပူဇော်ခြင်းငှါ လာကြကုန်၏။ ထိုပူဇော်ပွဲ၌ အချို့ ဥပါသကာ ဥပါသိကာမတို့သည် ညဉ့်ထက်ဝက်သန်းခေါင်အခါမှ လွန်သည်ရှိသော် အိပ်ရာမှထကြကုန်လျက် ဆွမ်းချက်ခြင်းစသည်တို့ကိုပြုကြပြီးလျှင် ဆိုခဲ့သော (၃)နာရီအချိန်၌ ပါဒစေတီတော်နှစ်ဆူတို့အား ဆွမ်းစသည်တို့ကိုကပ်လှူ၍ကောင်းစွာပြုခြင်း အလေးအမြတ်ပြုခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း ရှိခိုးခြင်းကို ပြုကြကုန်၏။

ထိုအချိန့်မှာပင် အချို့ဥပါသိကာမတို့သည် ရဟန်းတို့အားလည်း ဆွမ်းလောင်းလှူကြကုန်၏။ အချို့ ရဟန်းတို့သည်လည်း ထို(၃)နာရီ အချိန်၌ပင် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုဥပါသကာ ဥပါသိကာမတို့၏ အထံ၌ ဆွမ်းခံ လှည့်လည်ခြင်း ဆွမ်းစားခြင်းတို့ကို ပြုကြကုန်၏။ ဤသို့လျှင် ဤနည်းသဘောရှိကုန်သော တပါးမက များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။

အချို့သော ရဟန်းတို့သည်ကား ဖြူသော အရောင်ကို အရုဏ်ရောင်ဟူ၍ ထင်မှတ်ကြကုန်၏။ အဖြူရောင်တက်လာ

သော အချိန်ကိုလည်း အရုဏ်တတ်ချိန်ဟူ၍ ထင်မှတ်ကြကုန် ၏။ ထိုကြောင့် အဖြူရောင်ထင်ရှားဖြစ်ပေါ်လာသော စက် နာရီ(၄)နာရီ အချိန်၌ရင်း ထို့အောက် အနည်းငယ်ယုတ် လျော့သောအချိန် ထို့ထက်အနည်းငယ်လွန်သော အချိန်၌ရင် ဆွမ်းခံလှည့်လည်ခြင်း အစရှိကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။ ထိုစကားကို ချဲ၍ဦးအံ့···· အချို့ မြို့ကြီးများ၌ ဝါတွင်း (၃) လအတွင်းမှာ အချို့ဥပါသကာ-ဥပါသိကာမ တို့သည် ဆွမ်းလောင်းသင်း အဖွဲ့အနေအားဖြင့် ကောင်းမှု တို့ကို ပြုကြကုန်၏။ ထိုဥပါသကာစသည်တို့သည် လာတိုင်း လာတိုင်းသော ရဟန်း သာမဏေတို့အား ဆွမ်းစသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းကြကုန်၏။ ထို ဥပါသကာတို့၏ အထံ၌ များစွာသောရဟန်းသာမဏေတို့သည် ဆိုခဲ့သော (၄)နာရီ အချိန်၌ ဆွမ်းခံလှည့်လည်ခြင်း စသည်တို့ကိုပြုကြ ကုန်၏။ ဝါတွင်း၌လည်း အချို့ ဥပါသကာစသည်တို့သည် မိမိ မိမိတို့၏ အလိုအားဖြင့် ရဟန်းတို့ကို ပင့်လျှောက်၍ ဆွမ်းလှူဒါန်းခြင်း အစရှိကုန်သော ကောင်းမှုတို့ကို ပြုကြ ကုန်၏။ ပင့်ဖိတ်အပ်သော ရဟန်းတို့သည် ဆိုခဲ့သော (၄) နာရီ အချိန်၌ အရုဏ်တက်၏ဟု ထင်မှတ်ကုန်သည်ဖြစ်၍ မိမိ မိမိတို့၏ ဥပစာရသိမ်ခေါ်သော ကျောင်းအရံမှ ထွက် ကြကုန်လျက် အိမ်စသည်တို့၌ ဆွမ်းစားခြင်းကိစ္စကို ပြုကြပြီး လျှင် နေထွက်သော အချိန်၌ ဥပစာရသိမ်ခေါ်သော မိမိ မိမိတို့၏ ကျောင်းတိုက် အရံသို့ ပြန်လာကြကုန်၏။ ဤ နည်းမျိုးဖြင့် ဝါကျိုး ဝါပြတ်ခြင်းသို့ ရောက်ကြကုန်၍ ဝါ ကျွတ်သောအခါ၌ ကထိန်ခင်းခြင်း စသော အမှုတို့ကို ပြုကြကုန်၏။ ထို အမှုတို့သည် မကောင်းသဖြင့် ပြုအပ်သော အမှု မပြည့်စုံသောအမှု ပျက်စီးသောအမှုများသာ ဖြစ်ရပေ

ကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား မြတ်စွာဘုရားသည် ဝါကျိုး ဝါပြတ်ကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းကို ခွင့်မပြုသောကြောင့်တည်း။ ထိုစကားမှန်၏။ မြတ်စွာဘုရားသည် ဝါကျိုး ဝါပြတ်ခြင်းကို မပြုကုန်သော ပုရိမဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူ၏။ ထို့ကြောင့်လည်း ထိုကမ် ထိုအမှုတို့သည် ပျက်စီးသော ကမ်များသာ ဖြစ်ရပေကုန်၏။ ဤသို့ ဤပုံ ဤနည်းသဘောရှိကုန်သော များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။

ထို့ပြင်တခြား အလွန်များလှစွာကုန်သော အချို့ရဟန်းတို့သည်ကား မိုးသောက်မိုးလင်းချိန်မှ ရှေး၌ (မိုးမလင်းသေမီ) သာလျှင် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည် ဖြစ်၍ ထိုအချိန်မှာပင် ဆိုခဲ့သော ဆွမ်းခံလှည့်လည်ခြင်း စသော ပေါ့သော အမှုတို့ကိုလည်း ပြုကြကုန်၏။ ဝတ်ဆောက်တည်၍ ဝတ်ကိုချခြင်း စသော လေးသောအမှုတို့ကိုလည်း ပြုကြကုန်၏။ ထိုအမှုတို့သည် ချွတ်ယွင်းသော အမှုကိုသာ ဖြစ်ရပေကုန်၏။ ထိုစကားကို ချဲဦးအံ့ .... အကယ်၍ ရဟန်းတို့သည် ဝတ်ကိုဆောက်တည်ပြီး၍ ဆိုခဲ့သောအချိန်မျိုး၌ ဝတ်ချခြင်းကို ပြုကုန်ငြားအံ့၊ ဤသို့ပြုကုန်သည်ရှိသော် ထိုရဟန်းတို့သည် ရေတွက်လောက်သော ညဉ့်ကို မရကြလေကုန်၊ ဤသို့ မရကြကုန်သည်ရှိသော် ပရိဝါသ် ကျင့်သုံးသော ညဉ့်တို့ကို မပြည့်စေကုန်။ ဤသို့ မပြည့်စေကုန်သည်ရှိသော် မာနတ်ဝတ်ကို ကျင့်ထိုက်သော ရဟန်း မဟုတ်ကြကုန်။ အကယ်၍ မာနတ်ကျင့်ဆဲ ရဟန်းတို့သည်လည်း ဆိုခဲ့သော အချိန်မျိုး၌ ဝတ်ချခြင်းကို

ပြုကုန်ငြားအံ့၊ ထိုနည်းအတူပင် ရေတွက်လောက်သော ညဥ့်တို့ကို မရကုန်။ ဤသို့ မရကုန်သည်ရှိသော် မာနတ်ကျင့်သော ညဥ့်တို့ကို မပြည့်စေကုန်။ ဤသို့ မပြည့်စေကုန်သည်ရှိသော် အဗ္ဘာန်မထိုက်ကုန်။ (ဝါ) သံဃာ့ဘောင်သို့ သွင်းထိုက် ခေါ်ထိုက်သော ရဟန်းမဟုတ်ကုန်။ အကယ်၍ကား သံဃာသည် ထိုသို့သဘောရှိသော ထိုထိုရဟန်းမျိုးကို အဗ္ဘာနကမ်ပြုငြားအံ့။ ဝါ-သွင်းငြား ခေါ်ငြားအံ့။ ထိုကမ်သည် မပြုအပ် မပြုထိုက်သောကမ်, မကောင်းသဖြင့်ပြုအပ်သောကမ်, တဖန်ပြန်၍ ပြုအပ်သောကမ်, ပျက်စီးသောကမ် ဖြစ်ရပေတော့၏။ ဤနည်းမျိုးဖြင့်ပြုကုန်သော ဝတ်ဆောက်တည်သော ထိုရဟန်းတို့၏ ထိုကမ်တို့သည် အချည်းနှီး အလကားကမ်, မပြည့်စုံသောကမ်, ပျက်စီးသောကမ်တို့သာ ဖြစ်ရပေကုန်၏။ ဤသို့ဤပုံအားဖြင့် ယခုခေတ်၌ များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။

ယခုခေတ်၌ ချွတ်ယွင်းမှုများကို ပြုကြကုန်သကဲ့သို့ ဤနည်းအတူပင် ရှေးရှေးအခါကလည်း ဤသို့သဘောရှိသော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။ ထိုစကားကို ချဲဦးအံ့.... ဝိနယာလင်္ကာရဋီကာကျမ်း မဖြစ်ပေါ်သေးမီ ရှေးအခါက များလှစွာကုန်သော ရဟန်းတို့သည် မိမိ မိမိတို့၏ အလိုအားဖြင့်သာလျှင် ခိုင်မာသော အထောက်အထားသာဓကစကားမှ ကင်းမဲ့လျက် အသင့်ယုတ္တိ လုံးဝမရှိကုန်သော အရက်နှင့်စပ်လျဉ်းကုန်သော စကားအမျိုးမျိုးတို့ကို ပြောဆိုကြကုန်၏။ သာဓကယုတ္တိ လုံးဝမရှိကုန်သော ထိုစကားအမျိုးမျိုးတို့ကို မှီငြမ်းပြုထားကုန်သော များလှစွာကုန်သော အဆိုအမိန့်အမျိုးမျိုးတို့နှင့် အယူဝါဒ အမျိုးမျိုးတို့သည် ဖြစ်ပေါ်လာ

ကုန်၏။ ထိုရဟန်းတို့သည် မိမိ မိမိတို့၏ အယူဝါဒ အား လျော်စွာ အလိုရှိအပ်သောအချိန်ကို အရုဏ်တက်ချိန်ဟု ထင်မှတ်ကြကုန်၍ စင်စစ်အားဖြင့် အရုဏ်မတက်သေးသော အချိန်၌ ဆွမ်းစားခြင်း အစရှိသော ပေါ့သောအမှုတို့ကိုရင်း, ဆောက်တည်သော ဝတ်ကို ချွတားခြင်း အစရှိသော လေးသောအမှုတို့ကိုရင်း ပြုကြကုန်ပြီ။ ဤသို့ပြုအပ်ကုန်သော အမှုတို့သည် ချွတ်ယွင်းမှုတို့သာ ဖြစ်ကြရကုန်ပြီ။ အဘယ့် ကြောင့်နည်း ဟူမူကား ဧကန် မချွတ်မယွင်း မှန်ကန်သော အားဖြင့် အရုဏ်မတက်သေးသောကြောင့်တည်း။ ဤသို့ သဘောရှိသော ချွတ်ယွင်းသော အရုဏ်တက်ချိန်ကိုရင်း, ဤသို့သဘောရှိသော ချွတ်ယွင်းမှုတို့ကိုရင်း နောင်အခါ၌ အဖန်ဖန်အောက်မေ့ အမှတ်ရကုန်သော များလှစွာကုန် သော ဝိနည်းကို အလေးပြုကာ သိက္ခာသုံးပါးကို အလိုရှိ ကုန်လျက် မကောင်းမှုကိုလည်း ရှက်ကြောက်ကုန်၍ သီလ ကိုလည်း ချစ်မြတ်နိုးကြကုန်သော ရဟန်းတို့အား များလှစွာ ကုန်သော ယုံမှားသံသယ ကုက္ကုစ္စတို့သည် ဖြစ်ပေါ်လာကြ ကုန်ပြီ။

အကြင်အခါ၌ ယုံမှားသံသယ ကုက္ကုစ္စတို့သည် ဖြစ်ပေါ် လာကြကုန်ပြီ။ ထိုအခါ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော် မူသည်မှစ၍ ရေတွက်အပ်သော "အတိတ်သာသနာတော်" ဟု ခေါ်သော နှစ်အားဖြင့် (၂၁၉၁) နှစ်ထောင်တရာ ကိုးဆယ်တခုနှစ်, လူတို့၏ အမှတ် သင်္ကေတ ဖြစ်သော "ကောဇာသကရာဇ်"ဟု ဆိုအပ်သော နှစ်အားဖြင့် (၁၀၀၉) တထောင့်ကိုးခုနှစ် မြန်မာနိုင်ငံ သာလွန်မင်းတရားကြီး

အုပ်စိုးသော အချိန်အခါ၌ ဝိနယာလင်္ကာရဋီကာ အမည်ရှိသော ကျမ်းကြီးသည် ဖြစ်ပေါ်လာပေပြီ။

**မှတ်ဘွယ်။** ။"မုနိန္ဒဃောသတိပိဋကာလင်္ကာရ" ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော ဝိနယာလင်္ကာရ ဋီကာ ကျမ်းပြု ဆရာတော်သည် မင်းဘူးခရိုင် စလင်းမြို့ ဇာတိချက်မြှုပ် ဖြစ်တော်မူ၏။ ပဝတ္တိအခါ၌ကား စစ်ကိုင်းမြို့ အနီး စစ်ကိုင်းတောင်ရိုး တောင်ဖီလာ တောရကျောင်း၌ သီတင်းသုံးတော်မူသည်။ ထိုအခါ၌ပင် ဤဋီကာကျမ်းကြီးကို စီရင်ပြုစုတော်မူ၏။

ထိုကျမ်း၌ ထိုကျမ်းဆရာသည် တိုအရဏ်တက်ချိန်နှင့် စပ်လျဉ်းသော ချွတ်ယွင်းမှုတို့ကို သုစိသင်ရှင်းလင်း ပယ်မြစ်ခြင်းငှါ များလှစွာကုန်သော ခိုင်မာသော သာဓကစကားတို့ကို ထိုထိုကျမ်းတို့မှထုတ်ဆောင်ကာ ပြတော်မူပြီးလျှင် အလွန်သင့်လျော်၍ မချွတ်မယွင်းသော "အရုဏ်တက်ချိန်"ကို ကြီးစွာသော လုံ့လဝီရိယဖြင့် ထင်ရှားပြတော်မူခဲ့ပြီ။ ယင်းသို့ပင် ထင်ရှားပြခဲ့ပါသော်လည်း ယခုခေတ်အခါ၌ အချို့သော ရဟန်းတို့သည် ကျမ်းဆရာ၏ "ကေဿဋ္ဌိကာမတ္တေန-တနာဠိမျှဖြင့်" ဟူသောစကားကို ချွတ်ယွင်းသဖြင့် ကောက်ယူကြကုန်၏။ ထိုကြောင့်ကျမ်းဆရာသည် အလိုရှိအပ်သောအရုဏ်တက်ချိန်မျိုးမဖြစ်သေးပေ၊ သဒ္ဒါတခြား အနက်တခြားသာဖြစ်နေတော့၏။ ထိုစကားကို ချဲဦးအံ့····ကျမ်းဆရာသည် ရှေးအခါ မြန်မာပြည်ဖွား တိုင်းရင်းသား မင်းမျိုးတို့၏ ရှေးခေတ်ဟောင်း နာရီအနေအားဖြင့် "ကေဿဋ္ဌိကာမတ္တေန-

တနာရီမျှဖြင့်"ဟူသော စကားကိုဆိုခဲ့၏။ ထိုစကား ထိုသဒ္ဒါ၏ အနက်သဘောကို ကောက်ယူကြကုန်သော အချို့ရဟန်းတို့သည်ကား ယခုခေတ်၌ အသုံးပြုသော စက်နာရီအနေအားဖြင့်"ကေဃဋိကာ-တနာရီ"ဟူသောအနက်ကို ကောက်ယူကြကုန်၏။ ဤသို့ဤပုံ သဒ္ဒါတခြား အနက်တခြားသာ ဖြစ်နေတော့၏။

**ညွှန်ကြားချက်။** ။မြမ္မာမင်းတို့၏ ရှေး(၁)နာရီနှင့် ယခုခေတ် စက်(၁)နာရီဘို့သည် (၁)နာရီအချင်းချင်း အတိုအရှည် အချိန်မတူသည်၏အဖြစ်ကို နောက် 'အဆုံးအဖြတ်နှင့်သာဓက'ပိုင်း၌ အကျယ်ထင်ရှားစွာပြအံ့။

ထိုသို့ သဒ္ဒါတခြား အနက်တခြား ဖြစ်သောကြောင့် ကျမ်းဆရာသည် အလိုမရှိအပ်သော အရက်တက်ချိန်သာ ဖြစ်နေတော့၏၊ အလိုရှိအပ်သော အရက်တက်ချိန်ကား မဖြစ်သေးပေ။ ကောင်းစွာယူအပ်သော အရက်တက်ချိန်လည်း မဖြစ်သေးပေ။ စင်စစ်အားဖြင့်ကား မကောင်းသဖြင့် ယူအပ်သော ချွတ်ယွင်းသောအရက်တက်ချိန်သာ ဖြစ်နေသေး၏။ ထိုစကားကိုထင်ရှားစေဦးအံ့····"နေထွက်သည့်မှ ရှေး(နေမထွက်သေးမီ) မြမ္မာနာရီအားဖြင့် (၁)နာရီမျှ အချိန်၌ အရက်တက်၏"ဟူသောကျမ်းဆရာသည် အလိုရှိအပ်သော အချိန်မျိုးကား မဖြစ်မူ၍ "နေထွက်သည့်မှ ရှေး (နေမထွက်သေးမီ) စက်နာရီအားဖြင့်(၁)နာရီမျှအချိန်၌ အရက်တက်၏"ဟူသော ကျမ်းဆရာသည် အလိုမရှိအပ်သော အရက်တက်ချိန်မျိုးသာဖြစ်နေတော့၏။ ဤသို့ဤပုံ မကောင်းသဖြင့် ယူအပ်သော ချွတ်ယွင်းသော အရက်တက်ချိန်သာ ဖြစ်နေ

သေး၏။ ထိုသို့ ချွတ်ယွင်းသော အရက်တက်ချိန်သာ ဖြစ်နေသောကြောင့်ပင် ယခုခေတ်၌လည်း ချွတ်ယွင်းသော ထိုအရက်တက်ချိန်ကိုမှီ၍ ပြုအပ်ကုန်သော အမှုတို့သည် ချွတ်ယွင်းမှုတို့ပင် ဖြစ်မြဲ ဖြစ်ကြသည်သာတည်း။

ထို့ပြင်လည်း ဝိနည်းကိုလေးစားသော ရဟန်းစသည်တို့အား ဝိနည်းကမ်နှင့်စပ်လျဉ်းသော ကုက္ကုစ္စတို့သည်လည်း ဖြစ်မြဲ ဖြစ်ကြသည်သာတည်း။ ထိုစကားကိုချဲ့ဦးအံ့····အချို့ရဟန်းတို့အား ရှေးရှေးက ငါတို့သည်ပြုအပ်ကုန်သော ပရိဝါသ်ဆောက်တည်သောအမှုကိစ္စနှင့် မာနတ်ဆောက်တည်သော အမှုကိစ္စ ဤနှစ်ပါးကုန်သော ဝတ်ဆောက်တည်သော အမှုကိစ္စတို့သည် ပြည့်စုံသောကမ်ကိစ္စတို့သည် ဖြစ်ကုန်လေရော့သလော, သို့မဟုတ် မဖြစ်ကုန်လေရော့သလော, ဤသို့ အစရှိသော များလှစွာကုန်သော ဝိနည်းကမ်နှင့် စပ်လျဉ်းသော ကုက္ကုစ္စတို့သည် ဖြစ်ကြကုန်သည်သာတည်း။

**မှတ်ဘွယ်။** ။ဤ၌ အမှုကိစ္စ မပြုသေးမီ အပ်သလော, မအပ်သလော,ဟု နှစ်ခွဖြစ်သော ဝိနယကုက္ကုစ္စသည် ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်တို့အား ကုသိုလ်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်အား အဗျာကတဖြစ်၏။ ။အမှုကိစ္စပြုပြီးမှ ဖြစ်သော ဝိနယကုက္ကုစ္စကား ပုထုဇန်သေက္ခပုဂ္ဂိုလ်တို့အား အကုသိုလ်သာဖြစ်၏။ အဘယ့်ကြောင့်နည်း? အဘိဓမ္မာကျမ်းလာ ကုက္ကုစ္စမျိုး ဖြစ်နေသောကြောင့်တည်း။ ရဟန္တာပုဂ္ဂိုလ်အား ဤကုက္ကုစ္စမျိုး မဖြစ်သင့်။

ဤသို့ဤပုံ ဆိုခဲ့ပြီးသောချွတ်ယွင်းမှုတို့နှင့် ကုက္ကုစ္စတို့သည် အရက်ရောင်သည်ပင် အကြောင်းရင်းရှိကုန်၏။ အရက်မတက်ခြင်းလျှင် အကြောင်းရင်းရှိကုန်သည်လည်း ဖြစ်ရပေ

ကုန်၏။ ထို့ကြောင့် ဝိနည်းကို အလေးပြုသော ရဟန်း,သီလ သမာဓိပညာဟူသော သိက္ခာသုံးပါးကို အလိုရှိသောရဟန်း, အာပတ်ပြစ်မှ ကျူးလွန်ရမည်ကို ရှက်ကြောက်တတ်သော ရဟန်း, သီလကိုချစ်မြတ်နိုးတတ်သောရဟန်းတို့သည် မချွတ် မယွင်း မှန်ကန်သော အရဟတ္တမဂ်ရောင်နှင့် မချွတ်မယွင်းသော အရဟတ္တဖိုလ် အဆုံးအဖြတ်ကို အလိုလည်း ရှိအပ်၏။ သိလည်း သိအပ်၏။ ထို့ကြောင့် ထိုအရဟတ္တမဂ်ရောင်နှင့် ထိုအဆုံး အဖြတ်ကို အလိုရှိကုန် သိလိုကုန်သော ဝိနည်းကို အလေး ပြုသောရဟန်း အစရှိကုန်သော များစွာသော ရဟန်းတို့၏ အလိုပြည့်ရန် သိရန်အကျိုးငှါလည်း,ဝိနယကုက္ကုစ္စကို ပယ်နိုင် ရန်အကျိုးငှါလည်း, အရဟတ္တသည်ပင် အကြောင်းရင်းရှိကုန် သော အာပတ်တို့မှ လွတ်မြောက်ကြရန်အကျိုးငှါလည်း,သီလ စင်ကြယ်ရန်အကျိုးငှါလည်း, မချွတ်မယွင်းသော အရဟတ္တဖိုလ် ချိန် အဆုံးအဖြတ်ကို ပြုထိုက်၏။ ထို့ကြောင့် မချွတ်မယွင်း သော အရဟတ္တဖိုလ် အဆုံးအဖြတ်သည် နောက်၌ ထင် ရှားစွာ ဖြစ်ပေါ်လတ္တံ့။

ဝေါဟာရစသည်တို့ကို ပြသောအပိုင်း ပြီး၏။

---

## ၂-အရဟတ္တစသည်ကို ဆိုသောအပိုင်း

ဆိုခဲ့သော အဆုံးအဖြတ်မျိုးကို ပြုလိုသောသူသည် ရှေး ဦးပြုဘွယ်ဖြစ်သော ခိုင်မာသော သာကေစကားကိုရရန် ရှာမှီးခြင်းကိစ္စကို ပြုထိုက်၏။ ရှာမှီးခြင်းကိစ္စကို ပြုသည် ရှိသော် များသောအားဖြင့် ဝိနည်းအဋ္ဌကထာများနှင့် ဝိ- နယာလင်္ကာရဋီကာ၌ လာကုန်သော များစွာသော သာဓက စကားတို့ကို ရအပ်ကုန်၏။

ယခုအခါ၌ ရရှိထားသော တိုသာဝကေစကားတို့တွင် ရှေးဦးစွာ ဝိနယာလင်္ကာရဋီကာ၌လာသော အရုဏ်တက်ချိန်နှင့် စပ်လျဉ်းသော အရုဏ်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော အရုဏကထာကို ဆိုအပ်၏။ ထိုအရုဏကထာ၌ ဤဆိုလတ္တံ့သော မေးခွန်းစကားကို ဆိုအပ်၏။

ကော သေ အရုဏော နာမ၊
ကေန သော အရုဏော ဘဝေ။
ကီဒိသော တဿ ဝဏ္ဏော တု၊
သဏ္ဌာနံ ကီဒိသံ ဘဝေ။

ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရုဏော သမုဂ္ဂစ္ဆတိ။
ကိံ ပစ္စက္ခသိဒ္ဓေါ သော၊
ဥဒါဟု အနုမာနတော။

သေ သော အရုဏော နာမ၊ ဤအရုဏ်မည်သည်ကား။ ကော၊ အဘယ်သဘောတရားမျိုးပါနည်း။ ကေန၊ အဘယ်အနက်သဘောဖြင့်။ ဝါ၊ အဘယ်သို့သော ဝိဂြိုဟ်ဝစနတ္ထကြောင့်။ သော အရုဏော၊ ထိုအရုဏ်သည်။ ဝါ၊ ထိုအရုဏဟူသော သဒ္ဒါသည်။ ဘဝေ၊ ဖြစ်ပါသနည်း။ တု၊ ထိုမှတပါး။ တဿ၊ ထိုအရုဏ်၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ ကီဒိသော၊ အဘယ်သို့သော အဆင်းအရောင်ရှိပါသနည်း။ တဿ၊ ထိုအရုဏ်၏။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်သည်။ ကီဒိသံ၊ အဘယ်သို့သော ပုံသဏ္ဌာန်ရှိသည်။ ဘဝေ၊ ဖြစ်ပါသနည်း။

အရုဏော၊ အရုဏ်သည်။ ကိသ္မိံ ကာလေ စ၊ အဘယ်အခါ၌ရင်း။ ကိသ္မိံ ဒေသေ စ၊ အဘယ်အရပ်၌ရင်း။

သမုဂ စ္စတိ သမုဂ္ဂ စ္စတိ၊ ကောင်းစွာတက်ပါသနည်း။ သော၊ ဤအရဟတ်သည်။ ပစ္စက္ခသိဒ္ဓေါ ကိံ၊ မျက်မြင်ဖြင့် ပြီးစီးပါသလော။ ဝါ၊ မျက်မြင်ဖြင့် သိအပ်သော တရားမျိုးပါလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ အနုမာနတော၊ မှန်းဆသော အားဖြင့်။ သိဒ္ဓေါ ကိံ၊ ပြီးစီးပါသလော။ ဝါ၊ သိအပ်သော တရားမျိုးပါလော။

၁။ ဤအရဟတ်ဆိုတာ အဘယ်သဘောတရားမျိုးပါလဲ။

၂။ ထိုအရဟတ်သည် အဘယ်အနက်သဘောကြောင့် ဖြစ်ပါသနည်း။

၃။ ထို အရဟတ်၏ အဆင်းအရောင်သည် ဘယ်အရောင်ရှိပါသနည်း။

၄။ ထို အရဟတ်၏ ပုံသဏ္ဌာန်သည် ဘယ်ပုံသဏ္ဌာန်ရှိပါသနည်း။

၅။ ထိုအရဟတ်သည် ဘယ်အခါ၌ ဘယ်အရပ်၌ တက်ပါသနည်း။

၆။ ဤအရဟတ်သည် မျက်မြင်ဖြင့် သိအပ်သောတရားမျိုးလော, သို့မဟုတ် မှန်းဆခြင်းဖြင့် သိအပ်သော တရားမျိုးလော။

ဤကား ဂါထာတို့၌ လိုရင်းမေးခွန်းပုစ္ဆာတို့တည်း။

၁။ "ဤအရဟတ်ဆိုတာ အဘယ်သဘောတရားမျိုးပါလဲ" ဟူသော ဤပဌမမေးခွန်းပုစ္ဆာ၌ ဤအရဟတ်မည်သည်ကား ထွက်ပေါ်လတ္တံ့သော နေမင်း၏အရောင်အထူးပင် ဖြစ်ပေ၏။ ထိုစကား မှန်၏။ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"သူရိယောဒယတော ပုဗ္ဗ-ဋ္ဌိတရံသိ သိယာ-ရုဏော"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ သူ-ရိယ၊ နေမင်း၏၊ ဥဒယတော၊ ထွက်ပေါ်လာသည်မှ။ ပုဗ္ဗုဋ္ဌိတရံသိ၊ ရှေးဦးစွာ တက်လာသော အရောင်သည်။ အရုဏော၊အရုဏ်မည်သည်။သိယာ၊ ဖြစ်ရာ၏။

"နေထွက်သည်မှရှေး၌ (နေမထွက်သေးမီ) တက်-လာသောအရောင်သည် အရုဏ်မည်၏" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို၏အဖွင့်ဖြစ်သောအဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌လည်း -

"သူရိယ ဥဒယတော ပုဗ္ဗေ ဥဋ္ဌိတရံသိ အရု-ဏော နာမ"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ။ သူရိယ၊ နေမင်း၏။ ဥဒယတော၊ထွက်ပေါ်လာ-သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဥဋ္ဌိတရံသိ၊ တက်လာသော အရောင်သည်။ အရုဏော နာမ၊ အရုဏ်မည်၏။

"နေထွက်သည်မှရှေး၌ (နေမထွက်သေးမီ) တက်-လာသော အရောင်သည် အရုဏ်မည်၏"ဟူသော ဤ စကားကို မိန့်ဆိုအပ်၏။

ဝိမတိဝိနောဒနီအမည်ရှိသော ဝိနည်းဋီကာကျမ်း၌လည်း -

"အရုဏောတိ စေတ္ထ သူရိယုဂ္ဂမနသ ပုရေစရော ဝဍ္ဎနယနရတ္တော ပဘာဝိသေသောတိ ဒဋ္ဌဗ္ဗော"ဟူ သောဤစကားကို မိန့်ဆိုအပ်၏။ အရုဏောဟူသော ဤပါဠိတော်၌ အရုဏ်ဟူသည် နေထွက်ပေါ်လာ

ခြင်း၏ ရှေ့သွားဖြစ်သော တိုးပွါးလာသော ထူထဲသော အနီရောင်အထူးပင်တည်း ဤသို့မှတ်အပ်၏”

ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထိုကြောင့် နေ၏ အရောင်သည်သာလျှင် အရုဏ်မည်၏။ တပါးသောအရောင်သည် အရုဏ်မမည် ဟူ၍ မှတ်အပ်၏။ ဤကား (၁)နံပါတ်မေးခွန်းပုစ္ဆာ၏အဖြေတည်း။

၂။ “ထိုအရုဏ်သည် အဘယ်အနက်သဘောကြောင့် ဖြစ်ပါသနည်း” ဟူသော ဤဒုတိယပုစ္ဆာ၌ အရုဏော ဝဏ္ဏော အဿာတိ အရုဏော၊ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတောတိ အတ္ထော။ အထ ဝါ အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏဘာဝေန ပဝတ္တတီတိ အရုဏော။ ။အဿ၊ထိုနေရောင်အထူးအား။ အရုဏော၊ စဉ်းငယ် အနည်းငယ်နီသော။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုအနက်သဘော ကြောင့်။ အရုဏော၊ အရုဏ်မည်၏။ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတော၊ စဉ်းငယ် အနည်းငယ်နီသော အဆင်းအရောင်နှင့် ပြည့်စုံသော အရုဏ်ပင်တည်း။ ဝါ၊ အနည်းငယ် နီသော အဆင်း အရောင်နှင့် ပြည့်စုံသော အရုဏ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်သဘောတည်း။

ဤဋီကာအရ– “စဉ်းငယ် အနည်းငယ် နီသော အဆင်း အရောင်နှင့်ပြည့်စုံသော အနက်သဘောကြောင့် အရုဏ်မည်၏”ဟု ဆိုလို၏။

အထ ဝါ၊တနည်းကား။ ရတ္တဝဏ္ဏဘာဝေန၊ အနည်းငယ် နီသောအရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်

တတ်၏။ ဣတိ တသ္မာ၊ ထိုအနက်သဘောကြောင့်။ အရဏော၊ အရဏ်မည်၏။ ။ဤဝိဂြိုဟ်အရ—"အနည်းငယ် နိုသော အရောင်၏အဖြစ်ဖြင့် ဖြစ်တတ်သော အနက်သဘောကြောင့် အရဏ်မည်၏"ဟု ဆိုလို၏။ ထိုစကားမှန်၏။ အဘိဓာနပ္ပဒီ-ပိကာဋီကာ၌—

"အရုဏဝဏ္ဏတာယ အရတိ ဂစ္ဆတီတိ အရု-ဏော"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ။ အရုဏဝဏ္ဏတာယ၊ အနည်းငယ်နီသော အရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ၊ သွားတတ် ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုအနက်သဘောကြောင့်။ အရုဏော၊ အရုဏမည်၏။ ။ဤဝိဂြိုဟ် အရ—"အနည်းငယ် နီသော အရောင်၏အဖြစ်ဖြင့် သွားတတ် ဖြစ်တတ် သော အနက်သဘောကြောင့် အရဏ်မည်၏"ဟု ဆိုလို၏။ ဤကား (၂)နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

၃။ "ထိုအရဏ်၏အဆင်းအရောင်သည် ဘယ်အရောင် ရှိပါသနည်း "ဟူသော ဤတတိယပုစ္ဆာ၌····မထင်မရှား နီသော အဆင်းအရောင်သည် (ဝါ)အနည်းငယ် နီသော အဆင်းအရောင်သည် ထိုအရဏ်၏ အဆင်းအရောင်ဖြစ် ပေ၏။ ထိုစကားမှန်၏။ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"အရုဏော ကိဉ္စိရတ္တောထ"ဟူ၍ မိန့်ဆိုအပ်၏။

"အနည်းငယ်နီသော အဆင်းအရောင်သည် အရဏ် မည်၏"ဟူ၍ မိန့်ဆိုအင်၏။

ထိုကျမ်း၏ အဖွင့်ဖြစ်သော အဘိဓာနပ္ပဒီပိကာဋီကာ ကျမ်း၌လည်း—

"ကိတ္တိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏော-နာမ၊ ယထာ မဇ္ဈသ အင်္ဂ"ဟူ၍ မိန့်ဆိုအပ်၏။

"ငါးကြင်း၏ မျက်စိသည် အနည်းငယ် နီသကဲ့သို့ ထိုအတူ အနည်းငယ်နီသော အဆင်းအရောင်သည် အရုဏ်မည်၏"ဟူ၍ မိန့်ဆိုအပ်၏။

**မှတ်ချက်။** ။ဤ၌ အနည်းငယ်နီသော အရောင် ဟုဆိုသည်မှာ ဟင်းသပဒါးနီ သန္တာနီ ကမ္ဗလာနီ နှင်းဆီပွင့်နီ စသော ရဲရဲနီသော အရောင်မျိုးမဟုတ် သောကြောင့်သာ အနည်းငယ်နီသော အရောင်ဟု ဆိုသည်။ ဖြော့တော့သော အဖြူပျက်ခါမျှ အနီနု ရောင်ကို ယူလို၍ ဆိုသည်မဟုတ်။ စင်စစ်အားဖြင့် အရှေ့အရပ်မျက်နှာမှ တက်လာသော တရွေ့ရွေ့ တိုးပွါးလာသော အရောင်တို့တွင် အနီဆုံးအရောင် ကိုပင် အရုဏ်ရောင်ဟူ၍ စွဲမြဲစွာ မှတ်သားအပ်၏။ ဇာတ်အဋ္ဌကထာနှင့် ဝိမတိဋီကာဆရာတို့၏ အဆိုကို သတိထား၍ မှတ်သားသင့်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

"ဝဍ္ဎနဃနရတ္တော ပဘာဝိသေသော"ဟူ၍ မိန့်ဆိုအပ်၏။ "တိုးပွါးလာသော ထူထဲသောအနီရောင် အထူးသည် အရုဏ်ရောင်မည်၏"ဟူ၍ မိန့်ဆိုအပ်၏။

ထို့ကြောင့် နေ၏ နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်၏။ ဖြူသောအရောင် အစရှိသည်သည် အရုဏ်ရောင်မမည် ဟူ၍ မှတ်အပ်၏။

ယင်းသို့ဖြစ်သည်ရှိသော် ပါတိမောက္ခဋ္ဌပနက္ခန္ဓက အဖွင့်ဖြစ်သော ဝိမတိဝိနောဒနီဋီကာ၌—

> "ပါဠိယံ ပန နန္ဒိမုခိယာတိ ဒြဒါတဂိဿာမုခ-တာယ တုဋ္ဌမုခိယာ"ဟူ၍ မိန့်ဆိုအပ်၏။

> "ပါဠိတော်၌ နန္ဒိမုခိယာဟူသည် ဖြူသောအရပ်မျက်နှာရှိသည်၏ အဖြစ်ကြောင့် နှစ်သက်ဖွယ်သောမျက်နှာကဲ့သို့ ရှိလတ်သော်"ဟူ၍ မိန့်ဆိုအပ်၏။

လိုရင်းစကားစပ်ကား—နေ၏ နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်၏။ ဖြူသောအရောင်စသည်သည် အရုဏ်ရောင်မမည်ဟု ဆိုသည်ရှိသော် "ဖြူသောအရပ်မျက်နှာ"ဟုဆိုသော ထို ဝိမတိဝိနောဒနီဋီကာဆရာ၏ စကားသည် အဘယ်သို့လျှင် သင့်မြတ်နိုင်ပါအံ့နည်း။ ဤကား မေးခွန်းတည်း။ ထိုစကားသည် မသင့်သည်မဟုတ် သင့်သည်သာလျှင်ဖြစ်၏။ ထိုစကားကို ချဲဦးအံ့····ထို ဝိမတိ-ဝိနောဒနီဋီကာဆရာ၏ စကား၌ အရုဏ်တက်ချိန်မှာ အရုဏ်ရောင်ကြောင့် ဖြူသောအရပ်မျက်နှာရှိသည်၏အဖြစ်ကို ဆိုအပ်၏။ အရုဏ်ရောင်ဖြူသည်၏ အဖြစ်ကို ဆိုအပ်သည်မဟုတ်။ ထိုစကားမှန်၏၊ ဥဒါနအဋ္ဌကထာ၌—

> "နန္ဒိမုခိယာ ရတ္တိယာတိ အရုဏာဿ ဥဂ္ဂတတ္တာ ဝေ အရုဏောဘာသ သူရိယာလောကူပဇီဝိနော သတ္တေ နန္ဒာပနမုခိယာ ရတ္တိယာ ဇာတာဘာယ ဝိဘာ-ယမာနာယာတိ အတ္ထော" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ "နန္ဒိမုခိယာ ရတ္တိယာ ဟူသည်ကား အရုဏ်တက်သည်၏အဖြစ်ကြောင့်သာလျှင် အရုဏ်

ရောင်ကို ရသဖြင့် နေရောင်ကိုမှီ၍ အသက်မွေးကုန်သော သတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာကဲ့သို့ ညဳ့အရောင်ဖြစ်လတ်သော် ထင်ထင်ရှားရှား ဖြစ်လတ်သော် ဤကား နန္ဒိမုခီယာ ရတ္တိယာ ဟူသော ပုဒ်တို့၏ အနက်ပင်တည်း” ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဇာတကအဋ္ဌကထာ၌လည်း—

“ဇိဃစ္ဆရတ္တိံ အရုဏာသ္မိမုဟတေ၊
ယာ ဒိဿတိ ဥတ္တမရူပဝဏ္ဏိနီ။
တထူပမာ မံ ပဋိဘာသိ ဒေဝတေ၊
အာစိက္ခ မေ တွံ ကတမာသိ အစ္ဆရာ”—

ဟူသော ဤဂါထာ၏အနက်ကို ဖွင့်ဆိုရာ၌—

“တဿ ဇိဃစ္ဆရတ္တိန္တိ ပစ္ဆိမရတ္တိံ ရတ္တိပရိယော-သာနေတိ အတ္ထော။ ဥဟာတေတိ အရုဏေ ဥဟတေ၊ ယာတိ ယာ ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမ-ရူပဓရာ ဟုတွာ ဒိဿတိ”ဟူ၍ ဖွင့်ဆိုအပ်၏။

“ထိုဂါထာ၌ ဇိဃစ္ဆရတ္တိံဟူသည် ညဉ့်အဆုံး၌ ဤကား အနက်ပင်တည်း။ ဥဟာတေ ဟူသည်ကား အရုဏ်တက်လတ်သော်။ ယာဟူသည်ကား အကြင် အရှေ့အရပ် မျက်နှာသည် အနီရောင်ရှိသည်၏အဖြစ်ဖြင့် မြတ်သောအဆင်းကိုဆောင်သည်ဖြစ်၍ မြင်ရ၏” ဟူ၍ ဖွင့်ဆိုအပ်၏။

(ဂါထာအနက်ကား) ဇိဃစ္ဆရတ္တိံ၊ ညဉ့်အဆုံး၌။ အရု-ဏာသ္မိံ၊ အရုဏ်သည်။ ဝါ၊ အနီရောင်သည်။ ဥဟတေ၊

တက်သည်ရှိသော်။ ယာ၊ အကြင် အရွှေအရပ်မျက်နှာသည်။ ဥဟ္မမရူပဝဏ္ဏိနီ၊ နီသောအဆင်းအရောင်ရှိသည်၏အဖြစ်ဖြင့် မြတ်သောအဆင်းကို ဆောင်သည်ဖြစ်၍။ ဒိဿတိ၊ မြင်ရ၏။ ဝါ၊ ထင်၏။ ဒေဝတေ၊ အိုနတ်သမီး။ တထူပမာ၊ ထိုနီသော အဆင်းအရောင်ရှိသော အရွှေအရပ်မျက်နှာနှင့် တူသော ဥပမာရှိသည်ဖြစ်၍။ မံ၊ ငါ့အား။ ဝါ၊ ငါ၌။ ပဋိဘာသိ၊ ဉာဏ်အထင်ဖြစ်၏။ တွံ၊ သင်သည်။ ကတမာ၊ အဘယ်အမည် ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ အသိ၊ ဖြစ်ပါသနည်း။ မေ၊ ငါ့အား။ အာစိက္ခ၊ ပြောကြားစမ်းပါလော။ (ဤကား "အာစိက္ခ မေ တွံ ကတမာသိ အစ္ဆရာ"ဟူသော ပါဠိအရှိကို အနက်ပေးခြင်းတည်း။ အကယ်၍ "အာစိက္ခ မေ တံ ကတမာသိ အစ္ဆရာ"ဟု ပါဠိရှိမူကား) ကတမာ၊ အဘယ်အမည်ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ အသိ၊ ဖြစ်ပါသနည်း။ တံ၊ ထိုမေးခွန်း စကားကို။ မေ၊ ငါ့အား။ အာစိက္ခ၊ ပြောကြားစမ်းပါလော။ ဤသို့အနက်ပေးလေ။

ဤသို့ဤပုံ ဆိုခဲ့ပြီးသော သာဓကစကားရပ်တို့ဖြင့် အရုဏ် တက်သော အချိန်၌ အရွှေအရပ်မျက်နှာ၏ အနီရောင်ရှိသည် ၏အဖြစ်ကို ဆိုအပ်၏။ ထို့ကြောင့် ထိုအရုဏ် တက်သော အချိန်၌ ထိုသို့သောအရုဏ်ရောင်တက်သည်၏အဖြစ်ကြောင့် အရွှေအရပ်မျက်နှာ နီသည်၏အဖြစ်ကိုငင်း, နေရောင်ပြန့်နှံ့ သည်၏ အဖြစ်ကြောင့် ကြွင်းကျန်သော အရပ်မျက်နှာတို့၏ ဖြူသည်၏အဖြစ်ကိုငင်း, သိအပ်၏။ ။ ဤကား (၃)နံပါတ် ပုစ္ဆာ၏အဖြေတည်း။

၄။ ထိုအရုဏ်၏ ပုံသဏ္ဍာန်သည် ဘယ်ပုံသဏ္ဍာန် ရှိပါ သနည်း"ဟူသော ဤစတုတ္ထပုစ္ဆာ၌ အရုဏ်အား အသိ

အခြားပုံသဏ္ဌာန်မည်သည် မရှိ။ အဘယ့်ကြောင့်နည်း။ အရောင်မျှသာ ဖြစ်သောကြောင့်တည်း။ အကြင်မျှလောက် အရပ်ကို ပြန့်နှံ့၏၊ ထိုမျှလောက် အရပ်သည် ထိုအရုဏ်၏ ပုံသဏ္ဌာန်ဟူ၍ မှတ်အပ်၏။

တနည်းကား။ ထိုအရုဏ်သည် အရှေ့အရပ်မျက်နှာ ပုံသဏ္ဌာန်ရှိ၏။ ထိုစကားမှန်၏။ ဇာတကအဋ္ဌကထာ၌—

"ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမရူပဓရော ဟုတွာ ဒိဿတိ"ဟူ၍ မိန့်ဆိုအပ်၏။ "အရှေ့အရပ် မျက်နှာသည် အနီရောင်ရှိသည်၏ အဖြစ်ဖြင့် မြတ်သော အဆင်းကို ဆောင်သည်ဖြစ်၍ မြင်ရ၏ ထင်ရ၏"ဟူ၍ မိန့်ဆိုအပ်၏။ ဤကား (၄)နံပါတ် ပုစ္ဆာ၏ အဖြေတည်း။

၅။ "ထိုအရုဏ်သည် ဘယ်အခါ၌ ဘယ်အရပ်၌ တက်ပါ သနည်း"ဟူသော ဤပဥ္စမပုစ္ဆာ၌ ဤအရုဏ်သည် နေထွက် သောအချိန်၏ ရှေးဖြစ်သောအခါ၌ (ဝါ)နေမထွက်သေးမီ အခါ၌,အရှေ့အရပ်မျက်နှာ၌ တက်၏။ ထိုစကားမှန်၏။ ဥဒါနအဋ္ဌကထာ၌—

"ဥဋ္ဌိတေ အရုဏေတိ ဥဂ္ဂတေ အရုဏေ၊ အရု- ဏော နာမ ပုရတ္ထိမဒိသာယံ သူရိယောဒယတော ပုရေတရမေဝ ဥဋ္ဌိတောဘာသော"ဟူသော ဤ စကားကို မိန့်ဆိုအပ်၏။

"ဥဋ္ဌိတေ အရုဏေ ဟူသည်ကား အရုဏ်တက် လတ်သော်။ အရုဏ်မည်သည်ကား အရှေ့အရပ် မျက်နှာ၌ နေထွက်လာသည်မှ ရှေးဦးစွာသာ

လျှင်တက်လာသော အရောင်ပင်တည်း” ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

အဘိဓာနပ္ပဒီပိကာကျမ်း၌လည်း—

“သူရုဿောဒယတော ပုဗ္ဗုဋ္ဌိတရံသိ” ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ “နေထွက်သည်မှ ရှေး (နေမထွက်သေးမီ) တက်လာသော အရောင်ပင် တည်း”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ဤကား (၅)နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

၆။ “ဤအရုဏ်သည် မျက်မြင်ဖြင့်သိအပ်သော တရားမျိုးလော, သို့မဟုတ် မှန်းဆခြင်းဖြင့် သိအပ်သောတရားမျိုးလော”ဟူသော ဤဆဋ္ဌပုစ္ဆာ၌ ဤအရုဏ်မည်သည်ကား မျက်မြင်ဖြင့်သိအပ်သော ပစ္စုပ္ပန်ရူပါရုံတရားသာလျှင်တည်း။ မှန်းဆခြင်းဖြင့် သိအပ်သောတရားမျိုး မဟုတ်ပါ။ အဘယ်ကြောင့် သိအပ်ပါသနည်း ဤသို့ အကယ်၍မေးမြန်းအံ့။ စက္ခုဝိညာဏ်၏ အာရုံဖြစ်သော အဆင်းအရောင်ရူပါရုံဖြစ်သောကြောင့်တည်း။ (ဤသို့ ဖြေဆိုရာ၏)။ “အက္ခဿ ပတိတိ ပစ္စက္ခံ” “မျက်စိ၏ရှေ့တည့်တည့်၌ ထင်လာသော ရူပါရုံတည်း ထို့ကြောင့် ပစ္စက္ခမည်၏” စက္ခုပသာဒနှင့် ရူပါရုံတို့၏ ရှေးရှုတိုက်ဆိုင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်၏။ ထို စကားမှန်၏။ မြတ်စွာဘုရားသည်—

“စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ” ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏။ “မျက်စိအကြည်ဓာတ်ကိုရင်း ရူပါရုံအဆင်းအရောင်

ကိုရင်း အစွဲပြု၍ စက္ခုဝိညာဏ်စိတ် (ဝါ) မြင်သိစိတ် ဖြစ်ပေါ်လာ၏”ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏။

ထို့ကြောင့် ဤ အရုဏ်အဆင်းအရောင်သည် မျက်စိဖြင့် မြင်၍ သိအပ်သောကြောင့် မျက်မြင်ဖြင့် ပြီးစီးသော တရားသာလျှင်(ဝါ)မျက်မြင်ဖြင့်သိအပ်သော တရားသာလျှင် ဖြစ်ပေ၏။ “ဤသို့ဖြစ်လျှင် ဤသို့ဖြစ်လောက်ရာ၏”ဟူ၍ မှန်းဆခြင်းဖြင့် အဖန်ဖန်ကြံစည်ခြင်းဖြင့် ပြီးစီးသော (ဝါ) သိအပ်သောတရားမျိုး မဟုတ်ပါ။ ဤကား (၆) နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

ဤအမေးအဖြေကို ကောင်းစွာနှလုံးသွင်း၍ ပညာရှိသော သူတို့သည် နီသောအရောင်ကိုသာလျှင် အရုဏ်ရောင်ဟူ၍ ယုံကြည်အပ်၏ ကောင်းစွာမှတ်သားအပ်၏။

အဘယ့်ကြောင့် ဤအရာ၌ အရုဏကထာကို ဆိုအပ်ပါသနည်း။ ဤကားမေးခွန်းတည်း။ ဤအရုဏကထာ၏ များစွာ အရာကျယ်သည်၏အဖြစ်ကြောင့် ဆိုအပ်၏။ ဤကား အဖြေတည်း။ ဘယ်ပုံဘယ်နည်း များစွာအရာကျယ်ပါသနည်း။ ချဲ၍ဖြေဆိုအံ့⋯⋯ဥပုသ်စောင့်သုံးကုန်သော ဥပါသကာ-ဥပါသိကာမတို့သည် အရုဏ်တက်သောအချိန်ကို မှန်ကန်စွာမသိကြကုန်သည်ဖြစ်၍ အရုဏ်မတက်သေးမီအချိန်၌ အရုဏ်တက်ပြီဟူသော အမှတ်သညာဖြင့် ခဲဘွယ်ဘောဇဉ်ကို စားကြကုန်၏၊ ပန်းနံ့သာစသည်တို့ကိုလည်း ဆောင်ကြကုန်၏။ ထို့ကြောင့် ထိုဥပါသကာ-ဥပါသိကာမတို့၏ သီလသည် ပျက်စီးခြင်းသို့ ရောက်၏။

ရှင်သာမဏေတို့သည် ထိုနည်းအတူပင် စားသင့်သော အခါမဟုတ်ရာ၌ ဘောဇဉ်ကိုစားကြကုန်၍ သီလပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

နိဿယည်းယူ၍ ကျင့်သုံးကုန်သော ရဟန်းတို့သည် နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာတို့နှင့် ကင်း၍ ဥပစာရသိမ် ခေါ်သော ကျောင်းဝန်းအရံ၏ ပြင်ပသို့သွားကြကုန်သည် ဖြစ်၍ နိဿယည်းငြိမ်းခြင်းသို့ ရောက်ကြကုန်၏။

ဝါဆိုကုန်သော ရဟန်းတို့သည် ဝါတွင်း၌ ဥပစာရသိမ်မှ ပြင်ပသို့သွားကြကုန်သည်ဖြစ်၍ ဝါကျိုး-ဝါပြတ်ခြင်းသို့ ရောက်ကြကုန်၏။

တိစီဝရိက်သက်န်းကို ဆောင်ကုန်သော ရဟန်းတို့သည် ကမ္မဝါစာဖြင့် မဖွဲ့အပ်သော အဗဒ္ဓသိမ်တွင်း၌ သင်္ကန်းနှင့် ကင်း၍နေကုန်သည်ဖြစ်၍ နိဿဂ္ဂိပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။ ထို့အတူ သတ္တဗ္ဘန္တရသိမ်၌လည်း နိဿဂ္ဂိပါစိတ် အာပတ်သို့ ရောက်ကြကုန်၏။

သဟသေယျလောက်ရာအရပ်၌ လူသာမဏေ မာတုဂါမတို့နှင့် အတူတကွ အိပ်ကြကုန်သည်ဖြစ်၍ သုဒ္ဓပါစိတ် အာပတ်သို့ ရောက်ကြကုန်၏။

ယာဝကာလိက အာဟာရကို စားသောက်ကုန်သော ရဟန်းတို့သည် ထို့အတူ သုဒ္ဓပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။

ပရိဝါသ် ကျင့်သုံးကုန်သော ရဟန်းတို့သည် ဝတ်ကို ချကုန်သည်ဖြစ်၍ ညဉ့်ပြတ်ခြင်းသို့ ရောက်ကြကုန်၏။

ဤသို့အစရှိသော များစွာသောအပြစ်တို့ကို ဖြစ်စေတတ်သောကြောင့် အာပတ်အပြစ်မှ ရှက်ကြောက်တတ်သော ရဟန်းသီလကို ချစ်မြတ်နိုးတတ်သော ရဟန်းတို့အား မှန်ကန်သောအားဖြင့် အရုဏ်တက်သောအချိန်ကို သိစေရန် အကျိုးငှါ ဤအရာ၌ အရုဏကထာကို ဆိုအပ်၏ဟူ၍ မှတ်အပ်၏။ ။ဤကား အရာကျယ်ပုံ အကျယ်ဖြေဆိုခြင်းတည်း။

**ပထမဝါဒ** အချို့သော ရဟန်းတို့သည်ကား ညဥ့်ထက်ဝက်သန်းခေါင်အခါ၌ နေရှိသည်ဖြစ်သောကြောင့် ညဥ့်ထက်ဝက်သန်းခေါင်အခါကို ကျော်လွန်လျှင် တပါးသော ရက်ဖြစ်၏။ (ရှေးရက်မှ နောက်ရက်သို့ပြောင်း၏)။ ထို့ကြောင့် ထိုသန်းခေါင်ကျော်အချိန်၌ အရုဏ်တက်သည် မည်တော့၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ညဥ့်ထက်ဝက်သန်းခေါင်အချိန်ကို ကျော်လွန်၍ ခဲဘွယ်ဘောဇဉ် စသည်တို့ကို စားကြကုန်၏၊ ထိုရဟန်းတို့သည်ကား မြတ်စွာဘုရား၏ အယူဝါဒကို မသိကြကုန်သည်ဖြစ်၍ ဗေဒင်ကျမ်း၏ အယူဝါဒကိုသာ နှလုံးသွင်းကြကုန်လျက် ဤသို့ပြုလုပ်ကြကုန်၏။ ထို့ကြောင့် ထိုရဟန်းတို့၏ ထိုသို့ပြုလုပ်ခြင်းသည် ပမာဏ မပြုလောက် အတိုင်းအတာ မပြုလောက်ပေ။

**ဒုတိယဝါဒ** များလှစွာကုန်သော ရဟန်းတို့သည်ကား အရုဏ်ကို မျက်စိဖြင့် မြင်အပ်သည်၏အဖြစ်ကို မသိကြကုန်သည်ဖြစ်၍ မှန်းဆသောအားဖြင့် ကြံစည်ခြင်းငှါလည်း မစွမ်းနိုင်ရကား တဆင့်ကြားရသည်၏ အစွမ်းဖြင့်သာလျှင် သူ့ဘပါးတို့၏စကားကို ယုံကြည်ကြကုန်လျက် "ငါတို့၏ဆရာတို့သည် အရုဏ်တက်သောအချိန်၌ အိပ်ရာမှ ထ၍ ခရီးသွားကြလျှင် နေထွက်သောအချိန်၌ နှစ်တိုင်ခေါ

တာနှစ်ထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏၊ သုံးတိုင်ခေါ် တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏"။ ဤသို့ ပြောဆိုကြကုန်၏။ "ဤမည်သော ကျောင်းမှ ဤမည်သောကျောင်းသို့, ဤမည်သောစေတီသို့, ဤမည်သောရွာသို့ ရောက်ကြကုန်၏"။ ဤသို့ စသော စကား တို့ကိုလည်း ပြောဆိုကြကုန်၏။ ဤသို့ဤပုံ တဆင့်ကြားရ သော စကားကိုသာ ပြောဆိုတတ်ကြကုန်၏။ ထိုစကား သည်လည်း ပမာဏ မပြုလောက် အတိုင်းအတာ မပြု လောက်ပါ။ အဘယ်ကြောင့်နည်း။ အဓွန့်ရှည်သော ခရီး မည်သည်ကား အားရှိခြင်း, လျင်မြန်ခြင်းနှင့် ပြည့်စုံသော သူအား ခရီးတို၏။ အားနည်း နှေးကွေးသောသူအား ခရီး ရှည်၏။ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည်—

"ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ"—

ဟူ၍ "အိပ်မပျော်ဘဲ နိုးနေသောသူအား ညဉ့်သည် အလွန်ရှည်၏။ နုံးနွေးသောသူအား တယူဇနာခရီး သည် အလွန်ရှည်၏။ သူတော်ကောင်းတရားကို မသိ ကုန်သော သူမိုက်တို့အား သံသရာသည် အလွန် ရှည်၏" ဟူ၍ ဟောတော်မူအပ်၏။

ထို့ကြောင့် အဓွန့်ရှည်ဝေးသော ခရီးမည်သည်ကား အလုံးစုံသော သူတို့အား တထပ်တည်း မတူနိုင်ပါ။ ထိုသို့ တထပ်တည်း မတူနိုင်သည်၏အဖြစ်ကြောင့် အရက်တက် ခြင်း၏ အမှတ်အသား လက္ခဏာ မဖြစ်နိုင်ပါ။ တဆင့်

ကြားရသော စကားကို ဆိုတတ်ကုန်သော ထိုအရှင်တို့သည် ကား ပိဋကတ်သုံးပုံမှ တစုံတခုသော သာဓကဖြစ်သော စကားကို မဆောင်နိုင်ကြကုန်။ သက်သေမရှိသော တရား တွေ့ခြင်း, တရားဆိုင်ပြင်းကဲ့သို့ မိမိတို့၏ အလိုအားလျော်စွာ သာလျှင် ပြောဆိုတတ်ကြကုန်၏။ ထို့ကြောင့် ပမာဏမဖြစ် အတိုင်းအတာ မဖြစ်လောက်ပေ။

**တတိယဝါဒ** တပါးတခြားသောရဟန်းတို့သည်ကား—

"အတီတရတ္တိယာ ယာမော၊
ပစ္ဆိမောနုမဇ္ဈ ဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊
တဒံ့ ဝါဠ တေဟျဟော"—

ဟူသော ကင်္ခာယနသာရကျမ်း၌ လာသော ဂါထာကို ဆို၍ လွန်ပြီးသော ညဥ့်၏ယာမ်(၃)ယာမ်တို့တွင် နောက်ဆုံး ယာမ်သည် ယနေ့၌အကျုံးဝင်၏။ ထို့ကြောင့် နောက်ဆုံး ယာမ်၏ အစမှစ၍ အရဏ်တက်သည်ဟု ဆိုကြကုန်၏။

(ဂါထာအနက်ကား) အတီတရတ္တိယာ၊ လွန်ပြီးသော အတိတ်ညဥ့်၏။ပစ္ဆိမော၊နောက်ဆုံးဖြစ်သော။ယာမော ဝါ၊ ယာမ်သည်ငှင်း။ အမဇ္ဈ၊ ဤနောက်ဆုံးယာမ်၏။ အနုံ ဝါ၊ ထက်ဝက်သည်ငှင်း။ ဘာဝိနိယာ၊ဖြစ်လတံ့သော အနာဂတ် ညဥ့်၏။ အာဒိပ္ပဟာရော ဝါ၊ အစပဟိုရ်သည်ငှင်း။တဒံ့ ဝါ၊ ထိုအစပဟိုရ်၏ ထက်ဝက်သည်ငှင်း။ (အတ္တိ၊ရှိ၏။)တေဟိ၊ ထိုဒိုင်းခြားအပ်သော အချိန်တို့ဖြင့်။ (လက္ခိတော၊ မှတ်အပ် သော။) အဟော၊ ရက်သည်။ အဋ္ဌ၊ အဋ္ဌမည်သည်။ ဝါ၊ ယနေ့ဖြစ်သည်။ (ဟောတိ၊ ဖြစ်၏။)

ဤ၀ါဒသည် အကြောင်းနှင့်တကွသိစေတတ်သည်၏အဖြစ်ကြောင့် ရှေး၀ါဒတို့ထက်အားရှိ၏ အားကောင်း၏။ ဤသို့ပင် အားရှိပါသော်လည်း မသင့်မလျော်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူကား ဤဂါထာသည် သာသနာပသဒ္ဒါကျမ်းဖြစ်သောဇင်္ဂဒါသမည်သောကျမ်း၌ ဆိုအပ်သောနည်းဖြင့် "အဋ္ဌ ဘ၀ါ အဋ္ဌတနံ"ဟူ၍ "ယနေ့ ဖြစ်သည်"ဟုဆိုအပ်သော ယနေ့အခေါ်ပညတ်၏ဖြစ်ရာ အချိန်အခါကိုပြခြင်းငှာဆိုအပ်၏။ ပိဋကတ်သုံးပုံ၌ ဆိုအပ်ဆိုထိုက်သောအရုဏ်တက်သော အချိန်အခါကို ပြခြင်းငှာဆိုသည် မဟုတ်ပါ။ ထို့ကြောင့် မြတ်စွာဘုရား၏ ပိဋကတ် အယူအဆဖြင့်ပြီးစေအပ် ထောက်ထားကူညီအပ်သော တပါးသောအရုဏ်တက်ချိန်ဟူသော စကားကို သာသနာပ သဒ္ဒါကျမ်းတည်းဟူသော တပါးသော အထောက်အထားသာကေစကားဖြင့်ကူညီ၍ဆိုသောကြောင့် မသင့်မလျော်သည်သာတည်း။

**စတုတ္ထ၀ါဒ** တပါး တခြားသော ရဟန်းတို့သည်ကား—

"ပဟာရော ယာမသညိတော-ပဟာရကို ယာမ်ဖြင့် မှတ်အပ်၏"ဟူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ ဆိုသောကြောင့်၎င်း, ပဟိုရ်ဟူသောစကား ယာမ်ဟူသောစကားတို့၏ အနက်သဘော တူသည်၏အဖြစ်ကြောင့်၎င်း, ထိုကျမ်း၌ပင် "တိယာမာ သံ၀ရီ ဘ၀ေ၊ တိယာမ-နှင့် သံ၀ရီသည် ညဉ့်ဟော အနက်အားဖြင့် အနက်တူဖြစ်၏"ဟု ဆိုသောကြောင့်၎င်း, တညဉ့်၌လည်း သုံးယာမ် ရှိသည်၏ အဖြစ်ကြောင့်၎င်း,ပါဠိတော်၌လည်း "အရှင်မြတ်ဘုရား ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ" ဤသို့ လာသောကြောင့်၎င်း,

ယခုအခါ၌ တညဉ့်လုံး၏ (၄)ပဟိုရ်တို့တွင် တတိယပဟိုရ်၏ အဆုံး၌ အရဏ်တက်၏။ ထို့ကြောင့် ကြွင်းကျန်သော (၁) ပဟိုရ်မျှသောအချိန်သည် နေ့အဘို့သို့ သက်ဝင်၏ ဟူ၍ ဆိုကြကုန်၏။ ဤစတုဗ္ဗဝါဒသည် တတိယဝါဒထက်လည်း အထူးသဖြင့် အားရှိ အားကောင်း၏။ အဘယ်ကြောင့်နည်းဟူမူကား သိစေတတ်သော အထောက်အကူ သက်သေသာဓကစကားသည် သိစေအပ်သော ပဟိုရ်-ယာမ် စသည်အား လျော်သည်၏ အဖြစ်ကြောင့်တည်း။ လိုစကား မှန်၏၊ မှန်ပုံကား —

"ပဟိုရ်ကို ယာမ်ဖြင့် မှတ်အပ်၏" ဟူသော ဤသိစေတတ်သော စကားသည် ပဟိုရ်ဟူသောစကား ယာမ်ဟူသော စကားတို့၏ အနက် သဘောခြင်းတူသည်၏ အဖြစ်အား လျော်၏။

"တိယာမ-နှင့် သံဝရီ-သည် ညဉ့်ဟောအနက်အားဖြင့် အနက်တူဖြစ်၏" ဟူသော ဤသိစေတတ်သော စကားသည် တညဉ့်လုံး၌ ယာမ်(၃)ယာမ်ရှိသည်၏ အဖြစ်အား လျော်၏။

"ပါဠိတော်၌လည်း အစရှိသော" ဤသိစေတတ်သော စကားသည်-တတိယပဟိုရ်၏အဆုံး၌ အရဏ်တက်ခြင်းအား လျော်၏။

ထိုသို့ပင်လျော်ပါသော်လည်း မသင့်သေးသည်သာလျှင် ဖြစ်ရပေ၏။

အဘယ်ကြောင့်နည်း၊ "ကြွင်းကျန်သော (၁) ပဟိုရ်မျှသော အချိန်သည် နေ့အဘို့သို့ သက်ဝင်၏" ဟူသော စကား၏

ဆန့်ကျင်နေသည်၏အဖြစ်ကြောင့်တည်း။ ထိုစကားကို ချဲ့ဦးအံ့····မဇ္ဈိမအရပ်၌ ရှေးမြန်မာနာရီအားဖြင့် ( ၁၀ ) နာရီအတိုင်းအရှည်ရှိသော အချိန်သည် (၁) ပဟိုရ် ဖြစ်သောကြောင့် တညဉ့်လုံး၌ (၃) ယာမ်သာ ဖြစ်ပေ၏၊ (၄) ယာမ် မဖြစ်ပေ။ ယခုအခါ အစွန်အဖျားဖြစ်သော မြန်မာနိုင်ငံစသော အရပ်တို့၌ မြန်မာနာရီ (၇)နာရီ (၈)နာရီမျှရှိသော အချိန်ကို (၁) ပဟိုရ်ပြုသောကြောင့် တညဉ့်လုံး၌ (၄) ယာမ်ဖြစ်ပေ၏။ ထိုသို့ပင် မြန်မာနိုင်ငံစသော အစွန်အဖျား အရပ်တို့၌ တညဉ့်လုံးမှာ (၄) ပဟိုရ်ရှိသော်လည်း မဇ္ဈိမအရပ်၌ကား (၃) ပဟိုရ်သာရှိသောကြောင့် မဇ္ဈိမအရပ်၏ ခေါ်ဝေါ်ပညတ် အမှတ်စကားကို ယူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ "တိယာမာ သံဝရီ ဘဝေ"ဟူ၍ တိယာမ-နှင့် သံဝရီ-သဒ္ဒါတို့၏ ညဉ့်ဟူသော အနက်အားဖြင့် အနက်တူဖြစ်ပုံကို မိန့်ဆိုအပ်၏။ ပါဠိတော်၌လည်း "နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓသ္တော အရုဏော"ဟူ၍ ညဉ့် (၃)ယာမ်တို့တွင် နောက်ဆုံးယာမ်၏ အဆုံး၌ အရုဏ်တက်သည်၏ အဖြစ်ကို မိန့်ဆိုအပ်၏။ ထို့ကြောင့် ညဉ့်အဆုံး၌သာလျှင် အရုဏ်တက်သည်ဟူ၍ မှတ်အပ်၏။ ထို့ကြောင့်သာလျှင် ဝိမတိဝိနောဒနီဋီကာ၌—

"တထာ ပါရိဝါသိကာဒီနမ္ပိ အရုဏံ အနုဋ္ဌာပေတွာ ဝတ္တံ နိက္ခိပန္တာနံ ရတ္တိစ္ဆေဒေါ ဝုတ္တော၊ ဥဂ္ဂတေ အရုဏေ နိက္ခိပိတွာ ဂန္တဗ္ဗန္တိ ဟိ ဝုတ္တန္တိ၊ သဟသေယျသိက္ခာပဒေပိ အနုပသမ္ပန္နေဟိ သဟ နိဝုတ္ထဘာဝမောစနတ္ထံ 'ပုရာရုဏာ နိက္ခမိတွာ'တိ ဝုတ္တံ။ ဧဝံ စီဝရဝိပ္ပဝါသာဒီသု စ သဗ္ဗရတ္တိပရိယောသာနေ

အာဂမနဝသေန အရုဏုဂ္ဂမနံ ဒဿိတံ၊ န အတိ-
တာရုဏဝသေန”ဟူ၍ မိန့်ဆိုအပ်၏။

ထို့အတူ (ထိုမှတပါး) ပရိဝါသ် ကျင့်သုံးသော ရဟန်းစသည်တို့အားလည်း အရုဏ်မတက်စေသေးမူ၍ (ဝါ) ညဥ့်မဆုံးသေးဘဲ ဝတ်ကိုချထားကုန်သည် ဖြစ်၍ ညဥ့်ပြတ်ခြင်းကို မိန့်ဆိုအပ်၏။ ထိုစကားမှန်၏၊ အရုဏ်ဘက်ပြီးလတ်သော်(ဝါ) ညဥ့်ကုန်ဆုံးပြီးလတ်သော် ဝတ်ကိုချ၍ သွားအပ်၏ ဟူ၍ မိန့်ဆိုအပ်၏။ သဟသေယျသိက္ခာပုဒ်၌လည်း လူသာမဏေတို့နှင့် အတူတကွ အိပ်နေသည်၏ အဖြစ်မှ လွတ်စေခြင်း အကျိုးငှါ “အရုဏ်မတက်သေးမီ ထွက်၍ (ဝါ)ညဥ့် မကုန်မဆုံးသေးမီ ထွက်၍”ဤသို့ အစရှိသောစကား ကို ဆိုအပ်၏။ ဤနည်းအတူ သက်န်းနှင့် ညဥ့်ကင်း၍ နေခြင်း အစရှိကုန်သော အသုံးစုံသော အရာတို့၌ လည်း ညဥ့်အဆုံး၌ ရောက်လတ့ံ တက်လတ့ံသော အရုဏ်၏အစွမ်းအားဖြင့် အရုဏ်တက်ခြင်းကို ပြအပ် ၏၊ လွန်ပြီးတက်ပြီးသော အရုဏ်၏အစွမ်းအားဖြင့် အရုဏ်ဘက်ခြင်းကို မပြအပ်”ဟူ၍ မိန့်ဆိုအပ်၏။

(အရုဏ်ဘက်၍ လွန်ပြီးသည့်နောက်၌ ညဥ့်အကြွင်းအကျန်ရှိသည်ကို မပြအပ်ဟု ဆိုလို၏။)

ဇာတကအဋ္ဌကထာ၌လည်း—

“ရတ္တိပရိယောသာနေတိ အတ္ထော”ဟူ၍ “ညဥ့် အဆုံး၌ အရုဏ်တက်သည်ဟူသော အနက်သဘော” ကိုပင် မိန့်ဆိုအပ်၏။

မဇ္ဈိမအရပ်တို့၌ ညဥ့်သက်သက်၌သာလျှင် (၃)ယာမ်ရှိသည် မဟုတ်သေး၊ စင်စစ်ကေန် အမှန်အားဖြင့် နေ့၌လည်း (၃) ယာမ်ပင် ရှိ၏။ ထို့ကြောင့်သာလျှင် အဋ္ဌသာလိနီအဋ္ဌ-ကထာ၌—

"သမ္မာသမ္ဗုဒ္ဓေါ အဘိဓမ္မဒေသနာပရိယော-သာနဥ္စ တေသံ ဘိက္ခူနံ သတ္တပ္ပကရဏာဉ္ဂဟဏာဥ္စ ဧကပ္ပဟာရေနေဝ ဟောတိ" ဟူ၍ "မြတ်စွာဘုရား၏ အဘိဓမ္မတရားတော်ကို ဟောတော်မူခြင်း အဆုံးနှင့် ထိုရဟန်းတို့၏ အဘိဓမ္မ (၇) ကျမ်းကို သင်ယူခြင်း အဆုံးသည် (၁) ပဟိုရ်တည်းသာဖြစ်၏"ဟူ၍ မိန့်ဆို အပ်၏။

မူလဋီကာ၌လည်း—

"ဧကပ္ပဟာရေနာတိ ဧတ္ထ ပဟာရောတိ ဒိဝသ-ဿ တတိယဘာဂေါ ဝုစ္စတိ"ဟူ၍ " (၁ )ပဟိုရ် တည်းဖြင့်ဟူသောစကား၌ ပဟိုရ်ဟူသည် တနေ့-လုံး၏ သုံးခုမြောက်အဘို့ကိုဆိုအပ်၏။"ဟူ၍ မိန့်ဆို အပ်၏။

ထို့ကြောင့် တညဥ့်တနေ့ နှစ်ရပ်ပေါင်း တရက်လုံး၌ (၆)ပဟိုရ်ဖြစ်၏ဟူ၍ သိအပ်၏။

ဤသို့ ဤပုံ ဆိုခဲ့ပြီးသော စကားတို့ကို ထောက်ဆ၍ မဇ္ဈိမအရပ်အပြောအဆို ဝေါဟာရအားဖြင့် တညဥ့်လုံး၌ (၃)ယာမ်ဟုဆိုအပ်သော (၃)ပဟိုရ်အဆုံး၌ ဖြစ်သော အလုံးစုံသောညဥ့်အဆုံး၌ တက်သောအရဏ်ကို ပစ္စန္တအရပ် အပြောအဆိုဝေါဟာရအားဖြင့် တညဥ့်လုံး၌ (၄)ပဟိုရ်-

တို့တွင် (၃)ပဟိုရ်၏အဆုံးဟု ယူဆ၍ (၁)ပဟိုရ်ကြွင်းကျန်နေသေးသော ညဉ့်အချိန်၌ပင် အရုဏ်တက်၏ဟု ဆိုသောကြောင့် ဤစတုတ္ထဝါဒသည်လည်း မသင့်သေးသည်သာလျှင် ဖြစ်၏ဟူ၍ မှတ်အပ်၏။

**ပဉ္စမဝါဒ** များလှစွာကုန်သော ပညာရှိတို့သည်ကား ခုဒ္ဒသိက္ခာနိဿယ၌ ဆိုအပ်သော—

သေတာရုဏာဥ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋံ။
တတိယံ တမ္ဗဝဏ္ဏာဥ၊ စတုတ္ထံ ဂဒြဘံမုခံ”—

ဟူသော ဤဂါထာကိုအမှီပြု၍ တညဉ့်တည်း၌ အရုဏ် (၄)ကြိမ်တက်၏ဟု ဆိုကြ၏။ ထိုဂါထာ၌—ရှေးဦးစွာဖြူသော အဆင်း အရောင် ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်းအဆင်းအရောင်ဖြစ်၏။ သုံးကြိမ်မြောက်၌ ကြေးနီ အဆင်းအရောင်ဖြစ်၏။ လေးကြိမ်မြောက်၌ မြည်း၏ခံတွင်း အဆင်းအရောင်ဖြစ်၏။ ဤသို့ဆိုကြကုန်၍ အနီရောင်မှ ရှေးဦးစွာ (ဝါ) အနီရောင်မလာသေးမီ ကုန်လွန်ခါနီးဖြစ်သော အတိတ်ညဉ့်၌ပင် ဝတ်ကိုချခြင်းအစရှိသောအမှုကို ပြုကြကုန်၏။ ထိုပညာရှိ ရဟန်းတို့၏ ထိုသို့ပြုခြင်းသည် မစူးစမ်းမဆင်ခြင်ပဲပြုသည်၏ အဖြစ်သို့ ရောက်၏။ ထိုစကားမှန်၏၊ ဤဂါထာသည် ပါဠိတော်၌လည်း မရှိ၊ အဋ္ဌကထာ၌လည်း မရှိ၊ ဋီကာတို့၌လည်း မရှိ၊ နိဿယသက်သက်၌သာ ရှိ၏။ နိဿယများစွာတို့တွင်လည်း ခုဒ္ဒသိက္ခာနိဿယ တဆောင်တည်း၌သာ ရှိ၏။ တပါးတခြားသော နိဿယတို့၌ မရှိ၊ ထိုတဆောင်တည်းသော ခုဒ္ဒသိက္ခာနိဿယ၌ လည်း ရှေ့စကား နောက်စကား အစပ်အဟပ် မရှိ၊ အကြောင်းအကျိုးစသော အဖြစ်လည်း မရှိ၊ လိင်စသည်ကို

ပိုင်းခြားမှတ်သားခြင်းလည်း မရှိ။ နိဿယကျမ်းကို ပြုသော ဆရာသည် ရေးသားခဲ့သော ဂါထာ မဖြစ်တန်ရာ၊ ဟုတ်ဟန် မရှိ၊ စင်စစ်ကောန်အမှန်အားဖြင့် နောက်အခါ၌ အချို့သော ပေစာရေးတို့သည် မိမိတို့၏ အလိုအားလျော်စွာ ရေးထား ခဲ့သောဂါထာ ဖြစ်တန်ရာ၏။ ထို့ကြောင့် ဤဂါထာကို အဘယ်ကျမ်း မှ ဆောင်ယူအပ်ပါသနည်း၊ ပါဠိတော်မှ ဆောင်ယူအပ်ပါသလော၊ သို့မဟုတ်အဋ္ဌကထာမှ ဆောင်ယူ အပ်ပါသလော၊ ဋီကာမှ ဆောင်ယူ အပ်ပါသလော၊ ဝိနည်း မှ ဆောင်ယူအပ်ပါသလော၊ သုတ္တန်မှ ဆောင်ယူအပ်ပါ-သလော၊ အဘိဓမ္မာမှ ဆောင်ယူအပ်ပါသလော၊ ဤသို့ ဤပုံ အစကိုမရှာမှီးမူ၍ နိဿယကျမ်း၌ မြင်ခါမျှကိုသာ အနှစ်-သာရအားဖြင့်ယူလျက် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မိန့်ဆို အပ်သော စကားကို မသိမှီးမူ၍ ပြုအပ်သည်၏အဖြစ်ကြောင့် မစူးစမ်း မဆင်ခြင်ပဲ ပြုသည်၏အဖြစ်သို့ ရောက်၏။

ထို ပါဠိ အဋ္ဌကထာ ဋီကာဟူသော စကားရပ်၌ ဤဆို လတ္တံ့ကား ပါဠိတော်ပင်တည်း—

“တေ န ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သီတာသု ဟေမန္တိကာသု ရတ္တီသု အန္တရဋ္ဌကာသု ဟိမပါတသမယေ ရတ္တိံ အဇ္ဈောကာသေ ကော-ပီနေ နိသိဒိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပဌမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ၊ ဒုတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ မဇ္ဈိမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ၊ တတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ **နိက္ခန္တေ ပစ္ဆိမေ**

**ယာမေ ဥဋ္ဌေဿ အရုဏော** နန္ဒိမုခိယာ ရတ္တိယာ သီတံ ဘဂဝန္တံ အဟောသိ၊ စတုတ္ထံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ"ဟူသော— ဤပါဠိသည် မဟာဝဂ္ဂစီဝရက္ခန္ဓကဌ် လာသော ဝိနည်းပါဠိတော်ဖြစ်ပေ၏။

"ထိုအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ချမ်းအေးသော ဆောင်းဥတုအခါတို့၌ တပို့တွဲနှင့် တပေါင်းလ အကြား ရှစ်ရက်ဖြစ်ကုန်သော ညဉ့်တို့တွင် ဆီးနှင်းကျသော ညဉ့်တည၌ လွင်ပြင်အရပ်၌ သင်းပိုင်တထည်တည်းဝတ်၍ ထိုင်နေတော်မူ၏။ မြတ်စွာဘုရားအား ချမ်းအေးခြင်းမဖြစ်ပေ။ ပထမယာမ်သည် ထွက်သွားလတ်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေ၏။ မြတ်စွာဘုရားသည် နှစ်ထည်မြောက် သင်္ကန်းကို ခြုံရုံတော်မူ၏။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ။ မဇ္ဈိမယာမ်သည် ထွက်သွားလတ်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေါ်လာပြန်ပြီ။ မြတ်စွာဘုရားသည် သုံးထည်မြောက် သင်္ကန်းကို ခြုံရုံတော်မူပြီ။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ။ **ပစ္ဆိမယာမ်သည် ထွက်သွားလတ်သော် အရုဏ်တက်လတ်သော် ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်** မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေါ်လာပြန်ပြီ။ မြတ်စွာဘုရားသည် လေးထည်မြောက်သင်္ကန်းကို ခြုံရုံတော်မူပြီ။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ"

ဤကား ပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်းတည်း။

"ပါဠိတော်၌ နန္ဒိမုခိယာဟူသည်ကား နှစ်သက်ဖွယ်သောမျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်၊ ကြည်လင်သောအရပ်မျက်နှာဖြစ်လတ်သော် ဤကားနန္ဒိမုခိယာဟူသော ပါဠိတော်၏ အနက်တည်း"

ဤကား ထိုပါဠိတော်၏ အဖွင့် ဝိမတိဝိနောဒနီဋီကာစကားများပင်တည်း။

"တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ၊ တေန ခေါ ပန သမယေန ဘဂဝါ တဒဟုပေါသထေ ဘိက္ခုသံဃပရိဝုတော နိသိန္နော ဟောတိ။ အထ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ နိက္ခန္တေ ပဌမေ ယာမေ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ····'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမော ယာမော၊ စိရနိသိန္နော ဘိက္ခုသံဃော။ ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခ'န္တိ။ ဧဝံ ဝုတ္တေ ဘဂဝါ တုဏှီ အဟောသိ။ ဒုတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ နိက္ခန္တေ မဇ္ဈိမေ ယာမေ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ····'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော မဇ္ဈိမော ယာမော၊ စိရ-

နိသိန္နော ဘိက္ခုသံဃော။ ဥဋ္ဌိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခံ’န္တိ။ ဒုတိယမ္ပိ ခေါ ဘဂဝါ တုဏှီ အဟောသိ။ တတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ **နိက္ခန္တေ ပဌမေ ယာမေ ဥဒ္ဓသ္တေ အရုဏေ** နန္ဒိမုခိယာ ရတ္တိယာ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ····‘အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ **နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓတ္ထံ အရုဏံ၊** နန္ဒိမုခိ ရတ္တိ၊ စိရနိသိန္နော ဘိက္ခုသံဃော။ ဥဋ္ဌိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခ’န္တိ။ အပရိသုဒ္ဓါ အာနန္ဒ ပရိသာ”ဟူသော—

ဤပါဠိတော်ကား စူဠဝဂ္ဂပါတိမောက္ခဋ္ဌပနက္ခန္ဓကဉ် လာသော တပါးသော ဝိနည်းပါဠိတော်ဖြစ်ပေ၏။

“ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော် ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ပြာသာဒ်၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပုသ် နေ့၌ ရဟန်းအပေါင်းခြံရံလျက် ထိုင်နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ညဉ့်ဦးယာမ် ကုန်လွန်လတ်သော် ညဉ့်ဦးပထမယာမ်သည် ထွက်သွားလတ်သော် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ (သပ္ပါယ်အောင်တင်၍) ဘုရားသခင်ရှိတော်မူရာ အရပ်သို့ လက်အုပ်ချီကာ ညွှတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤ

ဆိုလတ့်ံသော စကားအတိုင်း လျှောက်ထားလေပြီ။ ( လျှောက်ထားပုံကား ) အရှင်မြတ်ဘုရား ညဉ့်ဦးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်ဦးပထမယာမ်သည် ထွက်သွားပါပြီ၊ ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ။အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အား ပါတိမောက်ပြတော်မူပါဘုရား။ ဤသို့ လျှောက်ထားလေပြီ။ ဤသို့ လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဉ့်လယ် သန်းခေါင်ယာမ် ကုန်လွန်သွားလတ်သော် ညဉ့်လယ် ယာမ်သည် ထွက်သွားလတ်သော်နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ကိုယ်ဝတ်ကိုသင့်ပ်ါယ်အောင် တင်၍ ဘုရားသခင် ရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတံ့သော စကားအတိုင်း လျှောက်ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်မြတ်ဘုရား....ညဉ့်လယ် သန်းခေါင်ယာမ် ကုန်လွန်သွားပါပြီ၊ ညဉ့်အလယ် ယာမ် ထွက်သွားပါပြီ၊ ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ၊ အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အားပါတိမောက်ပြတော်မူပါဘုရား၊ ဤသို့လျှောက်ထားလေပြီ။ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း ဆိတ်ဆိတ်နေတော်မူ၏။

သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဉ့်အဆုံးယာမ် ကုန်လွန်သွားလတ်သော် ညဉ့်အဆုံးယာမ်သည် ထွက်သွားလတ်သော် အရဏ်တက်လတ်သော် ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို သပ္ပါယ်အောင်တင်၍ မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတ္တံ့သော စကားအတိုင်း လျှောက်ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်မြတ်ဘုရား ညဉ့်အဆုံးယာမ် ကုန်လွန်သွားပါပြီ၊ **ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ၊ ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိပါပြီ။** ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ၊ အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါဘုရား။ ဤသို့ လျှောက်ထားလေပြီ။ အို အာနန္ဒာ····ပရိသတ်သည် မစင်မကြယ် ဖြစ်နေပေ၏၊ ဤသို့ မိန့်တော်မူ၏။

ဤကား ပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်းတည်း။

"နန္ဒိမုခိယာ ရတ္တိယာ ဟူသည်ကား အရဏ်တက်သော အချိန်၌ နှစ်သက်ဖွယ်သော မျက်နှာကဲ့သို့ ညဉ့်သည် (ညဉ့်အရောင်သည်) ထင်ရ၏၊ ထို့ကြောင့် နန္ဒိမုခိယာဟူ၍ မိန့်ဆိုတော်မူပြီ။"

ဤသည်ကား တိုပါဠိတော်၏ အဖွင့်ဖြစ်သော သမန္တ-ပါသာဒိကအဋ္ဌကထာ စကားတည်း။

"အဘိက္ကန္တာ ဟူသည်ကား လွန်သွား ကုန်သွားခြင်းပင်တည်း။ ဥဒ္ဓသ္တေ အရုဏေ ဟူသည်ကား အနည်းငယ်နီသော ရောင်နီဦး တက်လတ်သော်။ နန္ဒိမုခိယာ ဟူသည်ကား နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်။"

ဤသည်ကား ထိုပါဠိတော်၏အဖွင့်ဖြစ်သော သာရတ္ထ-ဒီပနီဋီကာ စကားတည်း။

"ပါဠိတော်၌ နန္ဒိမုခိယာဟူသည်ကား ဖြူသောအရပ်မျက်နှာရှိသည်၏ အဖြစ်ကြောင့် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်။"

ဤသည်ကား ထိုပါဠိတော်၏ အဖွင့်ဖြစ်သော ဝိမတိ-ဝိနောဒနီဋီကာ စကားတည်း။

"တတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိ-က္ကန္တာယ ရတ္တိယာ နိက္ခန္တေ ပဌမေ ယာမေ ဥဒ္ဓသ္တေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ ဥဋ္ဌာယာသနာ ဧကံသံ စီဝရံ ကတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ····'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ **နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓသ္တော အရုဏော၊** နန္ဒိမုခီ ရတ္တိ၊ စိရနိသိန္နာ အာဂန္တုကာ ဘိက္ခူ၊ ပဋိသမ္မော-ဒတု ဘန္တေ ဘဂဝါ အာဂန္တုကေ ဘိက္ခူ။" ဟူသော—ဤပါဠိတော်ကား ဥဒါန်း၌လာသော သုတ္တန်ပါဠိတော်ဖြစ်ပေ၏။

"သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားလတ်သော် ညဉ့်အဆုံးယာမ်သည် ယွက်သွားလတ်သော် အရုဏ်တက်လတ်သော်ညဉ့်၏အဆင်း

အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ် ရုံသင်္ကန်းကို စမွယ်တင်၍ (သပ္ပါယ်အောင် တင်၍) မြတ်စွာ ဘုရားရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွှတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတ္တံ့သော စကားအတိုင်း လျှောက် ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်ဘုရား **ညဉ့် အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ် သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ၊** ညဉ့်၏ အဆင်း အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိနေ ပါပြီ။ အာဂန္တုကရဟန်းတို့သည် ထိုင်နေရတာ ကြာပါပြီ။ အရှင်ဘုရား ···ဘုန်းတော်သခင် အရှင်ဘုရားသည် အာဂန္တု ရဟန်းတို့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေတော်မူပါဘုရား၊ (ဝါ)ဝမ်းမြောက်ဖွယ်စကား မိန့်ကြားတော်ပါဘုရား၊ ဤသို့ လျှောက်ထားလေပြီ။”

ဤကား ဥဒါန်းပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်း တည်း။

“ဥဒ္ဒဿေ အရုဏေ ဟူသည်ကား အရုဏ်သည် တက်လတ် သော်။ အရုဏ်မည်သည်ကား အရှေ့အရပ်မျက်နှာ၌ နေတွက် လာသည်မှ ရှေးဦးစွာ (နေမထွက်သေးမီ) သာလျှင် တက် လာသော အရောင်ပင်တည်း။ နန္ဒိမုခိယာ ရတ္တိယာ ဟူသည် ကား အရုဏ်တက်သည်၏ အဖြစ်ကြောင့်သာလျှင် အရုဏ် ရောင်ကို ရသဖြင့် နေရောင်ကိုမှီ၍ အသက်မွေးကြကုန်သော သတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာအဆင်းကဲ့သို့သော ညဉ့်အရောင်သည် ဖြစ်ပေါ်လတ်သော် ထင်ထင်ရှားရှားဖြစ်

လတ်သော်၊ ဤကား နန္ဒိမုခိယာ ရတ္တိယာဟူသော ပုဒ်တို့၏ အနက်တည်း။”

ဤသည်ကား ထိုပါဠိတော်၏အဖွင့်ဖြစ်သော ဥဒါန်းအဋ္ဌကထာ စကားတည်း။

ဤသို့လျှင် ဤမျှလောက် ဝိနည်းသုတ္တန်တို့၌လာ ကုန်သော ပါဠိအဋ္ဌကထာဋီကာတို့တွင် တခုသောဌာန၌လည်း အရဏ် (၄)ကြိမ်တက်သည်ဟူ၍ အဆိုမရှိ၊ တကြိမ်မျှသာ တက်သည်ကိုသာ ဆိုအပ်၏၊ (၄)မျိုးအပြားရှိသော အဆင်းအရောင်နှင့် ပြည့်စုံသည်ဟူ၍လည်း အဆိုမရှိ၊ တခုတည်းသော အဆင်းအရောင်ရှိသည်ကိုသာ ဆိုအပ်၏၊ ဇာတ်အဋ္ဌကထာ၌လည်း အနီရောင်ကိုသာ ဆိုအပ်၏၊ အဖြူရောင်အစရှိသည်ကို မဆိုအပ်၊ နန္ဒိမုခိ ဟူသောပုဒ်၏ အဖွင့်ကိုလည်း သတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာအဆင်းကဲ့သို့သော အရပ်မျက်နှာရှိသော ညဉ့်ကိုသာ ဖွင့်ဆိုအပ်၏၊ အရဏ်ရောင်၏ ဇလပ်ပန်းနှင့်တူသော အဆင်းအရောင်ရှိသည်၏ အဖြစ်ကို မဆိုအပ်။ ထို့ကြောင့်“သတ္တေ နန္ဒာပနမုခိယာ ရတ္တိယာ”ဟူ၍ မိန့်ဆိုတော်မူ၏။

ဤသို့ဤပုံ အဘိဓာနပ္ပဒီပိကာကျမ်းလာစကားနှင့် ဆန့်ကျင်သောကြောင့်၎င်း, ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မနှီးနှော မညီညွတ်သောကြောင့်၎င်း, အားနည်းသော သာကေဖြစ်သောကြောင့်၎င်း ဤဥဒ္ဓမဝါဒသည်လည်း မသင့်မလျော်သည်သာတည်း၊ ဤသို့မှတ်အပ်၏။

**ဆဋ္ဌဝါဒ** ထို့ကြောင့် မြတ်စွာဘုရား၏ အာဏာတော်ကို မလွန်ကျူးလိုသော မကောင်းမှုမှ ရှက်တတ်သော ရဟန်းသည် အကယ်၍ တစုံတခုဖြင့်မဖုံးမကွယ်သော

ဟင်းလင်း ပွင့်ရာအရပ်၌ ဖြစ်ငြားအံ့၊ ငါးကြင်း၏ မျက်စိနှင့် တူသော အနည်းငယ်နီသော အရောင်ကိုထင်ရှားမြင်ရသော အချိန်မှစ၍ ဆောက်တည်ထားသောဝတ်ကို ချခြင်းစသော အမှုကိုပြုအပ်၏။

အကယ်၍ကား တောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ်ဖြစ်ငြားအံ့၊ ဟင်းလင်းပွင့်ရာအရပ်၌ ဖြစ်ပါမူကား အကြင်မျှလောက်အချိန်၌ အနီရောင်ထင်ရှား၏။ နေဝန်းကိုမြင်ရသော အခါမှ ရှေး၌ (၁) နာရီမျှဖြင့်ငင်း (၂) နာရီမျှဖြင့်ငင်း အနီရောင် ထင်ရှား၏။ ထိုမျှလောက်အချိန်ကို ကောင်းစွာမှတ်၍ ဤအချိန်၌ အရုဏ်တက်သည် ဖြစ်လောက်ရာ၏-ဟု ကြံဆလျက် ဝတ်ကိုချခြင်းစသော အမှုကို ပြုအပ်၏။

ယုံမှားသံသယကို အလိုမရှိသော ရဟန်းသည် ဆိုခဲ့သော အချိန်ထက်လည်း အနည်းငယ်အချိန်ကို စောင့်ဆိုင်းသည်းခံ၍ ယုံမှားသံသယ ကင်းလောက်သောအချိန်၌ ဝတ်ချခြင်းစသောအမှုကို ပြုအပ်၏။ ဤသို့ ပြုခြင်းသည်ကား အရုဏ်နှင့် စပ်လျဉ်းသောအမှုကို ပြုရာ၌ ကျင့်အပ်သော ကျင့်ဝတ်ပင်တည်း။

ဤဆဋ္ဌဝါဒသည်ကား ဆိုခဲ့ပြီးသော ကျမ်းဂန်စကားတို့နှင့်လည်း လွန်စွာနီးနှော ညီညွတ်၏။ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေသည် ရောနှော ညီညွတ်သကဲ့သို့ ထိုအတူ ညီညွတ်၏။ ထို့ကြောင့်ပညာရှိ ရဟန်းတော်တို့သည် အကြိမ်ကြိမ် အဖန်ဖန် ရှေ့စကားနောက်စကားကို မွေနှောက်သဖြင့် နှလုံးသွင်းအပ်၏။ ဤသို့နှလုံးသွင်း၍ အရုဏ်နှင့်စပ်လျဉ်းသော အရာဌာနတို့၌ သံသယကို ဖြတ်အပ်၏။ ယုံမှားသံသယကို ဖြတ်ပြီးလျှင် ရဲရင့်သော သဘောရှိသည်ဖြစ်၍

ထိုထိုအမှုကို ပြုအပ်၏။ ဤကား စကားတရပ် အဆုံးသတ်တည်း။

ဝိသုဒ္ဓဉ္ဉာဏ သီလဿ၊ ဘိက္ခုနံ ပိယသီလိနံ။
ကတာရုဏကထာ ဧသာ၊ န သာရမ္ဘာဒိကာရဏာ။

တသ္မာ သုဋ္ဌုပဓာရေတွာ၊ ယုတ္တံ ဂဏှန္တု သာဓဝေါ။
အယုတ္တဉ္စေ ဆဍ္ဍယန္တု၊ မာ ဟောန္တု ဒုမ္မနာဒယော။

ပိယသီလိနံ၊ သီလကိုချစ်ခင်တတ်ကုန်သော။ ဘိက္ခုနံ၊ ရဟန်းတော်တို့၏။ သီလဿ၊ ပါတိမောက္ခသံဝရသီလ၏။ ဝိသုဒ္ဓဉ္ဉာဏ၊ အထူးသဖြင့်စင်ကြယ်ခြင်းအကျိုးငှာ။ ဧသာ အရုဏကထာ၊ အရုဏ်တက်သော အချိန်နှင့် စပ်လျဉ်း၍ အရုဏ်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော ဤအရုဏ-ကထာကို။ ကတာ၊ ပြုအပ်စီရင်အပ်ပြီ။ သာရမ္ဘာဒိကာရဏာ၊ အုတ်အုတ်ကျက်ကျက် ဖြစ်စေလိုခြင်းစသော အကြောင်းကြောင့်။ ဝါ၊ချုတ်ချယ်လိုခြင်းစသော အကြောင်းကြောင့်။ န ကတာ၊ ပြုအပ်စီရင်အပ်သည် မဟုတ်။

တသ္မာ၊ထိုကြောင့်။သာဓဝေါ၊သူတော်ကောင်းတို့သည်။ သုဋ္ဌု၊ ကောင်းစွာ။ ဝါ၊ လွန်စွာ။ ဥပဓာရေတွာ၊ လေ့ကျက်မှတ်သား ဆောင်ထားတော်မူကြကုန်သည်ဖြစ်၍။ ယုတ္တံ၊ သင့်လျော်သည်ကို။ ဂဏှန္တု၊ ယူတော်မူကြပါကုန်လော။ အယုတ္တံ၊ မသင့်မလျော်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဆဍ္ဍယန္တု၊စွန့်ပယ်ကြကုန်လော။ ဒုမ္မနာဒယော၊ စိတ်နှလုံးပြစ်မှားခြင်းစသည်တို့သည်။ မာ ဟောန္တု၊ မဖြစ်ကြပါစေကုန်သတည်း။ ။

အရုဏ်စသည်ကိုဆိုသောအပိုင်း ပြီး၏။

## ၃-စိစစ်ဝေဘန်သောအပိုင်း

### ပထမဝါဒကိုစိစစ်ခြင်း

အရုဏ်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော ထိုအရုဏာ-ကထာ၌ ဝိနယာလင်္ကာရဋီကာဆရာသည် များလှစွာကုန်သော အမျိုးမျိုးသောဝါဒတို့ကို ပြအပ်ကုန်ပြီ။ ထိုဝါဒတို့တွင် "အချို့သော ရဟန်းတို့သည်ကား ညဉ့်ထက်ဝက်သန်းခေါင်အခါ၌နာရီသုညဖြစ်သောကြောင့် ညဉ့်ထက်ဝက်သန်းခေါင်အခါကိုကျော်လွန်လျှင် တပါးသောရက်ဖြစ်၏။ (ရှေးရက်မှနောက်ရက်သို့ပြောင်း၏။) ထို့ကြောင့် ထိုသန်း-ခေါင်ကျော်အချိန်၌ အရုဏ်တက်သည် မည်တော့၏-ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ညဉ့်ထက်ဝက် သန်းခေါင်အချိန်ကို ကျော်လွန်လျှင် ခဲဘွယ်ဘောဇဉ်စသည်တို့ကို စားကြကုန်၏။" ဤသို့ပြအပ်သောဝါဒသည် ပထမဝါဒဖြစ်ပေ၏။

ဤဝါဒ၌ ဤဆိုလတ္တံ့ကား ထိုရဟန်းတို့၏ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ မြန်မာနိုင်ငံတော်၌ မင်းမျိုးတို့၏ ရှေးခေတ်ဟောင်း နာရီအားဖြင့် တညဉ့်လုံး၌ လေးပဟိုရ်(၄)ပုံ (၄)စု ရှိကုန်၏။ထို့ကြောင့် ထိုလေးပဟိုရ်တို့တွင်(၂)ပဟိုရ်အချိန်ကို ကျော်လွန်သောအခါ၌အရုဏ်တက်၏။ဤကားအလိုတည်း။ ယခုခေတ်အခါ၌ စက်နာရီအနေအားဖြင့်ဝေဘန်လိုက်သော် ညဉ့်ထက်ဝက် သန်းခေါင် (၁၂)နာရီမှ ကျော်လွန်သော အခါ၌ အရုဏ်တက်သည်ဟု ဆိုထိုက်ပေ၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းပင်တည်း—

ပေဒင်ကျမ်း အယူဝါဒ၌ ညဉ့်ယက်ဝက် သန်းခေါင်မှ ကျော်လွန်သော အခါ၌ ရှေ့ရက်မှ နောက်ရက်သို့ ရောက်၏။ ရက်ဟောင်းမှ ရက်သစ်သို့ ရောက်၏ဟုလည်း ဆိုထိုက်၏။ နေ့ရက်ပြောင်းရွှေ့ခြင်းကို ပြု၏၊ ဤသို့လည်းဆိုထိုက်၏။

မြတ်စွာဘုရား၏ အယူဝါဒ၌ကား ညဉ့်အဆုံး၌ အရုဏ်တက်သည်၏အဖြစ်ကြောင့် အရုဏ်တက်သော အချိန်သည် ရှေးရက်ဟောင်း၏ အဆုံးပင်ဖြစ်၏။ ထိုအရုဏ်တက်သော အပိုင်းအခြားဖြင့်သာလျှင် ပရိဝါသ်ဆောက်တည်ကုန်သော ရဟန်းစသည်တို့သည် တရက်-နှစ်ရက်စသောအားဖြင့် ရက်-ရေတွက်ခြင်းကို ပြုကြကုန်၏၊ ညဉ့်ရေတွက်ခြင်းကို ပြုကြကုန်၏ ဟူ၍လည်း ဆိုထိုက်၏။ အဘယ့်ကြောင့်နည်း? ဤအရာ၌ ရက်ဟူသောစကား ညဉ့်ဟူသောစကားတို့၏ လိုအပ်သော အနက် သဘောအားဖြင့် တူသည်၏အဖြစ်ကြောင့်တည်း။ အရုဏ်တက်ပြီးသောအခါမှ နောက်အချိန်သည်ကား အသစ်ဖြစ်သောနေ့၏ အစပင် ဖြစ်ပေ၏၊ နေ့သစ်သို့ ရောက်၏, ရက်သစ်သို့ရောက်၏ဟူ၍လည်းဆိုထိုက်၏။ အဘယ်ကြောင့် နည်း? နေ့ဟူသောစကား ရက်ဟူသောစကားတို့၏ အနက် သဘောအားဖြင့် တူသည်၏အဖြစ်ကြောင့်တည်း။ ညဉ့်ထက် ဝက်သန်းခေါင်မှ ကျော်လွန်ပါသော်လည်း အရုဏ် မတက် သေးလျှင် အသစ်ဖြစ်သော နေ့ရက်သို့ မရောက်သေးပါ၊ နေ့ ရက်ဟောင်းသာ ဖြစ်နေသေး၏။ ထို့ကြောင့် ကဆုန်လပြည့် နေ့ ညဉ့်သန်းခေါင်ကျော် အရုဏ်မတက်သေးမီ အရုဏ်တက် ခါနီးအချိန်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာ ဘုရားကို "ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ဘုရား အဖြစ်သို့ရောက်တော်မူပြီ"ဟူ၍ များစွာသော ပညာရှိတို့ ဆို

ကြကုန်ပြီ၊ လပြည့်ကျော်တရက်နေ့၌ ဘုရားအဖြစ်သို့ ရောက်သည်ဟု မဆိုကြကုန်။ ထိုစကားမှန်၏၊ သမန္တပါသာဒိက-အဋ္ဌကထာ မဟာဝဂ် ဗောဓိကထာအဖွင့်၌——

"မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့ ညဥ့် ပထမယာမ်၌ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူ၏။ အလယ်သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခု အဘိညာဏ်ကို သုမ်သင်တော်မူ၏။ အဆုံးယာမ်၌ ပဋိစ္စ-သမုပ္ပါဒ် သဘောတရားကို အနုလုံပဋိလုံနှလုံးသွင်းပြီး၍ ယခုမကြာမီ အရဟတ်တော့အံ့ဟု ဆိုအပ်လတံ့သော ခဏ၌ သဗ္ဗညု၏အဖြစ်သို့ (ဝါ) ဘုရားအဖြစ်သို့ ရောက်တော်မူပြီ၊ ဘုရားအဖြစ်သို့ ရောက်ပြီးသည်၏ အခြားမဲ့၌ သာယျောင် အရဟတ်တက်လာပြီ"ဟူသော ဤစကားကိုမိန့်ဆိုတော်မူအပ်၏။

ထို့ပြင်လည်း ကဆုန်လပြည့်နေ့ ညဥ့်သန်းခေါင်ကျော် အရဟတ်မတက်သေးမီ အရဟတ်တက်ခါနီး အချိန်၌ပင်လျှင် ပရိနိဗ္ဗာနဓာတ်သို့ ဝင်စံတော်မူသော မြတ်စွာဘုရားကို "ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာနဓာတ်သို့ ရောက်တော်မူပြီ" ဟူ၍ များလှစွာကုန်သော ပညာရှိတို့သည် ဆိုကြကုန်ပြီ၊ လပြည့်ကျော် တရက်နေ့၌ ရောက်တော်မူသည်ဟူ၍ မဆိုကြကုန်။ ထိုစကားမှန်၏၊ သမန္တပါသာဒိက အဋ္ဌကထာ ဗာဟိရနိဒါန်း၌——

"ကဆုန်လပြည့်နေ့ မိုးသောက်မိုးလင်းချိန်၌ လူတို့၏ အားထား ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သော်"ဟူသော ဤစကားကို မိန့်ဆိုတော်မူအပ်၏။

ထို့ကြောင့် "အရုဏ်မတက်သေးသည်ရှိသော် အသစ်ဖြစ်သောနေ့ရက်သို့ မရောက်သေးပါ၊ နေ့ရက်ဟောင်းသာ ဖြစ်နေသေး၏"ဟူ၍ ရှေးကဆိုခဲ့ပြီ။

အကယ်၍ ညဉ့်ထက်ဝက် သန်းခေါင်ကျော်အချိန်၌ နေ့ရက်အသစ်သို့ရောက်ခဲ့ငြားအံ့၊ လပြည့်ကျော်တရက်နေ့၌ ဘုရားအဖြစ်သို့ရောက်တော်မူပြီ ဟူ၍ များစွာသော ပညာရှိတို့ ဆိုကုန်ရာ၏၊ ဤသို့ကား မဆိုကြကုန်။ ထို့ပြင်လည်း လပြည့်ကျော်တရက်နေ့၌ပင် ပရိနိဗ္ဗာနဓာတ်သို့ရောက်တော်မူလေပြီ ဟူ၍လည်း များစွာသော ပညာရှိတို့ ဆိုကုန်ရာ၏၊ ဤသို့လည်း မဆိုကြကုန်။ ထို့ကြောင့် ထိုလပြည့်နေ့ ညဉ့်သန်းခေါင်ကျော်အချိန်သည် လပြည့်နေ့သာ ဖြစ်နေသေး၏၊ လပြည့်ကျော်တရက်နေ့ မဟုတ်သေးဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့၊ မြတ်စွာဘုရား၏ အယူဝါဒ၌ မြတ်စွာဘုရား၏အလိုအားလျော်စွာ ဝိနည်းစသည်တို့၌ မိန့်ဆိုအပ်သောစကားကိုအမှီပြု၍ ညဉ့်အဆုံး၌ အရုဏ်တက်သောအချိန်ကို ပြုကြကုန်၏။ ဗေဒင်ကျမ်းအယူဝါဒ၌ကား ကျမ်းပြုဆရာတို့သည် မိမိတို့၏ အလိုအားလျော်စွာ ညဉ့်ထက်ဝက် သန်းခေါင်ကျော်အခါ၌ နေ့ရက်ပြောင်းလဲသော အချိန်ကို ပြုကြကုန်၏၊ မြတ်စွာဘုရား၏ အလိုအားလျော်စွာ အရုဏ်တက်ချိန်ကို ပြုကြသည်မဟုတ်။ ဤသို့ဤပုံ အယူဝါဒနှစ်မျိုးတို့၏ အချိန်အပိုင်းအခြားအားဖြင့် မတူသည်၏အဖြစ်ကြောင့် မြတ်စွာဘုရား၏ အယူဝါဒ၌ အကျုံးဝင်သော အရုဏ်တက်သောအချိန်ကို ဗေဒင်ကျမ်းအယူဝါဒ၌ လာသော နေ့ရက်ပြောင်းလဲသော အချိန်နှင့် တူသည်၏အဖြစ်ကို ပြုခြင်းငှါ မထိုက်။ ထို့ကြောင့် ဤပထမဝါဒသည် မြတ်စွာဘုရား၏

အယူဝါဒအားလျော်သော ဝါဒမဟုတ်၊ သင့်လည်းမသင့်၊ ပယ်အပ်သောဝါဒသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

## ဒုတိယဝါဒကိုစိစစ်ခြင်း

"များလှစွာကုန်သော ရဟန်းတို့သည်ကား အရဟတ်ကို မျက်စိဖြင့် မြင်အပ်သည်၏အဖြစ်ကို မသိကြကုန်သည်ဖြစ်၍ မှန်းဆသောအားဖြင့် ကြံစည်ရန်လည်း မစွမ်းနိုင်ရကား တဆင့် ကြားရသည်၏ အစွမ်းဖြင့်သာလျှင် သူတပါးတို့၏ စကားကို ယုံကြည်ကြကုန်လျက် 'ငါတို့၏ ဆရာတို့သည် အရဟတ်တက်သော အချိန်၌ အိပ်ရာမှထ၍ ခရီးသွားကြလျှင် နေထွက်သော အချိန်၌ နှစ်တိုင်ခေါ် တာနှစ်ထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏။ သုံးတိုင်ခေါ် တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏။' ဤသို့ ပြောဆိုကြကုန်၏။ 'ဤမည်သောကျောင်းမှ ဤမည်သော ကျောင်းသို့, ဤမည်သောစေတီသို့, ဤမည်သောရွာသို့ ရောက်ကြကုန်၏။' ဤသို့ စသောစကားတို့ကိုလည်း ပြောဆိုကြကုန်၏၊" ဤသို့ ပြအပ်သော ဝါဒသည် ဒုတိယဝါဒ ဖြစ်ပေ၏။

ဤဆိုလတံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ၌ လူတို့သည် အရွန့်ရှည်ဝေးသောခရီး၌ အတိုင်းအတာပြုသည်ရှိသော် အလိုရှိရာအရပ်မှစ၍ (၇)တောင်ရှိသောဒုတ်ဖြင့် အပြန်(၁၀၀၀)တထောင် တိုင်းတာလျက် ရောက်ရာအရပ်၌ ပထမဦးစွာတိုင်(၁)တိုင်ကိုစိုက်၍ အမှတ်အသား ပြုထားကြကုန်၏။ ထိုမှတဖန် ထိုနည်းအတိုင်းသာလျှင် အပြန် (၁၀၀၀) ဟထောင် တိုင်းတာလျက်

နှစ်ခုမြောက် ဖြစ်သော ဒုတိယတိုင်စိုက်၍ အမှတ်အသား ပြုထားကြကုန်၏။ ထိုမှတဖန် ထိုနည်းအတိုင်းပင် တိုင်းတာ လျက် သုံးခုမြောက်ဖြစ်သော တတိယတိုင်ကို စိုက်၍ အမှတ် အသား ပြုထားကြကုန်၏။ ဤနည်းအတူပင် စတုတ္ထ ပဥ္စမစသော တိုင်တို့ကိုလည်း စိုက်ကြကုန်၍ အမှတ်အသား ပြုထားကြကုန်၏။ ထို့ကြောင့် အလိုရှိရာ အရပ်မှ စ၍ ရေတွက်သည်ရှိသော် ပထမတိုင် တည်ရှိရာ အရပ်သည် တာ (၁၀၀၀) တထောင် အတိုင်းအရှည်ရှိ၏။ ဒုတိယ တိုင်တည်ရှိရာ အရပ်သည် တာ (၂၀၀၀) နှစ်ထောင် အတိုင်းအရှည်ရှိ၏။ တတိယတိုင် တည်ရှိရာ အရပ်သည် တာ(၃၀၀၀)သုံးထောင် အတိုင်းအရှည်ရှိ၏။ ဤနည်းအတူ စတုတ္ထပဥ္စမတိုင် တည်ရှိရာ အရပ်စသည်တို့သည် အစဉ် အတိုင်း တာ(၄၀၀၀) လေးထောင်, တာ(၅၀၀၀) ငါးထောင်စသော အတိုင်းအရှည်ရှိကြကုန်၏။

ရှေးလူတို့၏ ဤတာအတိုင်းအရှည်နှင့် အတူတကွ ဤတိုင် အတိုင်းအရှည်ကို အဆက်ဆက်အားဖြင့် သိကြကုန်သော အချို့လူတို့သည် ယခုခေတ်၌လည်း အချို့သောရွာနိဂုမ်းတို့၌ တရွာမှ တရွာသို့ ခရီးအဝေးအနီးကို မေးအပ်သောအခါ (၁)တိုင်ရှိ၏(၂)တိုင်ရှိ၏ (၃)တိုင်ရှိ၏ ဤသို့စသောစကား တို့ကို ဆိုကြကုန်၏။ ဤသို့ဤပုံ အဓွန့်ရှည်ဝေးသော ခရီး၏ တိုင်အတိုင်းအရှည်နှင့်တကွ တာအတိုင်းအရှည်ကို သိထား အပ်၏။ ထိုရဟန်းတို့သည်ကား ထိုကဲ့သို့သော တာအတိုင်း အရှည်ကို ရည်ရွယ်၍ "တာနှစ်ထောင်ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏, တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏" ဟူ၍ ဆိုကြကုန်၏။

ဆက်ဦးအံ့၊ ထိုရဟန်းတို့၏ အယူ၀ါဒ၌ နေထွက်သည်မှ ရှေး၌(နေမထွက်သေးမီ) ဤမျှလောက် ဝေးကွာ၍ ဤမျှလောက် နီးကပ်သောအချိန်၌ အရုဏ်တက်၏ — ဤသို့ကေန်အားဖြင့် အလိုရှိအပ် အလိုရှိလောက်သော အရုဏ်တက်ချိန်ကို သိရန် မစွမ်းနိုင်လောက်ပေ၊ ထို့ကြောင့် အနေကန်အားဖြင့်သာ ထိုရဟန်းတို့အလိုရှိလောက်သော ထိုအရုဏ်တက်ချိန်ကို သိရန် မှန်းဆသောနည်းဖြင့် ပြအပ်၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့ကား မှန်းဆသော နည်းတည်း—

ယခုခေတ်၌ အလတ်စားလျှင်မြန်ခြင်းရှိကုန်သော များစွာသော ယောက်ျားတို့သည် စက်နာရီအားဖြင့် (၁) နာရီရှိသောအချိန်၌(၁)တိုင်ခွဲခေါ် တာ(၁၅၀၀)တထောင်ငါးရာရှိသောအရပ်သို့ရောက်ကြကုန်၏။ (၂)နာရီရှိသောအချိန်၌ (၃)တိုင်ရှိသော အရပ်သို့ ရောက်ကြကုန်၏၊ တာ(၃၀၀၀) သုံးထောင် ရှိသောအရပ်သို့ ရောက်ကြကုန်၏ ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် "အရုဏ်တက်သောအချိန်၌ အိပ်ရာမှ ထ၍ ခရီးသွားကြလျှင် နေထွက်သောအချိန်၌တာနှစ်ထောင် ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏" ဟူသော ထိုရဟန်းတို့၏စကားကို ထောက်ဆ၍ ယခုခေတ် စက်နာရီအားဖြင့် မှန်းဆခြင်းကို ပြုလိုက်လျှင် နေထွက်သောအချိန်မှ ရှေး (နေမထွက်သေးမီ) (၁)နာရီခွဲမျှ ကွာဝေးသော အချိန်၌ အရုဏ်တက်သည်ဟု ဆိုလိုသော အဓိပ္ပါယ်ဖြစ်ပေါ်လာ၏။ ထို့ပြင် "တာသုံးထောင် ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏" ဟူသော ထိုရဟန်းတို့၏ စကားကို ထောက်ဆ၍ ထိုနည်းတူပင် မှန်းဆခြင်းကိုပြုလိုက်လျှင် နေထွက်သော

အချိန်မှ ရှေး ( နေမထွက်သေးမီ ) ၂-နာရီ ကွာဝေးသော အချိန်၌ အရဏ်တက်သည်ဟု ဆိုလိုသော အဓိပ္ပါယ်ဖြစ် ပေါ်လာ၏၊ ဤကား ထိုရဟန်းတို့၏ အလိုအဓိပ္ပါယ်တည်း။ ဤသို့ ဤပုံ မှန်းဆသောနည်းကို သိအပ်၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းတည်း—

ဆိုခဲ့သောနည်းအားဖြင့် နေထွက်သောအချိန်မှ ရှေး (နေမထွက်သေးမီ)စက်နာရီအားဖြင့် ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေးသော အချိန်မှာ အရှေ့အရပ်မျက်နှာဝယ် အနည်း ငယ်နီသော အရောင်ဟု ဆိုအပ်သော အရဏ်သည် မတက် သေးသည်သာတည်း။ အဘယ့်ကြောင့်နည်း ? မှန်းဆသော နည်းအားဖြင့် ဆိုခဲ့သောနေထွက်ချိန်မှ ရှေး ( နေမထွက် သေးမီ ) စက်နာရီအားဖြင့် ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေး သော ထိုအရဏ်တက်ချိန် နှစ်မျိုးလုံးသည်ပင် အလွန်စော သေး၏ အလွန်ရှေးကျသေး၏။ ထို့ကြောင့် နှစ်မျိုးပြားသော ဆိုခဲ့သော ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေးသောအချိန်၌ အရဏ်မတက်သေးသည်သာတည်း။ ထိုစကားမှန်၏၊ နေ ထွက်ချိန်မှ ရှေး ( နေမထွက်သေးမီ ) စက်နာရီအားဖြင့် ၁-နာရီခွဲခန့်မျှဖြစ်စေ, ၂-နာရီမျှဖြစ်စေ, ကွာဝေးခြင်း ရှိသော အရဏ်တက်ချိန် နှစ်မျိုးကို မှန်းဆလျက် ဆိုခဲ့ပြီ။ ထိုအချိန်နှစ်မျိုးလုံးပင် ညဉ့်အခါ၌သာလျှင် အကျုံးဝင်၏။ ညဉ့်အဆုံး၌ အကျုံးမဝင်ပေ၊ ထိုစကားကိုထင်ရှားစေဦးအံ့.... အကယ်၍ နေ့ညဉ့် အတိုင်းအရှည်တူညီသောလတို့၌ စက် နာရီအားဖြင့် ၆-နာရီအချိန်၌ နေထွက်ငြားအံ့၊ ထိုနေထွက် ချိန်မှ ရှေး ၄-နာရီအချိန်မှာ အရဏ်တက်သည် ဖြစ်ရာ၏။ နေ့ညဉ့်မတူသော တပါးသော လတို့၌ ၄-နာရီမှ ယုတ်သော

အချိန် လွန်သော အချိန်၌ အရုဏ်တက်သည် ဖြစ်ရာ၏။ ထို့ကြောင့် နှစ်မျိုးပြားသော ထိုအရုဏ်တက်ချိန်သည်ပင် ညဉ့်အခါ၌သာလျှင် အကျုံးဝင်နေပေ၏၊ ညဉ့်အဆုံး၌ အကျုံးမဝင်ပေ။ ဤအရုဏ်မည်သည်ကား ညဉ့်အဆုံးဖြစ်သော အချိန်၌သာလျှင် တက်၏။ ထိုစကားမှန်၏၊ ဥဒါန်းပါဠိတော်၌—

> "နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓဿ္တော အရု-
> ဏော"ဟူ၍ "ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊
> အရုဏ်တက်ပါပြီ"ဟူသော ဤစကားကိုမိန့်ဆိုအပ်ပြီ။

ထို့ကြောင့် ယခင်ဆိုခဲ့သော နှစ်မျိုးပြားသော အချိန်၌ အရုဏ်မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့၊ တစုံတယောက်သော သူသည် တဆင့်ကြားရသောစကားကို အမှိပြု၍ ညဉ့်အဆုံးသို့ မရောက်သေးသောအခါ၌ အရုဏ်တက်၏၊ ဤသို့ အကယ်၍ ဆိုငြားအံ့။ ညဉ့်အဆုံးသို့ မရောက်သေးသောအခါ၌ ဟက်လာသော အဆင်းအရောင်သည် အဖြူစသောအရောင်သာလျှင် ဖြစ်ပေ၏၊ အရုဏ်ရောင်မဟုတ်သေးဟူ၍ ပြောဆိုအပ်၏။ အရုဏ်မည်သည်ကား အနည်းငယ်နီသော အရောင်ဟု ခေါ်သော အနီရောင်ကြီးသာ ဖြစ်ပေ၏၊ အဖြူစသောအရောင်မဟုတ်ပါဟူ၍လည်း ပြောဆိုအပ်၏။ ထိုစကားမှန်၏၊ ဝိမတိဝိနောဒနီဋီကာကျမ်း၌—

> "အရုဏောတိ စေတ္ထ သူရိယုဂ္ဂမနဿ ပုရေစရော
> ဝဏ္ဏနဿနရတ္တော ပဘာဝိသေသောတိ ဒဋ္ဌဗ္ဗော"
> ဟူသော

"အရုဏောဒယဟူသော ဤပါဠိတော်၌ အရုဏ်ဟူသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သော တိုးပွါးလာသော ထူထဲသော အနီရောင်အထူးပင်တည်း၊ ဤသို့ မှတ်အပ်၏" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ယခင်ဆိုခဲ့သော အချိန်၌ အနီရောင်ကြီးဟု ဆိုအပ်သော အရုဏ်ရောင်သည် မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

ထိုမှတပါး အဝွန့်ရှည်ဝေးသောခရီးမည်သည်ကား အလုံးစုံသောသူတို့အား တထပ်တည်းမတူနိုင်။ ထိုစကားမှန်၏၊ အချို့သောယောကျ်ားတို့သည် လျင်မြန်စွာ သွားတတ်ကုန်၏။ အချိန်အနည်းငယ်မျှဖြင့် ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏၊ အချို့ယောကျ်ားတို့သည်ကား ဖြေးဖြေးသာသာ သွားတတ်ကုန်၏၊ ကြာရှည်သောအခါဖြင့် အနီးဖြစ်သော အရပ်သို့ရောက်ကြကုန်၏၊ ဝေးကွာသောအရပ်သို့ မရောက်ကြကုန်။ ထို့ကြောင့် အဝွန့်ရှည်ဝေးသော ခရီးသို့ရောက်သော အတိုင်းအရှည်ဖြင့် အရုဏ်တက်ခြင်း၏ အမှတ်လက္ခဏာပြုခြင်းငှါလည်း ကေန်အားဖြင့် အရုဏ်တက်သော အချိန်ကို ကောင်းစွာ မှတ်ခြင်းငှါလည်း မစွမ်းနိုင်ပါ၊ ထိုအကြောင်းကြောင့် "ကေန်အားဖြင့် အလိုရှိအပ် အလိုရှိလောက်သော အရုဏ်တက်ချိန်ကို သိရန် မစွမ်းနိုင်လောက်ပေ၊ ထို့ကြောင့် အနေကန်အားဖြင့်သာ ထိုရဟန်းတို့ အလိုရှိလောက်သော ထိုအရုဏ်တက်ချိန်ကိုသိရန် မှန်းဆသောနည်းဖြင့် ပြအပ်၏။" ဤသို့အစရှိသော စကားကို ရှေးကဆိုခဲ့ပြီ။

ဤသို့ဤပုံ အနေကန်အားဖြင့် ယခင်ဆိုခဲ့ပြီးသော မှန်းဆသောနည်းဖြင့် ပြအပ်သောအရဏ်တက်ချိန်သည်လည်း ညဥ့်အဆုံးဟုဆိုအပ်သော အရဏ်တက်ချိန် အစစ်အမှန်သို့ မသက်ဝင်ပေ၊ သက်ဝင်အောင် သွင်းခြင်းငှါလည်း မစွမ်းနိုင်သည်၏အဖြစ်ကြောင့်ရင်း, ကေန်အားဖြင့်လည်း အရဏ်တက်ချိန်ကို ကောင်းစွာမှတ်သားခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်ရင်း, ပိဋကတ်သုံးပုံမှ ဆောင်ယူအပ်သော တစုံတခုသော သာဓကနှင့် ကင်းသည်၏အဖြစ်ကြောင့်ရင်း, ဤဒုတိယဝါဒသည်လည်း အရဏ်တက်ခြင်းအား လျော်သော ဝါဒမဟုတ်၊မသင့်မလျော် ပယ်အပ်သော ဝါဒသာဖြစ်သည် ဟူ၍မှတ်အပ်၏။

## တတိယဝါဒကိုစိစစ်ခြင်း

တပါးတခြားသောရဟန်းတို့သည်ကား—

> "အတိတရတ္တိယာ ယာမော၊ ပစ္ဆိမောခုမယှသ ဝါ။
> ဘာဝိနိယာဒိပ္ပဟာရော၊ တဒနံ့ ဝါ ဇ္ဇ တေဟျဟော"

ဟူသော ကင်္ခာယနသာရကျမ်း၌လာသော ဂါထာကို ဆို၍ လွန်ပြီးသော ညဥ့်၏ ယာမ်(၃) ယာမ်တို့တွင် နောက်ဆုံး ယာမ်သည် ယနေ့၌ အကျုံးဝင်၏။ ထို့ကြောင့် နောက်ဆုံး ယာမ်၏ အစမှ စ၍ အရဏ်တက်သည်ဟု ဆိုကြကုန်၏။ ဤသို့ ပြအပ်သော ဝါဒသည် တတိယဝါဒဖြစ်ပေ၏။

ဤဆိုလတံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ နေကြကုန်သော လူတို့သည် တညဥ့်လုံး၌ ပဌမအဘို့ ဒုတိယအဘို့ တတိယ

အဘိုဟု (၃) ဘို့ပြု၍ အစဥ်အတိုင်း အစယာမ် အလယ်ယာမ် အဆုံးယာမ်ဟူ၍ အမည်သုံးခုတို့ကို ပြုကြကုန်၏။ ထိုယာမ်တို့တွင် အလယ်ယာမ်ကို လွန်သည်ရှိသော် အဆုံးယာမ်၏ အစ၌ အရုဏ်တက်၏။ ဤကား အလိုအဓိပ္ပါယ်တည်း။

ယခုခေတ်အခါ၌ကား သိလွယ်သော စက်နာရီအားဖြင့် ဤဆိုလတံ့သော ဝေဘန်နည်းကို သိထားအပ်၏။ ထိုစကားကို ချဲ၍ဦးအံ့····အကယ်၍ နေညဥ့်အတိုင်းအရှည် တူညီသောလတို့၌ (၆) နာရီအချိန်၌ နေဝင်ပြီးအံ့၊ ထိုနေဝင်ချိန်မှ နောက်၌ (၇) နာရီ (၈) နာရီ (၉) နာရီ (၁၀) နာရီ (၁၁) နာရီ (၁၂) နာရီ (၁) နာရီ (၂) နာရီ (၃) နာရီ (၄) နာရီ (၅) နာရီ (၆) နာရီ ဟူ၍ နာရီပေါင်း (၁၂) နာရီ အပြားရှိကုန်၏။

ဤ၌ (၇) နာရီဆိုသည်မှာ ထိုအချိန်၌ (၇) ချက်တီးခေါက်လျက် အသံကိုပြု၏၊ ထို့ကြောင့် (၇) နာရီဟု ဆိုအပ်၏၊ (၇) ခုမြောက်နာရီဟု မဆိုအပ်။ အဘယ့်ကြောင့်နည်း? သချာပြည့်မြောက်ကြောင်း အနက်မျိုး မပြဌာန်းသောကြောင့်တည်း။ (၈) နာရီစသည်တို့၌လည်း ဤနည်းကို ထိုက်သည်အားလျော်စွာသိအပ်၏။ ဤမှ ရှေးနောက်ဖြစ်ကုန်သော စက်နာရီနှင့်စပ်လျဉ်းသော အရာဌာနတို့၌လည်း ဤနည်းအတူသိအပ်၏။

ထိုနာရီတို့တွင် ၇-၈-၉-၁၀-ဤနာရီ (၄) မျိုးတို့သည် ယခင်ဆိုခဲ့သော ယာမ် (၃) ယာမ်တို့တွင် အစယာမ်၌ ဝင်ကုန်၏။ ၁၁-၁၂-၁-၂-ဤနာရီ (၄) မျိုးတို့သည် အလယ်ယာမ်၌ ဝင်ကုန်၏။ ၃-၄-၅-၆-ဤနာရီ (၄) မျိုးတို့သည်

အဆုံးယာမ်၌ ဝင်ကုန်၏။ ထိုယာမ် ထိုနာရီတို့တွင် အလယ်ယာမ်၏ အဆုံးဖြစ်သော (၂) နာရီမှ ကျော်လွန်သော အချိန်သည် နောက်ဆုံးယာမ်၏ အစဖြစ်တော့၏။ ထို့ကြောင့် ထို (၂) နာရီကို ကျော်လွန်၍ (၃) နာရီအတွင်း ချင်းနင်း ဝင်ရောက်စ အချိန်၌ အရဏ်တက်၏ဟူ၍ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိထားအပ်၏။

၍ဆိုလတ့ံကား စိစစ်ခြင်းတည်း—

ယင်းသို့ ဆိုခဲ့သော (၂)နာရီမှ ကျော်လွန်စ ဖြစ်သော အချိန်၌ အရဏ်မတက် သေးပေ။ အဘယ်ကြောင့်နည်း? ထိုအချိန်သည် ညဥ့်ထက်ဝက် သန်းခေါင်မှ မနီးမဝေး၌သာ ဖြစ်သေး၏၊ ညဥ့်အခါ၌သာ အကျုံးဝင်၏၊ ညဥ့်အဆုံး၌ အကျုံးမဝင်သေးပေ။ ညဥ့် အဆုံးသို့ မရောက်သေးသော အခါ၌ အရဏ်တက်သည်၏ အဖြစ်မျိုးကား မရှိထိုက်ပေ၊ ထို့ကြောင့် ယင်းသို့ ဆိုခဲ့သော (၂)နာရီ ကျော်စဖြစ်သော အချိန်မျိုး၌ အရဏ်မတက်သေးသည်သာလျှင်တည်း။ ထိုစကားမှန်၏၊ အရဏ်မည်သည်ကား အနည်းငယ်နီသော အရောင်ဖြစ်ပေ၏။

**မှတ်ဘွယ်အညွှန်း။** အနည်းငယ် နီသော အရောင်ဟုဆိုသော်လည်း တက်လာသော အရောင်ထဲတွင် အနီဆုံး အရောင်ကြီးကိုပင် ယူသင့်ကြောင်း ရှေးကဆိုခဲ့ပြီ။ ထို့ကြောင့် အနည်းငယ် နီသော အရောင်ဟုဆိုသော အရာတိုင်း၌ ၍နည်းအတူပင် သိအပ်၏။

ထိုကဲ့သို့ နီသောအရောင်သည် ညဥ့်၏အဆုံး၌သာလျှင် တက်၏၊ ယခင် ဆိုခဲ့သော (၂)နာရီကျော်စ အချိန်၌ကား

မတက်သေးပေ၊ ထိုအချိန်၌ အဖြူစသော အရောင်မျှ သည်လည်း မတက်သေးပေ၊ အနည်းငယ်နီသော အရောင် ကား အဘယ်မှာဆိုဘွယ်ရာရှိပါအံ့နည်း၊ မတက်သေးသည် သာတည်း။ အနည်းငယ်နီသော အရောင်မတက်သေးသည် ရှိသော် အရုဏ်တက်၏ဟု ဆိုခြင်းငှါလည်း မထိုက်ပါ။ ထို့ကြောင့် ယခင်ဆိုခဲ့သော(၂)နာရီကျော်စအချိန်၌ အရုဏ် မတက်သေးသည်သာဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့ .... ထိုရဟန်းတို့သည် သာဓကအဖြစ်ဖြင့် ဆိုအပ်သော ဂါထာသည် သာသနာပ သဒ္ဒါကျမ်းဖြစ်သော ဇာဂဒါသကျမ်း၌ ဆိုသောနည်းဖြင့်"ယနေ့ဖြစ်သည်"ဟူသော ယနေ့ဝေါဟာရစကား၏ဖြစ်ရာအခါကို ပြခြင်းငှါ ဆိုအပ်၏။ ပိဋကတ်သုံးပုံ၌ ဆိုအပ်သော အရုဏ်တက်ရာ အချိန်ကို ပြခြင်းငှါဆိုသည်မဟုတ်၊ ထို့ကြောင့် ပိဋကတ်သုံးပုံ၌ အကျုံး ဝင်သော အရုဏ်တက်ချိန်ဟူသော ပြီးစေအပ်သော သာဓျက တခြားဖြစ်၍ သာသနာပ သဒ္ဒါကျမ်း၌ လာသော "ယနေ့ ဖြစ်သည်" ဟူသော ဝေါဟာရတည်းဟူသော ပြီးစေ တတ်သော သာဓကက တခြား ဖြစ်နေတော့၏။

ဤသို့ ဤပုံ ပိဋကတ်သုံးပုံ၌အတွင်းဝင်သော တပါးသော အရုဏ်တက်ချိန်ကို သာသနာပ သဒ္ဒါကျမ်း၌ လာသော တပါးတခြားသော "ယနေ့ ဖြစ်သည်"ဟူသော ဝေါဟာရနှင့် တူသည်၏ အဖြစ်ကိုပြုခြင်းငှါ မစွမ်းနိုင်သောကြောင့်၎င်း, ဤဝါဒ၌ ဆိုအပ်သော ဂါထာအားလျော်စွာ ဝေဘန်၍ ယူအပ်သော အရုဏ်တက်ချိန်သည်လည်း ညဉ့်အခါ၌သာ အကျုံးဝင်သောကြောင့်၎င်း, ညဉ့်အဆုံး၌ အကျုံးမဝင်

သောကြောင့်၎င်း, ဤတတိယဝါဒသည်လည်း အရဏ်တက်ခြင်းအားလျော်သော ဝါဒမဟုတ်၊ ထို့ကြောင့် ပယ်အပ်ပယ်ထိုက်သော ဝါဒသာဖြစ်သည့်ဟူ၍ မှတ်အပ်၏။

## စတုတ္ထဝါဒကိုစိစစ်ခြင်း

တပါးတခြားသော ရဟန်းတို့သည်ကား "ပဟိုရ်ကိုယာမ်ဖြင့် မှတ်အပ်၏"ဟူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ဆိုသောကြောင့်၎င်း, ပဟာရသဒ္ဒါ ယာမသဒ္ဒါတို့၏ အနက်တူသည်၏အဖြစ်ကြောင့်၎င်း, ထိုကျမ်း၌ပင် "တိယာမ နှင့်သံဝရီသည် ညဉ့်ဟောအနက်အားဖြင့် အနက်တူဖြစ်၏"ဟုဆိုသောကြောင့်၎င်း, တညဉ့်၌လည်း သုံးယာမ်ရှိသည်၏အဖြစ်ကြောင့်၎င်း, ပါဠိတော်၌လည်း "အရှင်ဘုရား ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ်သည်ထွက်သွားပါပြီ၊ အရဏ်တက်ပါပြီ" ဤသို့လာသောကြောင့်၎င်း, ယခုအခါ၌တညဉ့်လုံး၏ (၄)ပဟိုရ်တို့တွင် တတိယပဟိုရ်၏အဆုံး၌ အရဏ်တက်၏။ ထို့ကြောင့် ကြွင်းကျန်သော (၁)ပဟိုရ် မျှလောက်သော အချိန်သည် နေ့အဘို့သို့ သက်ဝင်၏-ဟူ၍ ဆိုကြကုန်၏။ ဤသို့ ပြအပ်သော ဝါဒသည်စတုတ္ထဝါဒဖြစ်ပေ၏။

ဤဆိုလတ့ံကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ ဤမြန်မာနိုင်ငံတော်၌ အစိုးရသော မင်းတို့သည် တညဉ့်လုံး၌ပထမအဘို့ ဒုတိယအဘို့ တတိယအဘို့ စတုတ္ထအဘို့ဟူ၍ (၄)ဘို့ (၄)စုပြုကြ၍ အစဉ်အတိုင်း (၁)ပဟိုရ် (၂)ပဟိုရ် (၃)ပဟိုရ် (၄)ပဟိုရ်ဟူ၍ (၄)မျိုးပြားသော ပဟိုရ်တို့ကို ပြုကြကုန်၏၊ ပထမယာမ် ဒုတိယယာမ်

တတိယယာမ် စတုတ္ထယာမ် ဟူ၍လည်း ဆိုသင့်၏။ ထိုပဟိုရ် ထိုယာမ်တို့တွင် (၃) ပဟိုရ်ခေါ်သော တတိယယာမ်ဟုလည်း ခေါ်သင့်သော တတိယပဟိုရ်၏ အဆုံး၌ အရုဏ်တက်၏။ ဤကား ထိုရဟန်းတို့၏ လိုရင်းအဓိပ္ပါယ်တည်း။

ယခုခေတ်၌ကား သိလွယ်စေရန်အကျိုးငှါ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိအပ်၏။ ထိုစကားကိုရှုဦးအံ့···· အကယ်၍ နေ့ညဥ့်အတိုင်းအရှည် တူညီသောလတို့၌ ၆-နာရီအချိန်၌ နေဝင်ပြီးအံ့။ ထို နေဝင်ချိန်မှ နောက်၌ ၇-နာရီ ၈-နာရီ ၉-နာရီ ၁၀-နာရီ ၁၁-နာရီ ၁၂-နာရီ ၁-နာရီ ၂-နာရီ ၃-နာရီ ၄-နာရီ ၅-နာရီ ၆-နာရီ ဟူ၍ ၁၂-မျိုးပြားသော နာရီတို့သည် ဖြစ်ကုန်၏။ ထို နာရီတို့တွင် ၇-၈-၉-နာရီတို့သည် ယခင် ဆိုခဲ့သော ပဟိုရ်တို့တွင် တပဟိုရ်၌ ဝင်ကုန်၏။ ၁၀-၁၁-၁၂-နာရီတို့သည် (၂) ပဟိုရ်၌ ဝင်ကုန်၏။ ၁-၂-၃-နာရီတို့သည် (၃) ပဟိုရ်၌ ဝင်ကုန်၏။ ၄-၅-၆-နာရီတို့သည် (၄)ပဟိုရ်၌ ဝင်ကုန်၏။ ထိုပဟိုရ် ထိုနာရီတို့တွင် (၃)ပဟိုရ်ခေါ် တတိယပဟိုရ်၏ အဆုံးဖြစ်သော ၃-နာရီ အချိန်၌ အရုဏ်တက်၏။ ဤသို့ ဤပုံ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိအပ်၏။

ဤဆိုလတံ့ကား စိစစ်ခြင်းတည်း—

ယင်းသို့ ဆိုခဲ့သော ၃-နာရီအချိန်သည် ညဥ့်၌သာ အကျုံးဝင်၏၊ ညဥ့်အဆုံး၌ အကျုံးမဝင်၊ ဤအရုဏ်မည်သည်ကား ညဥ့်အဆုံး၌သာ တက်တတ်၏။ ထိုစကားမှန်၏၊ ဇာတ်အဋ္ဌကထာ၌—

---

၁-၆-နာရီအချိန်သည် နေထွက်သောအချိန် ဖြစ်ပေ၏။

"ဝိဿဇ္ဇရတ္တိန္တိ ပစ္ဆိမရတ္တိံ၊ ရတ္တိပရိယောသာနေတိ အတ္ထော။ ဥပာတေတိ အရုဏေ ဥဂ္ဂတေ" ဟူသော

"ဝိဿဇ္ဇရတ္တိံ" ဟူသည်ကား ညဉ့်အဆုံး၌၊ ဤကား ဝိဿဇ္ဇရတ္တိပုဒ်၏ အနက်တည်း။ ဥပာတေ-ဟူသည် အရုဏ်တက်လတ်သော်"ဟူသော

ဤစကားကို မိန့်ဆိုအပ်၏။

ဆက်ဦးအံ့····ညဉ့်အဆုံးသို့ မရောက်သေးသော အခါ၌ အရုဏ်တက်သော ထုံးစံမှတာ အရုဏ်တက်သောသဘော မရှိ။ ထို့ကြောင့် ယခင်ဆိုခဲ့သော ၃-နာရီအချိန်၌ အရုဏ် မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

စတုတ္ထဝါဒီဖြစ်သော ထိုရဟန်းတို့သည်ကား မဇ္ဈိမဒေသ၌ တညဉ့်လုံးမှာ ၃-ယာမ်တို့တွင် တတိယယာမ်၏ အဆုံးဖြစ်သော ညဉ့်အဆုံး၌ တက်သောအရုဏ်ကို ဤမြန်မာနိုင်ငံ၌ (၄)ယာမ်ဟုဆိုအပ်သော (၄)ပဟိုရ်တို့တွင် တတိယယာမ်ခေါ် တတိယပဟိုရ်၏ အဆုံးဖြစ်သော ညဉ့်အခါထဲ၌ ထည့်သွင်း၍ ထိုတတိယယာမ်ခေါ် တတိယပဟိုရ်၏ အဆုံးဖြစ်သော ညဉ့်အချိန်ထဲ၌ပင် အရုဏ်တက်၏ဟု ဆိုကြကုန်၏။ ကြွင်းကျန်သော (၁) ပဟိုရ်မျှရှိသော ညဉ့်အချိန်သည် နေ့အဘို့သို့ သက်ဝင်၏ ဟူ၍လည်း ဆိုကြကုန်၏။ ဤသို့ပင် ဆိုပါကုန်သော်လည်း တစုံတယောက်သော နတ်မြဟ္မာသည် တညဉ့်လုံး၌ (၃) ယာမ်တို့တွင် တတိယယာမ်၏ အဆုံး၌ ဖြစ်သောအရုဏ်တက်ချိန်ကို တညဉ့်လုံး၌ (၄) ယာမ်တို့တွင် တတိယယာမ်၏ အဆုံးဖြစ်သော ညဉ့်အချိန်နှင့် တူသည်၏

အဖြစ်ကို ပြုခြင်းငှါ မစွမ်းနိုင်။ အဘယ်ကြောင့်နည်း? ညဉ့်အချိန်ကြွင်းကျန်နေသေးသောအားဖြင့် အချိန် အပိုင်းအခြား မတူသည်၏ အဖြစ်ကြောင့်တည်း။ ထိုပြင်လည်း ညဉ့်၌သာ အကျုံးဝင်နေသော ကြွင်းကျန်သော (၁) ပဟိုရ်မျှသော အချိန်ကို နေ့အဘို့ပြုခြင်းငှါလည်း မစွမ်းနိုင်။ အဘယ်ကြောင့်နည်း? ညဉ့်၌ အကျုံးဝင်သောအချိန်သည် ညဉ့်အချိန်သာ ဖြစ်၏၊ နေ့အချိန်မဖြစ်နိုင် မဖြစ်သင့်ပေ။ ထို့ကြောင့် ဆိုခဲ့သောညဉ့်အချိန်ကို နေ့အဘို့ပြုခြင်းငှါ မစွမ်းနိုင်သည်သာ တည်း။

ဤသို့ ဤပုံ ယခင်ဆိုခဲ့သော အရုဏ်တက်ချိန်သည် ညဉ့်၌သာ အကျုံးဝင်သောကြောင့်၎င်း, ဆိုခဲ့သော ညဉ့်အချိန် အကြွင်းအကျန် ရှိနေသောကြောင့်၎င်း, ကြွင်းကျန်နေသော ညဉ့်အချိန်ကိုလည်း နေ့အဘို့ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့်၎င်း ဤစတုတ္ထဝါဒသည်လည်း အရုဏ်တက်ခြင်းအားလျော်သော ဝါဒမဟုတ်၊ မသင့်သော သဘောရှိသော ပယ်အပ်သောဝါဒသာလျှင်ဖြစ်သည် ဟူ၍ မှတ်အပ်၏။

## ပဉ္စမဝါဒကိုစိစစ်ခြင်း

များသောလွှစွာကုန်သော ပညာရှိတို့သည်ကား ခုဒ္ဒသိက္ခာနိဿယ၌ဆိုအပ်သော—

“သေတာရုဏာဒ္ဓ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋံ။
တတိယံ တမ္ဗဝဏ္ဏာဉ္စ၊ စတုတ္ထံ ဂဗ္ဘိဘံမုခံ။”

ဟူသောဤဂါထာကိုအမှီပြု၍ တညဉ့်တည်း၌ အရုဏ်(၄) ကြိမ်တက်၏ဟု ဆိုကြ၏။ ထိုဂါထာ၌····ရှေးဦးစွာ ဖြူသော အဆင်းအရောင် ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်းအဆင်း

အရောင်ဖြစ်၏။ သုံးကြိမ်မြောက်၌ ကြေးနီအဆင်းအရောင်ဖြစ်၏။ လေးကြိမ်မြောက်၌ မြည်း၏ခံတွင်း အဆင်းအရောင်ဖြစ်၏။ ဤသို့ဆိုကြကုန်၍ အနီရောင်မှ ရှေးဦးစွာ (ဝ၁) အနီရောင်မလာသေးမီ ကုန်လွန်ခါနီးဖြစ်သော အတိတ်ညဉ့်၌ပင် ဝတ်ကိုချခြင်း အစရှိသောအမှုကို ပြုကြကုန်၏။ ဤသို့ပြအပ်သောဝါဒသည် ပဉ္စမဝါဒ ဖြစ်ပေ၏။

ဤ ဆိုလတံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း— ရှေးဦးစွာ ဖြူသော အဆင်းအရောင်ရှိသော အရဏ်ရောင်ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်း အဆင်းအရောင်ရှိသော အရဏ်ရောင်တက်၏။ သုံးကြိမ်မြောက်၌ ကြေးနီအဆင်းအရောင်ရှိသော အရဏ်ရောင်တက်၏။ လေးကြိမ်မြောက်၌ မြည်း၏ ခံတွင်း အဆင်း အရောင် ရှိသော အရဏ်ရောင်တက်၏။ ဤကား ထိုရဟန်းတို့၏ လိုရင်းအဓိပ္ပါယ်တည်း။

ထိုဝါဒ၌ မြမ္မာမင်းတို့၏ ရှေးခေတ်ဟောင်း နာရီအားဖြင့်၎င်း, ယခုခေတ် စက်နာရီအားဖြင့်၎င်း, ဝေဘန်နည်းကို ပြုခြင်းငှါ မလွယ်ကူ မစွမ်းနိုင်ပါ။ အဘယ်ကြောင့်နည်း? အဆင်းအရောင်အားဖြင့်သာ ဆိုလျက် အချိန်အားဖြင့် မဆိုသောကြောင့်တည်း။

ဤဆိုလတံ့ကား စိစစ်ခြင်းတည်း—

ဤဂါထာကို ရေးသော ပုဂ္ဂိုလ်သည် ဖြူသောအဆင်းအရောင်ကို အရဏ်ရောင်ဟု တင်မှတ်၏။ ထို့ကြောင့် "သေတာရုဏာဒ္ဓ ပဌမံ" ဟူသော ဂါထာပါဒဖြင့် "ရှေးဦးစွာ ဖြူသော အဆင်းအရောင်ရှိသော အရဏ်ရောင် ဖြစ်၏" ဟူ၍ ဆို၏။ ဤသို့ပင် ဆိုပါသော်လည်း ဖြူသောအရောင်သည် ဖြူသော အရောင်ဟူသော အမည်ကိုရ၏၊ အရဏ်ရောင်

ဟူသော အမည်ကို မရနိုင်။ အဘယ်ကြောင့်နည်း? ဖြူသော အရောင်သည် ဖြူသောအရောင်သာဖြစ်၍ အနည်းငယ်နီသော အရောင် မဟုတ်သောကြောင့်တည်း။ အရုဏ်ရောင်မည်သည် ကား အနည်းငယ်နီသော အရောင် ဖြစ်ပေ၏။ ထိုစကား မှန်၏၊ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"အရုဏော ကိဉ္စိရတ္တော"ထ" "အနည်းငယ်နီသော အ ရောင်သည် အရုဏ်မည်၏"ဟူသော ဤစကားကို မိန့် ဆိုအပ်၏။

ထို၏အဖွင့်ဖြစ်သော အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌လည်း -

"ကိဉ္စိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏော နာမ၊ ယထာ မဏ္ဍူသ အက္ခိ"ဟူသော "ငါးကြင်း၏မျက်စိရောင် ကဲ့သို့ အနည်းငယ်နီသော မထင်ရှားသော အနီရောင် သည် အရုဏ်မည်၏"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

"ဝဍ္ဍနဃနရတ္တော ပဘာဝိသေသော" ဟူ၍ "တိုးပွါး လာသော ထူထဲသော အနီရောင်အထူးပင်တည်း"ဟူ သော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ဖြူသောအဆင်းအရောင်သည် အရုဏ်ရောင် မဟုတ်၊ ဤသို့မှတ်အပ်၏။ ဤသို့ဆိုခဲ့သောနည်းကို အစဉ်မှီး သဖြင့် ကြွင်းကျန်သော ဇလပ်ပန်းရောင် စသည်တို့ကိုလည်း အရုဏ်ရောင်မဟုတ်ကုန်ဟူ၍ မှတ်အပ်ကုန်၏။

ဆက်ဦးအံ့—ဤဂါထာသည် အဘယ်ကျမ်း၌ လာသ နည်း ဝိနည်း၌ရှင်း သုတ္တန်၌ရှင်း အဘိဓမ္မာ၌ရှင်၊ ပါဠိ တော်၌ရှင်း အဋ္ဌကထာ၌ရှင်း ဋီကာ၌ရှင်း လာသလော

ဟူ၍ မေးသည်ရှိသော် တစုံတယောက်သောသူသည် ဝိနည်း၌လာ၏ဟူ၍ ဆိုခြင်းငှါ မစွမ်းနိုင်။ ဤနည်းအတူပင် သုတ္တန်စသည်တို့၌ လာ၏ ဟူ၍လည်း ဆိုခြင်းငှါ မစွမ်းနိုင်။ တနည်းကား ဤဂါထာကို အဘယ်မထေရ်သည်, အဘယ်မထေရ်တို့သည်, အဘယ်သံဃာသည် အဆက်ဆက်အားဖြင့် ဆောင်ယူအပ်ပါသနည်း၊ ဤသို့မေးသည်ရှိသော် တစုံတယောက်သောသူသည်လည်း အဘယ်မထေရ်သည်,အဘယ်မထေရ်တို့သည်, အဘယ်သံဃာသည် အဆက်ဆက်အားဖြင့် ဆောင်ယူအပ်၏ ဟူ၍ ဆိုခြင်းငှါ မစွမ်းနိုင်။ အဘယ်ကြောင့် မစွမ်းနိုင်ပါသနည်း? အရင်းအစ မရှိသောကြောင့်တည်း။ ဤသို့ ဤပုံ ဤဂါထာ၏ အရင်းအစကို သိရန် ရှာမှီးခြင်းကို ပြုပါသော်လည်း တဆောင်တည်းသော ခုဒ္ဒသိက္ခာနိဿယကို ဖယ်ထား၍ တပါးသောအရင်းအစကို မမြင်ရ မတွေ့ရပေ။ ထိုကြောင့် ဤဂါထာကို အမှီပြု၍ဖြစ်ပေါ်လာသော ဤပဌမဝါဒသည်လည်း အခြေအမြစ်မရှိသဖြင့် အရဏ်တက်ခြင်းအားလျော်သော ဝါဒမဟုတ်၊ ပယ်အပ်သော ဝါဒသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

## ဆဋ္ဌဝါဒကို ထောက်ခံခြင်း

"မြတ်စွာဘုရား၏ ပညတ်အာဏာတော်ကို မလွန်ကျူးလိုသော မကောင်းမှုမှ ရှက်တတ်သောရဟန်းသည်" ဤသို့အစရှိသောစကားတို့ဖြင့် ပြအပ်သောဝါဒသည် ဝိနယာလင်္ကာရဋီကာဆရာ၏ ဝါဒဖြစ်ပေ၏၊ ဆဋ္ဌဝါဒဟူ၍လည်း ဆိုသင့်၏။

ဤဆိုလတ္တံ့ကား ဤဝါဒ၌ ပိဏ္ဍတ္ထအဓိပ္ပါယ်တည်း—

"အကယ်၍ တစုံတခုဖြင့် မဖုံးမကွယ်သော ဟင်းလင်းပွင့်ရာ အရပ်၌ဖြစ်ငြားအံ့၊ ငါကြင်း၏မျက်စိနှင့်တူသော အနည်းငယ်နီသောအရောင်ကို ထင်ရှားမြင်ရသော အချိန်မှစ၍ ဆောက်တည်ထားသောဝတ်ကို ချခြင်းစသော အမှုကို ပြုအပ်၏" ဟူသော စကားတို့ဖြင့် ပစ္စက္ခသိဒ္ဓဟုဆိုအပ်သော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်၍ သိအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။ ထို့ပြင်လည်း အနည်းငယ်နီသော အရောင်ဟုဆိုအပ်သော အရုဏ်ရောင်ကိုမြင်ရသော အချိန်သည်သာလျှင် အရုဏ်တက်ချိန်ဖြစ်ပေ၏ ဟူ၍ မျက်မြင်အားဖြင့် အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကိုလည်း ပြတော်မူ၏။

"အကယ်၍ကား တောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ် ဖြစ်ငြားအံ့၊ ဟင်းလင်းပွင့်ရာအရပ်၌ဖြစ်ပါမူကား အကြင်မျှလောက်အချိန်၌ အနီရောင်ထင်ရှား၏။ နေဝန်းကိုမြင်ရသော အခါမှ ရှေး၌ ၁-နာရီမျှအချိန်၌၎င်း ၂-နာရီမျှအချိန်၌၎င်း အနီရောင်ထင်ရှား၏။ ထိုမျှလောက်အချိန်ကို ကောင်းစွာမှတ်၍ ဤအချိန်၌ အရုဏ်တက်သည်ဖြစ်လောက်ရာ၏ ဟု ကြံဆလျက် ဝတ်ချခြင်းစသောအမှုကို ပြုအပ်၏" ဟူသော စကားတို့ဖြင့် ရှေးအခါ၌ အရုဏ်ရောင်ကို မျက်စိဖြင့်မြင်၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါ၌ ကြံဆလျက် အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ထိုစကားကို ချဲ့ဦးအံ့—

ရှေးအခါ မဖုံးမကွယ်ရာအရပ်၌ တက်သော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါဝယ် ဖုံးကွယ်ရာအရပ်တို့၌ ကြံဆ၍

အရုဏ်တက်ချိန်ကို သိအပ်သည့်၏အဖြစ်ကို ပြတော်မူ၏။ ထို့ပြင်လည်း ရှေးအခါ၀ယ် မဖုံးမကွယ်သော နေ့ရက်၌ တက်လာသော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့် မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါ ၀ယ် ဖုံးကွယ်သောနေ့ရက်တို့၌ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည့်၏အဖြစ်ကိုလည်း ပြတော်မူ၏။ ထို့ပြင်လည်း တလ-တလအတွင်း၌ဖြစ်စေ တပက္ခ-တပက္ခအတွင်း၌ဖြစ်စေ ရှေးအခါက ဘရက်ရက်မှာ တက်လာသော အနည်းငယ် နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါကြွင်းကျန်သော နေ့ရက်တို့၌ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည့်၏အဖြစ်ကိုလည်းပြတော်မူ၏။

ဤသို့ ဤပုံ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည့်၏ အဖြစ်ကြောင့်လည်း မမြဲသောအနက်ကို ထွန်းပြတတ်သော ၀ါသဒ္ဒါနှင့် ယှဉ်စပ်လျက် "ကေဃဋိကာမတ္တေန ၀ါ ဒွိဃ-ဋိကာမတ္တေန ၀ါ"ဟူ၍ "တနာရီမျှဖြင့်မူလည်း နှစ်နာရီမျှဖြင့် မူလည်း" ဟူသော စကားကို ဝိနယာလင်္ကာရဋီကာဆရာ သည် မိန့်ဆိုတော်မူ၏။

ကွယ်ဝှက်နေသည့်အချက်ကို ထုတ်ဖော်လျက် ဆိုဦးအံ့— ဤအရာ၌ ရှေးခေတ်ဟောင်း နာရီအားဖြင့် "ကေဃဋိကာ-တနာရီ"အစရှိသော စကားကို မိန့်ဆိုတော်မူသည်ဟူ၍ မှတ်အပ်၏၊ ယခုခေတ် စက်နာရီအားဖြင့် မိန့်ဆိုသည်ဟူ၍ မမှတ်အပ်။ အဘယ်ကြောင့်နည်း? ဝိနယာလင်္ကာရဋီကာ ကျမ်းပြုသောအချိန်၌ စက်နာရီကို သုံးဆောင်ခြင်း မရှိသေး

သောကြောင့်တည်း။ သုံးဆောင်ခြင်း မရှိသေးသည်၏ အဖြစ်သည် နောက်၌ ထင်ရှားလတ္တံ့။

"ယုံမှားသံသယကို အလိုမရှိသော ရဟန်းသည် ဆိုခဲ့သော တနာရီနှစ်နာရီအချိန်အောက်လည်း နောက်ထပ်အနည်းငယ် အချိန်ကို စောင့်ဆိုင်းသည်းခံ၍ ယုံမှားသံသယကင်းလောက်သောအချိန်၌ ဝတ်ချခြင်းစသော အမှုကို ပြုအပ်၏။ ဤသို့ ပြုခြင်းသည်ကား အရဏ်နှင့် စပ်လျဉ်းသောအမှုကို ပြုရာ၌ ကျင့်အပ်သော ကျင့်ဝတ်ပင်တည်း။" ဟူသော စကားတို့ဖြင့် ယခင်ဆိုခဲ့သော အချိန်၏ မမြဲသည်၏ အဖြစ်ကြောင့်လည်း ရှေးခေတ်ဟောင်းနာရီအားဖြင့် ထိုတနာရီနှစ်နာရီမျှ အချိန်အောက် နောက်ထပ် ယုတ်လျော့သော အချိန်၌ ဝတ်ချခြင်းစသောအမှုကို ပြုအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ဆက်၍ဆိုဦးအံ့....ဝိနည်းမည်သည်ကား ပေါ့သောအရာ လေးသောအရာ နှစ်မျိုးတို့တွင် လေးသောအရာ၌ တည်အပ်၏။ ထိုစကားမှန်၏၊ သမန္တပါသာဒိက အဋ္ဌကထာ ဒုတိယပါရာဇိကအဖွင့်၌—

> "ဝိနယဝိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ။ သော ဝိနယဓမ္မတာ" ဟူ၍ "ဝိနည်း အဆုံးအဖြတ် ပေါ်လာသည်ရှိသော် လေးသောအရာ၌ တည်အပ်၏။ ဤသို့တည်ခြင်းသည် ဝိနည်းကို အလေးပြုသော ရဟန်းတို့၏ ဓမ္မတာသဘောပင်တည်း" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် တနာရီမျှဖြင့်, နှစ်နာရီမျှဖြင့် ဟူ၍ ဆိုခဲ့သော နှစ်ပါးသော အရာတို့တွင် နှစ်နာရီမျှဟူသောအရာ၌

မတည်မူ၍ တနာ္ဂရီမျှဟူသောအရာ၌ တည်အပ်၏။ တည်ခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားကား ဤသို့တနာ္ဂရီအရာ၌ တည်သည့်ရှိသော် ပြုအပ်သော ထိုထိုအမှုသည် မချွတ်မယွင်းသော အကျိုး, ပြီးစီးအောင်မြင်သောအကျိုး, ပြည့်စုံသော အကျိုး, ယုံမှားသံသယကင်းသော အကျိုးကို ရရှိသည် ဖြစ်ပေ၏။ ထို့ကြောင့် နေထွက်သောအချိန်မှ ရှေး(နေမထွက်သေးမီ) မြမ္ဗာနာ္ဂရီ တနာ္ဂရီမျှအချိန်၌ အရုဏ်တက်သည်ဟု နှလုံးသွင်း၍အရုဏ်နှင့်စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။ ဤသို့ ဤပုံ ပြုအပ်သောအမှုသည် မချွတ်မယွင်းသော အမှုဖြစ်ပေ၏။ ထို့ကြောင့် ဤဆဋ္ဌဝါဒသည်-ကောင်းသော ဝါဒ, ထောက်ခံအပ်သောဝါဒ, အလိုရှိအပ်သောဝါဒဖြစ်ပေသည် ဟူ၍ မှတ်အပ်၏။

စိစစ်ဝေဘန်သောအပိုင်း ပြီး၏။

---

## ၄-အဆုံးအဖြတ် နှင့် သာဓကအပိုင်း

ယခင်ဆိုခဲ့ပြီးကုန်သော ဝါဒတို့တွင် ဝိနယာလင်္ကာရဋီကာဆရာသည်ဆိုအပ်သော ဆဋ္ဌဝါဒသည် ပါဠိအဋ္ဌကထာ ဋီကာတို့၌ လာကုန်သော ခိုင်မာသော သာဓကစကားတို့နှင့် နှီးနှောညီညွတ်၏၊ ထိုဝါဒ၌ အပြစ်မရှိ။ ထို့ကြောင့် ဝိနည်းကို လေးစားကုန်သော သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးကိုအလိုရှိကုန်သော မကောင်းမှုမှရှက်တတ်ကုန်သော သီလကို ချစ်ခင်တတ်ကုန်သော ရဟန်းတို့သည် အလိုရှိအပ်သော ဝါဒ, ယူအပ် ယူထိုက်သောဝါဒ ဖြစ်ပေ၏။ ဆက်ဦးအံ့....ထိုဝါဒ၌ ဋီကာဆရာသည် ရှေးခေတ်ဟောင်း မြမ္ဗာနာ္ဂရီကိုရည်ရွယ်၍ "တနာ္ဂရီမျှဖြင့်" ဟူသော စကားကိုဆိုသည်

ဟူ၍ မှတ်အပ်၏၊ ယခုခေတ်စက်နာရီကို ရည်ရွယ်၍ ဆိုသည် ဟူ၍ မမှတ်အပ်။ အဘယ်ကြောင့် ဤသို့သိအပ်ပါသနည်း၊ ဤသို့အကယ်၍ မေးငြား အံ့၊ ဝိနယာလင်္ကာရဋီကာကျမ်းကို ပြုသောအချိန်၌ မြန်မာနိုင်ငံမှာ စက်နာရီကို သုံးဆောင်ခြင်း မရှိသေးသောကြောင့် ဤသို့သိအပ်၏ ဟူ၍ ဖြေဆိုရာ၏။ ထို စကားကိုချဲဦးအံ့....ရှေးအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင် စံတော်မူသည်မှ စ၍ ရေတွက်အပ်သော နှစ်အားဖြင့် (၂၁၉၁) နှစ်ထောင့်တရာကိုးဆယ်တခုနှစ်, လူတို့၏အမှတ် သင်္ကေတဖြစ်သောကောဇာသကရာဇ်ဟုခေါ်သောနှစ်အား ဖြင့်(၁၀၀၉) တထောင်ကိုးခုနှစ်, မြန်မာနိုင်ငံ **"သာလွန်"** မင်းတရားကြီးအုပ်စိုးသောအချိန်၌ မုနိန္ဒဃောသတိပိဋကာလင်္ကာရဟူသော ဘွဲ့အမည်တော်ကို ရရှိတော်မူသော ဆရာတော်သည် ဝိနယာလင်္ကာရဋီကာအမည်ရှိသောကျမ်း ကြီးကို ပြုခဲ့စီရင်ခဲ့ပြီ။ ထိုအခါ၌ မင်းအစရှိသော အလုံး စုံသော သူတို့သည် ရေမြန်မာနာရီကိုသာ သုံးဆောင်ခြင်း ပြုကြကုန်၏၊ စက်နာရီကို သုံးဆောင်ခြင်းမပြုကြကုန်။ တဆင့် စကား ကြားရဘူးသည်ကား ထိုအချိန်မှနောက် အလွန်ကြာ မြင့်သော"မင်းတုန်းမင်း"အုပ်စိုးသောအချိန်၌ တိုင်းတပါးမှ ထိုစက်နာရီကို ရကြသတဲ့။ ဤသို့ပင် ရကြပါသော်လည်း များစွာသောလူတို့သည် ရေတွက်, မှတ်သား,နှစ်သက်သော အားဖြင့် သုံးဆောင်ခြင်း မပြုကြကုန်။ ထိုအချိန်မှနောက်၌ တိုင်းတပါးမှ လူမျိုးခြားမင်းတို့ အုပ်စိုးသောအချိန်ကျမှသာ များစွာသော လူရှင်ရဟန်းတို့သည် ရေတွက်, မှတ်သား, နှစ်သက်သောအားဖြင့် သုံးဆောင်ခြင်း ပြုကြကုန်ပြီ။ ထို အခါမှစ၍ ယနေ့တိုင်အောင် အလုံးစုံသော သူတို့သည် ရေတွက်ခြင်း စသောအားဖြင့် သုံးဆောင်ခြင်း ပြုကြကုန်၏။

ထို့ကြောင့် ဆိုခဲ့သော အဆက်ဆက်ကြားရသော စကားကို အမှီပြု၍ ထိုငွိကာကျမ်းပြုသောအချိန်၌ ရှေးခေတ်ဟောင်း မြန်မာနာရီကိုသာ ရည်ရွယ်၍ ဆိုသည်၏အဖြစ်ကိုငှင်း, ယခု ခေတ် စက်နာရီကို သုံးဆောင်ခြင်းမရှိသည်၏ အဖြစ်ကိုပင်း, သိအပ်၏။

ယခုခေတ်အခါ၌ကား အချို့သောရဟန်းတို့သည် ထို သဘောကို မသိကြကုန်သည်ဖြစ်၍ ကျမ်းဆရာ၏ "တနာရီမျှ ဖြင့်"ဟူသော စကားကို စက်နာရီအားဖြင့် ယူကြကုန်၏။ ထိုရဟန်းတို့၏ ယူပုံယူနည်းသည် သဒ္ဒါတခြား အနက်တခြား ဖြစ်နေ၏။ ချဲ့ဦးအံ့....ကျမ်းဆရာသည် ရှေးခေတ်ဟောင်း မြန်မာနာရီအားဖြင့်"တနာရီမျှဖြင့်"ဟူသောစကားကိုဆိုခဲ့၏။ ထိုစကား ထိုသဒ္ဒါ၏ အနက်ကိုယူကြကုန်သော ထိုရဟန်းတို့ သည် ယခုခေတ်စက်နာရီအားဖြင့် ယူကြကုန်၏။ ဤသို့လျှင် ထိုယူပုံ ယူနည်းသည် သဒ္ဒါတခြား အနက်တခြားဖြစ်နေ၏၊ သဒ္ဒါက တခြား လိုရင်းအဓိပ္ပါယ်က တခြား ဖြစ်နေသည်ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် နေထွက်သည်မှ ရှေး(နေ မထွက်သေးမီ) စက်နာရီအားဖြင့် တနာရီအချိန်၌ အရုဏ် တက်၏ဟူသော ကျမ်းဆရာသည် အလိုမရှိအပ်သောအရုဏ် တက်ချိန်သာ ဖြစ်နေတော့၏၊ နေမထွက်သေးမီ ရှေးမြန်မာ နာရီအားဖြင့် တနာရီအချိန်၌ အရုဏ်တတ်၏ဟူသော ကျမ်း ဆရာသည် အလိုရှိအပ်သော အရုဏ်တက်ချိန်ကား မဖြစ် သေးပေ။ ဆက်ဦးအံ့....ကျမ်းဆရာသည်ကား စင်စစ်စေကန် အမှန်အားဖြင့် နေထွက်သည်မှ ရှေး(နေမထွက်သေးမီ)ရှေး မြန်မာနာရီအားဖြင့် တနာရီမျှသောအချိန်ကိုသာ အရုဏ် တက်ချိန်ဟူ၍ အလိုရှိအပ်၏။ ဤသို့ထူးခြားစွာသိရာ၏။

ဤအရာ၌ ရှေးခေတ်ဟောင်း မြန်မာနာရီနှင့် ယခုခေတ် စက်နာရီတို့၏ တိုသောအချိန် ရှည်သောအချိန်အားဖြင့် အတိုင်းအရှည် အရေအတွက် အပိုင်းအခြား မတူသည်၏ အဖြစ်ကို သိအပ် သိထိုက်၏။ ထိုစကားကို ချဲ့ဦးအံ့....နေ့ညဉ့် အစုံဖြစ်သောတရက်၌ ရှေးမြန်မာနာရီအားဖြင့် နာရီပေါင်း (၆၀)ရှိကုန်၏။ စက်နာရီအားဖြင့် (၂၄)နာရီ ရှိကုန်၏။ ဤသို့ မတူသည်၏အဖြစ်ကို သိအပ်၏။ ထိုစကားကို ဥပမာ အားဖြင့် ထင်ရှားစေဦးအံ့....ဆန်တတင်း၌(၆၀)သောအတို အစုကိုပြု၍ငင်း, ထိုသို့သော ဆန်တတင်း၌ပင် (၂၄)ခုသော အတို အစုကိုပြု၍ငင်း, ထို(၆၀) အစုထဲမှ တတိုတစုသည် (၂၄)အစုထဲမှ တတိုတစုနှင့် အတူတကွ နှိုင်းယှဉ်ခြင်းကို ပြုလိုက်သော် အချင်းချင်းတူမျှသော အတိုင်းအရှည်မဖြစ်နိုင် သကဲ့သို့ ဤနည်းအတူပင် (၆၀)နာရီထဲမှ ရှေးမြန်မာတနာရီ အချိန်သည်(၂၄)နာရီထဲမှ စက်တနာရီအချိန်နှင့်အတူတကွ နှိုင်းယှဉ်ခြင်းကိုပြုလိုက်သော် အချင်းချင်း တူမျှသောအချိန် မဖြစ်နိုင်။ ထိုစကားမှန်၏၊ ရှေးမြန်မာတနာရီ အချိန်သည် တိုသော အတိုင်းအရှည် အပိုင်းအခြားရှိ၏။ ထို့ကြောင့် နေ့ညဉ့်အစုံတရက်၌ နာရီ(၆၀)အရေအတွက်အပိုင်းအခြား ရှိ၏။ စက်နာရီ တနာရီသည် ရှည်သော အတိုင်းအရှည် အပိုင်းအခြားရှိ၏။ ထို့ကြောင့် နေ့ညဉ့်အစုံတရက်၌ (၂၄) နာရီအရေအတွက် အပိုင်းအခြားရှိ၏။ ဤကဲ့သို့ ထိုမြန်မာနာရီ စက်နာရီတို့၏ တိုသောအချိန် ရှည်သောအချိန်အားဖြင့် အတိုင်းအရှည် အရေအတွက် အပိုင်းအခြား မတူသည်၏ အဖြစ်ကို သိအပ်၏။

## ဆုံးဖြတ်ချက်ချခြင်း

ဆက်ဦးအံ့····ယင်းသို့ ဆိုခဲ့သောနည်းဖြင့် ရှေးဟောင်း မြမ္မာနာရီ အချိန်၏ တိုသောအကိုင်းအရှည် ရှိသည်၏အဖြစ် ကြောင့် ရှေး မြမ္မာတနာရီ အချိန်သည် စက်နာရီ၏ နှစ်ဆယ့် လေးမိနစ်အချိန်နှင့်တူမျှသော အချိန်ရှိ၏။ထို့ကြောင့် နေထွက် သည်မှရှေး (နေမယှက်သေးမှီ) မြမ္မာနာရီအားဖြင့် တနာရီ အချိန်ဟု ဆိုအပ်သော စက်နာရီ၏ မိနစ်အတိုင်းအရှည် အားဖြင့် (၂၄) နှစ်ဆယ့်လေးမိနစ်အချိန်၌ အရဏ်တက်၏ ဟူ၍ အရဏ်တက်သော အချိန်ကို ဆုံးဖြတ်အပ်၏။ ဤအရဏ် တက်ချိန်ကို ဝိနယာလင်္ကာရဋီကာဆရာသည် အလိုရှိအပ် သော အရဏ်တက်ချိန်ဟူ၍ မှတ်အပ်၏။ ထိုစကားမှန်၏၊ မြမ္မာတနာရီနှင့် ညီမျှသော စက်နာရီ၏ (၂၄)မိနစ်ဟူသော ထိုအရဏ်တက်ချိန်ကို ဋီကာဆရာသည်သာလျှင် "ဧကဃ- ဋိကာမတ္တေန" ဟူသောစကားကို ဆို၍ ဆုံးဖြတ်အပ်၏။ ထို့ကြောင့် ထိုအချိန်ကိုသာလျှင် မချွတ်မယွင်းသော အရဏ် တက်ချိန်ဟူ၍လည်း ပညာရှိတို့သည် ထူးခြားစွာ သိအပ်၏။

ဋီကာဆရာသည်ကား ဤအဆုံးအဖြတ်ဖြင့် မိုးသောက် မိုးလင်းချိန်မှ ရှေး(မိုးမလင်းသေးမီ) ၌ အရဏ်တက်၏ဟု နှလုံးသွင်းကြကုန်သော များလှစွာကုန်သော ရဟန်းတို့၏ ချွတ်ယွင်းသော အရဏ်တက်ချိန်ကိုလည်း ပယ်ချလိုက်သည် သာတည်း၊ ပယ်ချသော သဘောရှိသည်သာဟူ၍လည်း ဆို သင့်၏။အဘယ့်ကြောင့်နည်း? ဋီကာဆရာသည် ဆုံးဖြတ်အပ် သော ဤအရဏ်တက်ချိန်သည် မိုးလင်းချိန်မှ ရှေး(မိုးမလင်း သေးမီ)၌ မဖြစ်မူ၍ မိုးလင်းပြီးသည်မှ နောက်၌သာလျှင် ဖြစ်သောကြောင့်တည်း။

ဆက်ဦးအံ့····မိုးလင်းပြီးသည်မှ နောက်၌ အရုဏ်တက်သည်၏အဖြစ်ကို ပြတတ်ကုန်သော ခိုင်မာသောသာဓကစကားတို့သည် နောက်၌ ထင်ရှားဖြစ်ကုန်လိမ့်လတံ့။ ဋီကာဆရာ၏ ဤအဆုံးအဖြတ်သည် ထိုဆိုလတံ့သော သာဓကစကားတို့နှင့်လည်း အတူတကွ နှီးနှောညီညွတ်၏။ ဥပမာဆောင်၍ ထင်ရှားအောင် ပြဦးအံ့····နွားမကြီး၏ နို့တိုင်မှဖြစ်သောနို့ရေသည် မြေကြီးမှုရင်း ကောင်းကင်မှုရင်း ဖြစ်သော ပကတိရေနှင့် အတူတကွ နှီးနှောညီညွတ် ရောနှောသည်၏အဖြစ်သို့ ရောက်သကဲ့သို့ ဤနည်း အတူပင်လျှင် ဋီကာဆရာ၏ ဉာဏ်မှဖြစ်သော ဤအဆုံးအဖြတ်သည် ဝိနည်းမှုရင်း သုတ္တန်မှုရင်း လာကုန်သော ထိုဆိုလတံ့သော သာဓကစကားတို့နှင့် အတူတကွနှီးနှောညီညွတ်၏၊ရောနှောသည်၏အဖြစ်သို့ ရောက်၏။ ထို့ကြောင့် ဝိနည်းကိုလည်း လေးစား သိက္ခာကိုလည်း အလိုရှိ မကောင်းမှုကိုလည်း ရှက်ကြောက် သီလကိုလည်း ချစ်တတ်ကုန်သော ရဟန်းတို့သည် ဝိနယာလင်္ကာရဋီကာဆရာ၏ အဆုံးအဖြတ်ဖြစ်သော ယခင်ဆိုခဲ့သော ထိုအရုဏ်တက်ချိန်ကိုသာလျှင် မချွတ်မယွင်းသော အရုဏ်တက်ချိန်ဟု နှလုံးသွင်း၍ အလိုလည်း ရှိအပ်၏၊ ယူလည်းယူထားအပ်၏။ ယူထားပြီး၍ အရုဏ်နှင့်စပ်လျဉ်းကုန်သော ဝတ်ချခြင်းစသော အမှုတို့ကို ပြုအပ်ကုန်၏။ အကျိုးတရားကား ဤသို့ ဤပုံ မချွတ်မယွင်းသော ထိုအရုဏ်တက်ချိန်၌ ပြုအပ်ကုန်သော ထိုအမှုတို့သည် မချွတ်မယွင်းသောအကျိုး ယုံမှားသံသယကင်းသောအကျိုး ရှိကုန်၏။

ထို့ပြင် ယခုခေတ်အခါ၌ များလှစွာကုန်သော ရဟန်းတို့သည် မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) ၌ ဖြူသော အရောင်တက်လာခြင်းကို အရုဏ်တက်သည်ဟူ၍ ချွတ်ယွင်းသောအားဖြင့် ထင်မှတ်ကြကုန်၏။ ထိုအချိန်၌ တက်လာသော အဖြူရောင်သည် အဖြူရောင်သာဖြစ်၏၊ အရုဏ်ရောင် မဟုတ်။ ထိုစကားမှန်၏၊ အရုဏ်ရောင်မည်သည်ကား အနည်းငယ်နီသော အရောင်သာဖြစ်ပေ၏၊အဖြူစသောအရောင် မဟုတ်၊ အနည်းငယ်နီသော အရောင်၏ အရုဏ်ရောင် မည်သည်၏ အဖြစ်ကို ရှေး၌ များစွာသော သာဓကစကားတို့ကို ထုတ်ပြ၍ ဆိုခဲ့ပြီ။

ဆက်ဦးအံ့····အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်သည် မိုးလင်းသည့်မှ ရှေး(မိုးမလင်းသေးမီ) အခါ၌ မတက်သေး။ အားကြီးလင်းသော မိုးလင်းချိန်မှ နောက်အခါ၌သာလျှင် တက်၏။ ထိုအချိန်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏အဖြစ်ကို မျက်မြင်အားဖြင့်လည်း သိအပ်၏။ ချဲ့ဦးအံ့ ···· ဤမြန်မာနိုင်ငံတော်၌ အလွန်ထင်ရှားကုန်သော တရားရှစ်ကွက်စက်လက္ခဏာတို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ ခြေတော်ရာ စေတီတော်နှစ်ဆူတို့သည် ထင်ရှား ရှိကြကုန်၏။ ထိုစေတီတော်တို့၏အနီးဖြစ်သော တခုသောတောင်၌ ဤစာရေးသူသည် ငါးလပတ်လုံး နေခဲ့ဘူး၏။ တရံတခါ(၇)ရက်ပတ်လုံး, တရံတခါ ငါးရက်ပတ်လုံး,တရံတခါ တရက်ပတ်လုံး နေခဲ့ဘူး၏။ ထိုသို့နေဘူးသောအခါ၌ အရုဏ်တက်သောအချိန်ကို စုံစမ်းရန်အကျိုငှါ အိပ်ရာမှ စောစောထ၍ အရှေ့အရပ်သို့ ညဉ့်တိုင်း ညဉ့်တိုင်းလိုပင် ကြည့်ရှုဘူးပါပြီ။ ဤသို့ ကြည့်ရှု

လတ်သော် မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) အခါ၌ မချွတ်မယွင်း မှန်ကန်သော အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်ရောင်ကို မမြင်ရပါ။ ချွတ်ယွင်း မမှန်ကန်သော အဖြူစသော အရောင်ကိုသာ မြင်ရပြီ။ ထိုမှတပါး အားကြီးလင်းသော မိုးလင်းချိန်မှ နောက်အခါ၌သာ မချွတ်မယွင်း မှန်ကန်သော အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်ရောင်အစစ်ကို မြင်ခဲ့ရဘူးပြီ။ ထိုတောင်၌ ထိုလတို့၌ ထိုညဉ့်တို့၌ ကြည့်ရှုဘူးသကဲ့သို့ ထို့အတူ တပါးသော အရပ်ဒေသ, တပါးသောလ, တပါးသောညဉ့်တို့၌ အဖန်ဖန် အကြိမ်များစွာ ကြည့်ရှုဘူးပါပြီ။ ဤနည်းမျိုးဖြင့် (၁)နှစ်အတွင်း၌ တပါးမက များလှစွာသော ညဉ့်တို့၌ ကြည့်ရှုဘူးပါပြီ။ ကြည့်ရှုဘူးသော ညဉ့်တို့၌လည်း အားကြီးလင်းသော မိုးလင်းချိန်မှ နောက်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင်ကို မြင်ခဲ့ရဘူးပါပြီ။ ဤသို့ ဤပုံ ထိုအားကြီးလင်းသော မိုးလင်းချိန်မှနောက်အခါ၌သာလျှင် အရုဏ်တက်သည်၏ အဖြစ်ကို မျက်မြင်အားဖြင့်လည်း သိအပ်၏။

ထိုမှတပါးကား ဝိနယာလင်္ကာရဋီကာဆရာ၏ အဆုံးအဖြတ်ဖြစ်သော ယခင်ဆိုခဲ့သော အရုဏ်တက်ချိန်သည် အားကြီးလင်းသော မိုးလင်းချိန်မှလည်း နောက်၌သာလျှင် ဖြစ်ပေ၏၊ ရှေး၌ မဖြစ်ပေ။ ထို့ကြောင့် ထိုအရုဏ်တက်ချိန် အဆုံးအဖြတ်ကို ဋီကာဆရာသည် ပြဆိုအပ်ပြီးသော သာဓကမှ ကြွင်းကျန်ကုန်သော မိုးလင်းချိန်မှနောက်၌ အရုဏ်တက်သည်၏အဖြစ်ကို ပြတတ်ကုန်သော ဆိုလတ္တံ့ကုန်သော သာဓကစကားတို့ဖြင့် ထောက်ပံ့အံ့၊ ထင်ရှားပေါ်လွင်

သည်၏အဖြစ် အလွန်နိုင်မသာသည်၏အဖြစ်သို့ ရောက်စေအံ့။ ဤစာကို ရေးသူသည်ကား ဋီကာဆရာ၏ အဆုံးအဖြတ် ဟောင်းကို ထောက်ပံ့လျက် ထင်ရှားပေါ်လွင်အောင် ပြု၍ အလွန်နိုင်ခဲ့သည်၏အဖြစ်ကို ပြုသောအားဖြင့် အဆုံး အဖြတ်ကိုပြုပါ၏။ ထိုစကားမှန်၏၊ အဟောင်းမှ တပါး သော အဆိုအမိန့်သစ်ကိုဂုဏ်း အယူဝါဒသစ်ကိုဂုဏ်း အရုဏ် တက်ချိန်သစ်ကိုဂုဏ်း အဆုံးအဖြတ်သစ်ကိုဂုဏ်း မပြုပါ။ ထို့ကြောင့် ဤအဆုံးအဖြတ်သည် ရှေးယခင် နှစ်ပေါင်း သုံးရာကျော်အခါကပင် ဆုံးဖြတ်အပ်ပြီးသော အဆုံးအဖြတ် ဟောင်းသာ ဖြစ်သည်ဟူ၍ ပညာရှိတို့ သိအပ်၏။

## သာဓကများကိုပြခြင်း

ယခုအခါ၌ "သာဓကစကားတို့သည် နောက်၌ထင်ရှား ဖြစ်ကုန်လိမ့်လတ္တံ့"ဟူ၍ဂုဏ်း, "ဆိုလတ္တံ့ကုန်သော သာဓက စကားတို့ဖြင့် ထောက်ပံ့အံ့"ဟူ၍ဂုဏ်း, အကြင်စကားကို ရှေးကဆိုခဲ့ပြီ၊ ထိုစကား၏ အခွင့်အခါသည် ရောက်လာပေ တော့၏။ ထို့ကြောင့် များစွာသော သာဓကထုတ်ပြခြင်းကို အားထုတ်အပ်၏။

ဤဆိုလတ္တံ့ကား များလှစွာကုန်သော ထိုသာဓကတို့တွင် ရှေးဦးစွာသော သာဓကကို ပြခြင်းတည်း—

သမန္တပါသာဒိက အဋ္ဌကထာ စူဠဝဂ္ဂ သမုစ္စယက္ခန္ဓက အဖွင့်၌—

"**ပစ္စူသသမယေ** စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ
သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော

အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍု-ပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗ-နု ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ၊ အဗ္ဘော-အရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ သစေ အဗျော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သေ တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဝေ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ အာရောစိတ-ကာလတော ပဋ္ဌာယ ကော ဘိက္ခု ဌပေတွာ သေ-သေယိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ၊ **အရုဏော ဥဋ္ဌိတေ** တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ” ဟူ၍—

“**မိုးလင်းသောအခါ၌** လေးပါး, ငါးပါးကုန်သော ရဟန်းတို့နှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိသောကျောင်း၏ အရံထိုက်ရာ အရပ်မှ ခဲနှစ်ခါပစ် ကျရာအရပ်ကို လွန်အောင်သွား၍ ခရီးလမ်းမကြီးမှ ဘေးသို့ ဖဲ၍ ချုံဖြင့်ဖုံး၊ စောင့်ရန်းဖြင့်ဖုံး ဖုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ အရုဏ်မတက်သေးမီ အချိန်အတွင်း၌သာလျှင် ဆိုခဲ့သော နည်းဖြင့် ဝတ်ကိုဆောက်တည်၍ ပြောကြားအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အချို့ရဟန်းသည် တစုံတခု ပြုဘွယ်ကိစ္စဖြင့် ထိုအရပ်သို့ လာငြားအံ့၊

အကယ်၍ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသောထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထို ရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကို ပြော ကြားအပ်၏။ မပြောကြားသော ရဟန်းအား ဒုဋ္ဌ လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့် ၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာတွင်းသို့ သက်ဝင်ပြီး၍ မသိစဉ်သာလျှင် သွားငြားအံ့။ ညဥ့် ပြတ်ခြင်းဖြစ်သည်သာ၊ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်ကား မရှိ၊ ဝတ်ကို ပြောကြားပြီးသောအခါမှ စ၍ ရဟန်း တပါးကို ချန်ထားခဲ့လျက် ကြွင်းသောရဟန်းတို့သည် ပြုဘွယ်ကိစ္စရှိလတ်သော် (မာနတ်ကျင့်သော ရဟန်း မသိအောင်) ပြန်သွားခြင်းငှါအပ်၏။ **အရှက်တက် လတ်သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာစကားရပ်၌ “ ပစ္စူသသမယေ ” ဟူသည် ကား မြင်ရလောက်အောင် ထွန်းလင်းတောက်ပစွာ မိုး လင်းသောအခါ, မြင်ရလောက်အောင် အထူးထွန်းလင်း တောက်ပစွာ မိုးလင်းသောအခါ, ထိုထိုအမှုကို ပြုခြင်းငှါ ခံ့လောက်အောင် ရေတွက်လောက်အောင် မိုးလင်းသော အခါ, ဤကား ပစ္စူသ-ပုဒ်၏အနက်များပင်တည်း။ ဆက်ဦး အံ့····ပစ္စူသ-သဒ္ဒါသည် ပဘာတ ဝိဘာတ ကလ္လသဒ္ဒါတို့ နှင့် အနက်တူ၏။ ထိုစကားမှန်၏၊ အဘိဓာနပ္ပဒီပိကာ ကျမ်း၌——

“ပဘာတဉ္စ ဝိဘာတဉ္စ၊ ပစ္စူသော ကလ္လမပျထ”

“ပစ္စူသသဒ္ဒါသည် ပဘာတစသော သဒ္ဒါသုံးခုတို့နှင့်

မိုးလင်း မိုးသောက်အနက်ကို ဟောသောအားဖြင့် အနက်တူ၏”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ပစ္စူသောဟူသော ဤစကား၌ အဘယ်အနက်ကြောင့် ပစ္စူသမည်ပါသနည်း? အမိုက်မှောင်ကင်းပျောက်တတ်သော အနက်ကြောင့် “ပစ္စူသ-မိုးလင်း”မည်၏။ ထိုစကားမှန်၏၊ အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌—

“ပစ္စူသတိ ဝိနာသေတိ တိမိရန္တိ ပစ္စူသော” ဟူ၍ “အမိုက်မှောင်ကို ဖျက်ဆီးတတ်သောကြောင့် ပစ္စူသ မိုးလင်းမည်၏”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဆက်ဦးအံ့ ···· ပစ္စူသသမယ - မိုးသောက်မိုးလင်းအခါ ဆိုသည်ကား အမိုက်မှောင်ကင်းပျောက်သောကြောင့်သာလျှင် အလုံးစုံသော သတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို မြင်ရသောအခါပင်တည်း။ ထိုစကားမှန်၏၊ ထိုမိုးလင်းချိန်၌ အချင်းချင်း၏ မျက်နှာကို မြင်ရသောကြောင့်သာ ထိုမှ နောက်ဖြစ်သော အရုဏ်တက်သောအချိန်၌ အနည်းငယ် နီသောအရောင်ဖြင့် ဟပ်မိထိခိုက်အပ်ကုန်သော သတ္တဝါတို့၏ မျက်နှာသည် အလွန်အဆင်းလှသည်၏ အစွမ်းဖြင့် နှစ်သက်ဖွယ်သော မျက်နှာ နှစ်သက်အပ် နှစ်သက်လောက်သော မျက်နှာရှိသည် ဖြစ်ရပေတော့၏။ ဤသို့ ပစ္စူသသမယ-ပုဒ်၏ လိုအပ်သောအနက်သဘောကို သိအပ်၏။

ဤဆိုလတ္တံ့ကား ထိုအဋ္ဌကထာစကားရပ်၌ အကျဉ်း ပိဏ္ဍတ္ထအဓိပ္ပါယ်တည်း—

ထွက်ဝင်,သွားလာသော ရဟန်းပရိသတ်ကို ရှင်းလင်းအောင် သုမ်သင်ခြင်းငှါ မစွမ်းနိုင်သော ကျောင်း၌နေသော

မာနတ်ကျင့်ဆဲဖြစ်သော ဝတ်ကိုချထားသော ရဟန်းသည် တဖန်မာနတ်ဝတ်ကို ဆောက်တည်ရန် အကျိုးငှါ **မိုးလင်းချိန်၌** လေးပါး, ငါးပါးသော ရဟန်းတို့နှင့် အတူတကွ ကျောင်း၏အရံမှငင်း အရံထိုက်ရာအရပ်မှငင်း ခဲနှစ်ခါပစ်ကျရာအရပ်ကို လွန်အောင်သွား၍ ဖုံးကွယ်ရာအရပ်၌နေလျက် အရုဏ်မတက်သေးမီ အချိန်အတွင်း၌သာ မာနတ်ဝတ်ကို ဆောက်တည်၍ ထိုက်သည်အားလျော်စွာ ဝတ်ကိုပြောကြားပြီးလျှင် **အရုဏ်တက်လတ်သော်** မာနတ်ဝတ်ကို ချအပ်၏။ ဤကား အကျဉ်းပိဏ္ဍာဋ္ဌအဓိပ္ပါယ်တည်း။

အဋ္ဌကထာ၌ လာကုန်သော ထိုသာဓကစကားတို့တွင် "**ပစ္စူသသမယေ မိုးလင်းချိန်၌**" ဟူ၍ငင်း" "အရုဏေ ဥဋ္ဌိတေ **အရုဏ်တက်လတ်သော်**" ဟူ၍ငင်း ဤသို့ **မိုးလင်းချိန်ကို**ရှေ့ထားလျက် **အရုဏ်တက်သည်ကို**နောက်ထားသော အားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကုန်၏။

ဆက်လက်၍ စိစစ်ဝေဘန်ဦးမည်....အကယ်၍ မိုးလင်းချိန်မှ ရှေး၌ (မိုးမလင်းသေးမီ) အရုဏ်တက်သည် ဖြစ်ခဲ့ငြားအံ့၊ မိုးလင်းချိန်၌ မာနတ်ဆောက်တည်ရန် အလို့ငှါ ကျောင်းအရံမှ လွန်အောင်သွားခြင်း အစရှိသော အမှုကိစ္စတို့သည် အကျိုးမရှိ ဖြစ်ကုန်ရာ၏၊ ဤသို့ကား မဖြစ်ကုန်။ အဘယ့်ကြောင့်နည်း? စင်စစ်ကေန် အမှန်အားဖြင့် အနည်းငယ်နီသော အရုဏ်ရောင် မတက်သေးသောကြောင့်တည်း။

ထိုစကားမှန်၏၊ စင်စစ်ကေန် အမှန်အားဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ် နီသော အရုဏ်ရောင်တက်၏၊ မိုးလင်းချိန်မှ ရှေး၌ မတက်သေး။ ထို့ကြောင့် မာနတ်ဆောက်တည်ရန်အလို့ငှါ ကျောင်းမှ လွန်အောင်သွားခြင်းစသော အမှုကိစ္စတို့သည် အကျိုးရှိသော အမှုကိစ္စတို့သာ ဖြစ်ကုန်၏ဟူ၍ မှတ်အပ် ကုန်၏။ ဤသို့ ဤပုံ ဆိုခဲ့သော စကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကုန်၏။

ထို့ပြင်လည်း တပါးသော သာဓကကို ပြအပ်၏။ ဤဆို လတံ့ကား ဒုတိယသာဓကကို ပြခြင်းတည်း—

သမန္တပါသာဒိကအဋ္ဌကထာ စူဠဝဂ္ဂ သမုစ္စယက္ခန္ဓက အဖွင့်၌ပင်လျှင်—

"**ပစ္စူသသမယေ** ကေန ဘိက္ခုနာ သင်္ဃံ မာနတ္တ-ဝဏ္ဏနာယံ ဝုတ္တနယေနေဝ ဥပစာရသီမံ အတိက္က-မိတွာ မဟာမဂ္ဂါ ဩက္ကမ္မ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တောအရုဏေယေဝ ဝုတ္တနယေနဝ ဝတ္တံ သမာဒိ-ယိတွာ တဿ ဘိက္ခုနော ပရိဝါသော အာရောစေ-တဗ္ဗော။ အာရောစေန္တေန သစေ နဝကတရော ဟောတိ၊ 'အာဝုသော'တိ ဝတ္တဗ္ဗံ။ သစေ ဝုဍ္ဎတရော၊ 'ဘန္တေ'တိ ဝတ္တဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေ-တဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တ-ဘေဒေါ စ၊ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါယေဝ

ဟောတိ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ **ဥဂ္ဂတေ အရုဏေ** ဝတ္တံ နိက္ခိပိတဗ္ဗံ”ဟူ၍

“**မိုးလင်းသောအခါ၌** ရဟန်း တပါးနှင့် အတူ တကွ မာနတ်အဖွင့်၌ ဆိုအပ်သော နည်းဖြင့်သာလျှင် ဥပစာရ သိမ်ကို လွန်အောင်သွား၍ ခရီးလမ်းမကြီးမှ ဘေးသို့ ဖဲ၍ ဖုံးကွယ်ရာအရပ်၌ ထိုင်နေလျက် အရုဏ် မတက်သေးမီ အချိန်အတွင်း၌သာလျှင် ဆိုခဲ့သော နည်းဖြင့်သာ ဝတ်ကို ဆောက်တည်ပြီး၍ ထိုရဟန်း-အား ပရိဝါသ်ကို ပြောကြားအပ်၏။ ပြောကြားသော ရဟန်းသည် အကယ်၍ သီတင်းငယ် ဖြစ်ငြားအံ့၊ ‘အာဝုသော’ဟူ၍ ဆိုအပ်၏။ အကယ်၍ သီတင်းကြီး ဖြစ်ငြားအံ့၊ ‘ဘန္တေ’ဟူ၍ ဆိုအပ်၏။ အကယ်၍ တပါး တခြားဖြစ်သော အချို့ရဟန်းသည် တစုံတခု ပြုဘွယ် ကိစ္စဖြင့်သာလျှင် ထိုအရပ်သို့ လာငြားအံ့၊ အကယ်၍ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသော ထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထိုရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကိုပြောကြား အပ်၏။ မပြောကြားသောရဟန်းအား ညဥ့်လည်း ပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာတွင်းသို့ သက်-ဝင်ပြီးမှ မသိစဉ်သာလျှင် သွားငြားအံ့၊ ညဥ့်ပြတ်-ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်ကား မရှိ။ **အရုဏ်တက်လတ်သော်** ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆို အပ်၏။

ထိုအဋ္ဌကထာ၌ ဤဆိုလတ့်ကား အကျဉ်း ပိဏ္ဍတ္ထ အဓိပ္ပါယ်တည်း—

ရဟန်း ပရိသတ်ကို ရှင်းလင်းအောင် သုမ်သင်ခြင်းငှါ မစွမ်းနိုင်သော ကျောင်း၌နေသော ဝတ်ကို ချထားသော ရဟန်းသည် တဖန် ပရိဝါသ်ကိုဆောက်တည်ရန် အလို့ငှါ **မိုးလင်းချိန်၌** ရဟန်းတပါးနှင့် အတူတကွ ဥပစာရသိမ်ခေါ် ကျောင်းအရံမှငင်း အရံထိုက်ရာအရပ်မှငင်း ခဲနှစ်ခါပစ်ကျရာ အရပ်ကို လွန်အောင်သွား၍ ဖုံးကွယ်ရာ အရပ်၌ ထိုင်နေ-လျက် အရုဏ်မတက်သေးမီ အတွင်း၌သာ ပရိဝါသ်ကို ဆောက်တည်ပြီး၍ ထိုက်သည်အားလျော်စွာ ဝတ်ကိုပြော ကြားလျက် **အရုဏ်တက်လတ်သော်** ပရိဝါသ်ကို ချအပ်၏။ ဤကား အကျဉ်းပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။

ဆက်ဦးအံ့····အဋ္ဌကထာ၌လာကုန်သော ထိုသာဓက စကားတို့တွင် "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍ငင်း "ဥဂ္ဂတေ အရုဏေ အရုဏ်တက်လတ်သော်"ဟူ၍ငင်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည်ကို နောက် ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုး လင်းချိန်မှ နောက်ကျ၍ဝေးကွာလှသောအချိန်၌သာ အနည်း ငယ်နီသောအရုဏ်ရောင် တက်သည်၏အဖြစ်ကို ပြသည်ဟူ ၍ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ပင် ဖြစ်ကုန်၏။

ညွှန်ကြားချက် အမှာစကားကို ဆိုလိုက်ဦးအံ့····ဆိုခဲ့ပြီး သည်မှကြွင်းကျန်သော စိစစ်ဝေဘန်နည်းကို ပစ္စူသသမယ ပုဒ်အနက်ကို ပြခြင်းနှင့် အတူတကွ ရှေးပထမသာဓကအရာ၌ ဆိုခဲ့သောနည်းကို အစဉ်မှီးသဖြင့် သိအပ်၏။ ဤသာဓကမှ

နောက်ဖြစ်ကုန်သော သာဓကအရာတို့၌လည်း ဤနည်းအတူပင် သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကိုပြအပ်၏။ ဤဆိုလတံ့ကား တတိယသာဓကကို ပြခြင်းတည်း—

ဝိနယသင်္ဂဟအဋ္ဌကထာ၌—

"**ပစ္ဆိမယာမေ** ကောန ဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တောအရုဏေယေဝ ဝတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ အာရောစေန္တေန သစေ နဝကတရော ဟောတိ၊ 'အာဝုသော'တိ ဝတ္တဗ္ဗံ။ သစေ ဝုဍ္ဎတရော၊ 'ဘန္တေ'တိ ဝတ္တဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ၊ အထ ဒွါဒသ-ဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ **ဥဂ္ဂတေ အရုဏေ** ဝတ္တံ နိက္ခိပိတဗ္ဗံ"ဟူ၍

"**မိုးလင်းချိန်၌** ရဟန်းတပါးနှင့် အတူတကွ အရံရှိသော ကျောင်း၏ အရံမှ အရံမရှိသောကျောင်း၏ အရံထိုက်ရာ အရပ်မှ ခဲနှစ်ခါပစ်ကျရာ အရပ်ကို

လွန်အောင်သွားလျက် ခရီးလမ်းမကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်၎င်း စောင့်ရန်းဖြင့်၎င်း ဖုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ အရုဏ်မတက်သေးမီ အတွင်း၌သာ ဆိုခဲ့သောနည်းဖြင့် ဝတ်ကိုဆောက်တည်ပြီး၍ ပြော ကြားအပ်၏။ ပြောကြားသောရဟန်းသည် အကယ်၍ သီတင်းငယ်ဖြစ်ငြားအံ့၊ 'အာဝုသော' ဟူ၍ ဆိုအပ်၏။ အကယ်၍ သီတင်းကြီးဖြစ်ငြားအံ့၊ 'ဘန္တေ' ဟူ၍ ဆိုအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အချို့ ရဟန်းသည် တစုံတခုပြုဘွယ်ကိစ္စဖြင့်သာ ထိုအရပ်သို့ လာငြားအံ့။ အကယ်၍ဝတ်ဆောက်တည်သော ဤ ရဟန်းသည် လာသော သို့ရဟန်းကို မြင်ငြားအံ့၊ လာသော ထိုရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကိုပြောကြားအပ်၏။ မပြောကြားသော ရဟန်း အား ညဥ့်လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ် လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာ အတွင်းသို့ သက်ဝင်ပြီး၍ မသိစဥ်သာ သွားငြားအံ့၊ ညဥ့်ပြတ်ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ် ကား မရှိ။ **အရုဏ်တက်လတ်သော်** ဝတ်ကို ချအပ် ၏" ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍၎င်း, "ဥဂ္ဂတေ အရုဏေ အရုဏ်တက်လတ်သော်" ဟူ၍ ၎င်း, ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည် ကို နောက်ထားသောအားဖြင့် ဆိုအပ်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ

အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ့ံကား စတုတ္ထသာဓကကို ပြခြင်းတည်း—

ဝိနယသင်္ဂဟအဋ္ဌကထာ၌ပင်လျှင်—

“**ပစ္စူသသမယေ** စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တော-အရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါ ဿ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဧဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ၊ အာရောစိတ-ကာလတော ပဋ္ဌာယ ဧကံ ဘိက္ခုံ ဌပေတွာ သေသေ-ဟိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ။ **အရုဏေ ဥဋ္ဌိတေ** တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ” ဟူ၍—

“**နိုးလင်းချိန်၌** ရဟန်းလေးပါး, ငါးပါးတို့နှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိ-

သောကျောင်း၏ အရံထိုက်ရာအရပ်မှ ခဲနှစ်ခါပစ်ကျရာအရပ်ကို လွန်အောင် သွားပြီးလျှင် ခရီးလမ်း-မကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်၎င်း စောင့်ရန်းဖြင့်၎င်း ဖုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ အရုဏ်မတက်-သေးမီ အတွင်း၌သာ ဆိုခဲ့သော နည်းဖြင့် ဝတ်ကို ဆောက်တည်ပြီး၍ ပြောကြားအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အချို့ရဟန်းသည် တစုံတခု-သော ပုဂ္ဂိုလ်ကိစ္စဖြင့်သာ ထိုအရပ်သို့ လာငြားအံ့၊ အကယ်၍ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသော ထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထို ရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကို ပြောကြားအပ်၏။ မပြောကြားသော ရဟန်းအား ညဉ့်လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာ-အတွင်းသို့ သက်ဝင်ပြီး၍ မသိစဉ်သာ သွားငြားအံ့၊ ညဉ့်ပြတ်ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်-ကား မရှိ၊ ပြောကြားပြီးသော အခါမှစ၍ ရဟန်း-တပါးကို ထားခဲ့၍ ကြွင်းသောရဟန်းတို့သည် ပုဂ္ဂိုလ်ကိစ္စရှိလတ်သော် (မာနတ်ကျင့်သောရဟန်း မသိ-အောင်)ပြန်သွားခြင်း၄ါ အပ်၏။ **အရုဏ်တက်လတ်-သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း “ပစ္စူသသမယေ-မိုးလင်းချိန်၌” ဟူ၍၎င်း,“အရုဏေ ဥဋ္ဌိတေ-အရုဏ်တက်လတ်သော်” ဟူ၍၎င်း ဤသို့မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည်ကို

နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ကား ပဌမသာဓကကို ပြခြင်းတည်း—

ကင်္ခါဝိတရဏီအဋ္ဌကထာ၌—

"အထာနေန **ပစ္စူသသမယေ** ဧကေန ဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍု- ပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တော- အရုဏေယေဝ ဝတ္တံ သမာဒိယိတွာ အာရောစေ- တဗ္ဗံ။ ယမ္ပိ အညံ ဘိက္ခုံ ပဿတိ၊ တဿာပိ အာရော- စေတဗ္ဗမေဝ။ **အရုဏေ ဥဋ္ဌိတေ** တဿ သန္တိကေ ဝတ္တံ နိက္ခိပိတွာ ဝိဟာရံ ဂန္တဗ္ဗံ"ဟူ၍

"ထိုမှတပါး ပရိဝါသ်ဆောက်တည်၍ ဝတ်ကို ချထားသော ဤရဟန်းသည် **မိုးလင်းချိန်၌** ရဟန်း- တပါးနှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိသောကျောင်း၏ အရံထိုက်ရာအရပ်မှ ခဲ- နှစ်ခါပစ် ကျရာအရပ်ကို လွန်အောင် သွားပြီးလျှင် ခရီးလမ်းမကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်ဖြစ်စေ စောင့်ရန်း ဖြင့်ဖြစ်စေ ဖုံးကွယ်ရာအရပ်၌ ထိုင်နေလျက် အရုဏ် မတက်သေးမီ အတွင်း၌သာ ဝတ်ကို ဆောက်တည်၍ ပြောကြားအပ်၏။ တပါးတခြားသော အကြင်ရဟန်း

ကို မြင်၏၊ ထိုရဟန်းအားလည်း ဝတ်ကို ပြောကြား အပ်သည်သာတည်း။ **အရုဏ်တက်ပြီးလတ်သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချ၍ ကျောင်းသို့ ပြန်သွား အပ်၏''ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္ဆူသသမယေ-မိုးလင်းချိန်၌" ဟူ၍၎င်း,"အရုဏေ ဥဋ္ဌိတေ-အရုဏ်တက်လတ်သော်" ဟူ၍ ၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်ချိန်ကို နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ ကား ဆဋ္ဌသာဓကကို ပြခြင်းတည်း—

ကင်္ခါဝိတရဏီအဋ္ဌကထာ၌ပင်—

"သစေ အယံ ဝတ္တံ နိက္ခိပိတွာ **ပစ္ဆူသသမယေ** သမာဒါတုံ ဂစ္ဆတိ၊ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတုဟိ ဘိက္ခူဟိ သဒ္ဓိံ ပရိဝါသေ ဝုတ္တပ္ပကာရံ ပဒေသံ ဂန္တွာ 'မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမီ'တိ သမာဒိယိတွာ နေသံ အာရောစေတွာ တတော တေသု ဂတေသု ဝါ အာဂတေသု ဝါ **ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ**"ဟူ၍

" အကယ်၍ ဤရဟန်းသည် ဝတ်ကိုချထား၍ **မိုးလင်းချိန်၌** ဆောက်တည်ရန် သွားငြားအံ့၊ အလုံး စုံတို့အောက် အနည်းဆုံး အပိုင်းအခြားအားဖြင့်

ရဟန်းလေးပါးတို့နှင့် အတူတကွ ပရိဝါသ်၌ ဆိုခဲ့သော အပြားရှိသော အရပ်သို့သွား၍ 'မာနတ်ကို ဆောက်တည်ပါ၏၊ ဝတ်ကို ဆောက်တည်ပါ၏'ဟူ၍ ဆောက်တည်ပြီးလျှင် ထိုရဟန်းတို့အား ဝတ်ကိုပြော ကြားလျက် ထိုမှနောက်၌ ထိုရဟန်းတို့သည် သွားကုန်သော်၎င်း, လာကုန်သော်၎င်း **ရှေး၌ ဆိုခဲ့သော နည်းဖြင့် ကျင့်အပ်၏**"ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍၎င်း, "ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ ရှေးနည်းဖြင့် ကျင့်အပ် ၏"ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရွေးထား၍ ဤမှတပါးသော အရဟတ်တက်ချိန် အကျုံးဝင်သောစကားကို နောက်ထား သောသဘောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရဟတ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတံ့ ကား သတ္တမသာဓကကို ပြခြင်းတည်း—

သမန္တပါသာဒိကအဋ္ဌကထာ နိဿဂ္ဂိ ဒုတိယသိက္ခာပုဒ် အဖွင့်၌—

"သစေ ပဓာနိကော ဘိက္ခု သဗ္ဗရတ္တိံ ပဓာန-မနုယုဉ္ဇိတွာ **ပစ္စူသသမယေ** 'နှာယိဿာမိ'တိ တီရံ ဂန္တွာ စီဝရာနိ တီရေ ဌပေတွာ နဒိံ ဩတရတိ၊ နှာယန္တဿေဝ စဿ **အရုဏံ ဥဂ္ဂစ္ဆတိ**"ဟူ၍

"အကယ်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သော ရဟန်းသည် အလုံးစုံသောညဉ့်ပတ်လုံး ကမ္မဋ္ဌာန်း တရားအလုပ်ကို အားထုတ်ပြီး၍ **မိုးလင်းချိန်၌** 'ရေချိုးအံ့' ဟူ၍ သင်္ကန်းသုံးထည်တို့ကို မြစ်ကမ်းနား၌ ထားခဲ့ပြီးလျှင် မြစ်ထဲသို့ သက်ဆင်း၏။ ထိုရဟန်း၏ ရေချိုးဆဲမှာပင် **အရုဏ်တက်၏**" ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္ဆိမယာမေ မိုးလင်းချိန်၌" ဟူ၍၎င်း, "အရုဏံ ဥဋ္ဌဟတိ အရုဏ်တက်၏" ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်ချိန်ကို နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏ အဖြစ်ကိုပြသည် ဟူ၍ သိအပ်၏။ အဘယ့်ကြောင့်နည်း? မိုးလင်းချိန်၌ မြစ်ထဲသို့ သက်ဆင်းလျက် ထိုမှနောက်၌ ထိုရဟန်း၏ ရေချိုးဆဲ ရေချိုးစဉ်သာလျှင် အရုဏ်တက်၏ဟူ၍ အရုဏ်တက်ချိန်ကို ပြသောကြောင့်တည်း။ ဆက်ဦးအံ့....အကယ်၍ မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) ၌ အရုဏ်တက်ခဲ့ငြားအံ့၊ နောက်၌ ရေချိုးဆဲသာလျှင် အရုဏ်တက်၏ ဟူသောစကားကို မဆိုတန်ရာ၊ ဤသို့ကား ဆိုလည်းဆို၏။ ထို့ကြောင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက်သည်ဟူ၍ ယုံမှားသံသယကင်းရှင်းသောအားဖြင့် ထူးခြားစွာ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေကုန်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ကား အဋ္ဌမသာဓကကို ပြခြင်းတည်း—

ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ငှကတ် မိလိန္ဒပဥှာပါဠိတော်၌–

“အထ ခေါ မိလိန္ဒော ရာဇာ **ပဘာတာယ ရတ္တိယာ ဥဂ္ဂတေ အရုဏေ** သီသံ နှတွာ သိရသိ အဉ္ဇလိံ ပဂ္ဂဟေတွာ အတီတာနာဂတပစ္စုပ္ပန္နေ သမ္မာသမ္ဗုဒ္ဓေ အနုဿရိတွာ အဋ္ဌ ဝတ္တပဒါနိ သမာဒိယိ”ဟူ၍

“ထိုအခါ မိလိန္ဒမင်းကြီးသည် **မိုးလင်းပြီးလတ်သော်, အရုဏ်တက်ပြီးလတ်သော်**, ဦးခေါင်းကို ရေချိုးပြီး၍ (၀ါ) မျက်နှာသစ်ပြီး၍ ဦးခေါင်း၌ လက်အုပ်ကို မြှောက်ချီလျက် အတိတ်အနာဂတ် ပစ္စုပ္ပန်အခါတို့၌ ဖြစ်ကုန်သော မြတ်စွာဘုရားတို့ကို အဖန်ဖန်အောက်မေ့၍ ရှစ်ပါးသော ကျင့်ဝတ်တို့ကို ဆောက်တည်လေပြီ”ဟူ၍ မိန့်ဆိုအပ်၏။

ပဘာတာယ ရတ္တိယာဟူသော ဤပါဠိတော်စကားရပ်၌ ပဘာတသဒ္ဒါသည် “မိုးလင်း” အနက်ကို ဟောသော အားဖြင့် ပစ္စူသသဒ္ဒါနှင့် တူသော အနက်ရှိ၏။ ထိုစကား မှန်၏၊ အဘိဓာနပ္ပဒီပိကာကျမ်း၌—

“ပဘာတဉ္စ ဝိဘာတဉ္စ၊ ပစ္စူသော ကလ္လမပျထ” ဟူသော

“ပဘာတ ဝိဘာတ ပစ္စူသ ကလ္လ ဤသဒ္ဒါ(၄)ခု တို့သည် မိုးလင်းချိန်ဟူသော အနက်ကို ဟောသော အားဖြင့် တူသောအနက်ရှိ၏”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ပဘာတသဒ္ဒါသည် မိုးလင်းချိန်ဟူသော အနက်ကို ဟောသည်ဟူ၍ မှတ်အပ်၏။

ဤပါဠိတော်၌လည်း "ပဘာတာယ ရတ္တိယာ ညဉ့်သည် မိုးလင်းလတ်သော်" ဟူ၍၎င်း, "ဥဒ္ဓဿေ့ အရုဏေ အရုဏ်တက်လတ်သော်" ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထား လျက် အရုဏ်တက်ချိန်ကို နောက်ထားသော အားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏အဖြစ်ကို ပြသည်ဟူ၍ ယုံမှားသံသယကင်းရှင်းသော အားဖြင့် ထုတ်ခြားစွာ သိအပ်၏။ ထိုကြောင့် ဤစကားတို့ သည်လည်း ခိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေ ကုန်၏။

ထို့ပြင်လည်း အလွန်အကျူး အထူးခိုင်မာသော သာဓက တမျိုးကိုပြအပ်၏။ ဤဆိုလတ္တံ့ကား အလွန်အကျူး အထူး ခိုင်မာသော နဝမသာဓက ကိုးခုမြောက် သာဓကကိုပြခြင်း တည်း—

ဒီဃနိကာယ် သုတ္တန်ပိဋကတ် မဟာဝဂ္ဂအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌—

> "ရတ္တာဝသေသန္တိ **ဗလဝပစ္စူသေ** ပရိနိဗ္ဗုတတ္တာ ရတ္တိယာ အဝသေသံ စုလ္လကအဒ္ဓါနံ။ ဓမ္မိယာ ကထာ- ယာတိ အညာ ပါဠိယေတ္ထာ မေ့ကထာ နာမ နတ္ထိ၊ 'အာဝုသော သဒေဝကေ နာမ လောကေ အပ္ပဋိ- ပုဂ္ဂလဿ သတ္ထုနော အယံ မဇ္ဈုရာဇာ န လဇ္ဇတိ၊ ကိမင်္ဂံ ပန လောကိယမဟာဇနဿ လဇ္ဇိဿတိ'တိ ဝေရူပါယ ပန မရဏပဋိသံယုတ္တာယ ကထာယ

ဝိတိနာမေသံ။ တေသဉ္စ တံ ကထံ ကထေန္တာနံ **မုဟုတ္တေနေဝ အရဟတ္တံ ဥဂ္ဂဏ္ဍိ**”ဟူ၍—

“ညဉ့်အကြွင်းအကျန် ဟူသည်ကား **အားကြီး လင်းသော မိုးလင်းချိန်၌** မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၏အဖြစ်ကြောင့် ညဉ့်၏ အကြွင်း အကျန်ဖြစ်သော အနည်းငယ်မျှသောအချိန်ကို တရား စကားဖြင့် ကုန်လွန်စေကြကုန်ပြီ။ တရားစကား ဟူ သည်ကား တပါးသော အသီးအခြားဖြစ်သော တရားစကားမည်သည် မရှိ၊ ‘ငါ့ရှင်တို့ နတ်နှင့်တကွ သော လောကကြီး၌ ပြိုင်ဘက်မရှိသော မြတ်စွာ ဘုရားအားသော်မှလည်း ဤသေမင်းသည် မရှက် တတ်၊ လောကီလူများအပေါ်င်းအား ရှက်လတံ့ဟူ သော အကြောင်းသည် ဘယ်မှာရှိပါအံ့နည်း’ ဤသို့ သဘောရှိသော သေခြင်းနှင့် စပ်လျဉ်းသော တရား စကားဖြင့် အချိန်ကုန်လွန်စေကြကုန်ပြီ။ ထိုစကား မှန်၏၊ လိုရဟန်းတို့၏ ထိုတရားစကားကို ဆိုသဲ ဆိုစဉ်မှာပင် **တခဏမျှလောက်ဖြင့်သာ အရဟတ် တက်လာလေပြီ**”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း “ဗလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ အားကြီးလင်းသော မိုးလင်းချိန်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၏အဖြစ်ကြောင့်”ဟူ၍၎င်း၊“မုဟုတ္တေနေဝ အရဟတ္တံ ဥဂ္ဂဏ္ဍိ တခဏမျှလောက်ဖြင့်သာ အရဟတ်တက်လာ လေပြီ”ဟူ၍၎င်း ဤသို့ ဤပုံ အားကြီးလင်းသော မိုးလင်း ချိန်ကိုရှေ့ထားလျက် အရဟတ်တက်ချိန်ကို နောက်ထားသော အားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် အားကြီး

လင်းသောမိုးလင်းချိန်မှ နောက်ကျ၍ နီးကပ်လှသော အချိန်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏ အဖြစ်ကိုပြသည်ဟူ၍ ယုံမှားသံသယ ကင်းရှင်းသောအားဖြင့် ထူးခြားစွာ သိအပ်၏။ အဘယ်ကြောင့်နည်း? အားကြီးလင်းသော မိုးလင်းချိန်၌ မြတ်စွာဘုရား ပဒုံနိဗ္ဗာန် ဝင်စံတော်မူပြီးသည်မှ နောက်၌ ရဟန်းတို့ စကားပြောဆိုစဉ်မှာပင် တခဏမျှဖြင့်သာ အရုဏ်တက်ခြင်းကို ပြသောကြောင့်တည်း။

ဆက်ဦးအံ့....ရှေး၌ဆိုခဲ့သော ဝိနည်းတို့၌ "ပဋ္ဌသသမယေ မိုးလင်းချိန်၌"ဟူ၍ အထူးမပြ သာမညအားဖြင့် ဆိုအပ်၏။ ဤသုတ္တန် အဋ္ဌကထာ၌ "ဗလဝပစ္စူသေ အားကြီးလင်းသော မိုးလင်းချိန်၌"ဟူ၍ အထူးအားဖြင့် ဆိုအပ်၏။ အဘယ်ကြောင့် ဤသို့ ဆိုပါသနည်း, ပစ္စူသနှင့် ဗလဝပစ္စူသဟူသော ထိုစကားနှစ်မျိုးတို့၏ အထူးကား ဘယ်လိုပါနည်း, ဤသို့ မေးမြန်းအံ့၊ အဖြေကို ဆိုအပ်ဆိုသင့် ဆိုထိုက်၏။ ဝတ်ကိုချထားသော ရဟန်းသည် တဖန်အရုဏ်မတက်သေးမီအတွင်း၌သာလျှင် ဝတ်ဆောက်တည်ခြင်းကိုမူ ကိုင်၍ ပြောကြားခြင်းကိုမူ ကိုင်၍ ပြုလိုသည်ဖြစ်၍ ပြည့်စုံလုံလောက်သောအချိန်ကို ရရန်အကျိုးငှါ အိပ်ရာမှ စောစောထ၍ မိုးလင်းချိန်၌ ကျောင်းမှ ထွက်သွားခြင်းကိုမူ ပြုထိုက်၏။ ထို့ကြောင့် ထိုသို့ ပြုလုပ်သင့်သော သဘောကို ရည်ရွယ်၍ ဝိနည်းအဋ္ဌကထာတို့၌ "ပစ္စူသသမယေ မိုးလင်းချိန်၌"ဟူ၍ မိန့်ဆိုအပ်၏။ ဤအရာ၌ ပစ္စူသသမယမည်သည်ကား အလင်းရောင်အားဖြင့် အားနည်းသော မိုးလင်းချိန် ဖြစ်ပေ၏။ ထိုစကားမှန်၏၊ ထိုအားနည်းသော မိုးလင်းချိန်သည် အရုဏ်

တက်သည်မှ ရှေး(အရုဏ်မတက်သေးမီ) ဝေးကွာလှသော အချိန်သာ ဖြစ်သေး၏။ ထိုသို့ ဖြစ်သောကြောင့်ပင် ထိုဝတ် ဆောက်တည်ခြင်းစသော ကိစ္စတို့ကို ပြုလုပ်ရန် စွမ်းနိုင်သော အချိန်ရှိသည်၏ အဖြစ်ကို အထူးသိအပ်၏။ ဤသုတ္တန်အဋ္ဌ- ကထာ၌ကား ယခင်ဆိုခဲ့သော ကိစ္စတို့နှင့် စပ်လျဉ်းသော အခါမဟုတ်ပေ။ ထို့ကြောင့် ထိုအချိန်အခါမျိုးနှင့် မရော မယှက် သက်သက်အားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံ တော်မူသော အချိန်ကိုသာ ပြခြင်းငှါ "ဗလဝပစ္စူသေ အားကြီးလင်းသော မိုးလင်းချိန်၌"ဟူ၍ ဆိုအပ်၏။ ဤ၌ အားကြီးသော မိုးလင်းချိန်မည်သည်ကား အရုဏ်တတ်သည် မှ ရှေး (အရုဏ်မတက်သေးမီ) အရုဏ်တက်ရန် နီးကပ်လှ သော အချိန်သာဖြစ်သည် ဟူ၍ အထူးသိအပ်၏။ အဘယ် ကြောင့်နည်း? "တခဏမျလောက်ဖြင့်သာ အရုဏ်တက်လာ လေပြီ"ဟူ၍ ဆိုသောကြောင့်တည်း။ ဤသို့ ဤပုံ အရုဏ်တက် သည်မှ ရှေး(အရုဏ်မတက်သေးမီ)၌ အဝေးအနီး အားဖြင့် ထိုပစ္စူသနှစ်မျိုးတို့၏ ထူးသည်၏အဖြစ်ကို သိအပ်၏။

တနည်းကား ဤသုတ္တန်အဋ္ဌကထာ၌လာသော "ဗလဝ- ပစ္စူသေ"ဟူသော စကားကို ထောက်ဆ၍ ဝိနည်းအဋ္ဌ- ကထာတို့၌လာသော "ပစ္စူသသမယေ"ဟူသော စကားကို ဒုဗ္ဗလပစ္စူသဖြစ်သောအားဖြင့် နှလုံးသွင်းပြီးလျှင် ပစ္စူသ မိုးလင်းချိန်မည်သည်ကား အလင်းရောင်အားဖြင့် "ဒုဗ္ဗလ- ပစ္စူသ အားနည်းသော မိုးလင်းချိန်" နှင့် "ဗလဝပစ္စူသ အားကြီးသော မိုးလင်းချိန်"ဟူ၍ နှစ်ပါးအပြားရှိသည် ဟူ၍ သိအပ်၏။ အစဉ်အတိုင်း "အာဒိပစ္စူသ အစမိုးလင်းချိန်"နှင့် "အန္တပစ္စူသ အဆုံးမိုးလင်းချိန်" ဟူ၍ နှစ်ပါးအပြားရှိသည်

ဟုလည်း ဆိုသင့်၏။ ထိုနှစ်ပါးတို့တွင် အားနည်းသော မိုးလင်းချိန်မည်သည်ကား အလင်းရောင် အားနည်းသောကြောင့် အလုံးစုံသော သတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို မြင်ရရုံမျှ အချိန်တည်း။ အားကြီးသော မိုးလင်းချိန်မည်သည်ကား အလင်းရောင် အားကြီးသောကြောင့် အလုံးစုံသော သတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို အလွန်ထင်ရှားသောအားဖြင့် ကောင်းစွာမြင်ရသော အချိန်တည်း။ ဤသည်ကား ထိုပစ္စုံသ-ပုဒ်တို့၏ လိုအပ်သော အနက်သဘောအားဖြင့် အထူးပင်တည်း၊ တပါးသော တစုံတခုသော အထူးမရှိ။ ဤသို့ ဤပုံ အဖြေကို သိအပ်၏။

ဆက်ဦးအံ့····ထိုနှစ်ပါးပြားသော မိုးလင်းချိန်တွင် အားကြီးသောမိုးလင်းချိန်မှ နောက်၌သာ အရုဏ်တက်ခြင်းကို ဆိုသောကြောင့် အားကြီးသောမိုးလင်းချိန်မှ ရှေးဟု ဆိုအပ်သည်လည်းဖြစ်သော အားနည်းသော မိုးလင်းချိန်မှ နောက်ဟု ဆိုအပ်သည်လည်းဖြစ်သော နှစ်ပါးသော မိုးလင်းချိန်တို့၏ အကြားဖြစ်သော အချိန်၌ အရုဏ်မတက်သေးသည်၏ အဖြစ်သည် သဘောအားဖြင့် ပြီးစီးပေတော့၏။ အားနည်းသော မိုးလင်းချိန်မှ ရှေး၌ကား "အဝတ္တသိဋ္ဌိနည်းခေါ်သော မဆိုဘဲပြီးသောနည်း" အားဖြင့်၎င်း, အရုဏ်မတက်သည်၏ အဖြစ်သည် "အတ္တာပန္နနည်းခေါ်သော အလိုလို အနက်သဘောရောက်သောနည်း" အားဖြင့်၎င်း ပြီးစီးတော့သည် ဟူ၍ မှတ်အပ်၏။ ဤသို့ ဤပုံ အားကြီးသော မိုးလင်းချိန်မှ နောက်ကျ၍ နီးကပ်လှသောအချိန်၌သာလျှင် အနည်းငယ်နီသော အရောင်ဟုဆိုအပ်သော အရုဏ်ရောင် တက်သည် ဟူ၍ ယုံမှားသံသယကင်းမဲ့သောအားဖြင့် ထူးခြားစွာသိအပ်

၏။ ထို့ကြောင့် ဤသုတ္တန်၌ လာကုန်သော စကားတို့သည် အလွန်အကျူးအထူးခိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေကုန်၏။

ယခုခေတ်အခါ၌ များလှစွာကုန်သော ရဟန်းတို့သည် ယင်းသို့ ဆိုအပ်ကုန်သော အထောက်အထား သာဓကစကားတို့ကို မှီငြမ်းမထား မမှတ်သားမူ၍ နှလုံးလည်းမသွင်း သတိလည်းမထားကြဘဲ အထောက်အထား သာဓကကင်းမဲ့သော မမှန်သော အရုဏ်ရောင်ကို၎င်း၊ ချွတ်ယွင်းသော အရုဏ်တက်ချိန်ကို၎င်း အမှီပြုကြကုန်၍ အရုဏ်နှင့်စပ်လျဉ်းကုန်သော များစွာကုန်သော အမှုတို့ကို ပြုကြကုန်၏။ ထိုအမှုတို့သည် ချွတ်ယွင်းသောအမှု ပျက်စီးသောအမှုတို့ ဖြစ်ကြပေကုန်၏။ ထိုရဟန်းတို့အား နောင်အဖန်ဖန် အောက်မေ့အမှတ်ရသောအခါ၌ များလှစွာကုန်သော ကုက္ကုစ္စသံသယတို့သည် ဖြစ်ပေါ်လာတတ်ကြကုန်၏။ ဆက်ဦးအံ့....မှန်ကန်သော အရုဏ်ရောင်ကို၎င်း၊ မချွတ်မယွင်းသော အရုဏ်တက်ချိန်ကို၎င်း မှီငြမ်းထား၍ ပြုကြကုန်သော ရဟန်းတို့၏ အမှုတို့သည် မချွတ်မယွင်းသော အမှုတို့ ဖြစ်ကြပေကုန်၏၊ ကုက္ကုစ္စသံသယတို့လည်း မဖြစ်ပေါ်နိုင်ကြကုန်။ ထို့ကြောင့် သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးကို ကျင့်လိုကုန်သော အာပတ်အပြစ်ကိုလည်း ကြောက်တတ်ကုန်သော ရဟန်းတို့သည် ရှေးဦးစွာ ကြိုတင်၍သာလျှင် သိထားရန် အကျိုးငှါ အရုဏ်ရောင်မည်သည် အဘယ်သို့ ရှုမြင်ရသော သဘော ရှိပါသနည်း ဟူ၍၎င်း၊ အရုဏ် တက်ချိန်သည် အဘယ်သို့ သဘောရှိပါသနည်း ဟူ၍၎င်း အဖန်ဖန်စိစစ်အပ်၏၊ ဝိနည်း၌ လိမ္မာကုန်သော ရဟန်းတို့၏ အထံ၌ မေးမြန်းအပ်၏။ မေးမြန်းသောအားဖြင့် ထိုရဟန်းတို့ထံမှ

ရအပ်သော စကားတို့ကိုရင်း, ဝိနည်းစသည်တို့၌ လာကုန်သော ယခင်ဆိုခဲ့ကုန်သော ခိုင်မာသော သာခကေစကားတို့ကိုရင်း မှီငြမ်းပြု၍ မချွတ်မယွင်းသော အနည်းငယ်နိုသော အရောင်ကို အရုဏ်ရောင်ဟူ၍ရင်း, ဝိနယာလင်္ကာရဋီကာ ဆရာသည် ယခင်ဆို ဖြတ်အပ်ပြီးသော အနီရောင်မြင်ရသော အချိန်ကို အရုဏ်တက်ချိန် ဟူ၍ရင်း, သိလည်း သိအပ်၏၊ ကောင်းစွာလည်း မှတ်အပ်၏။ သိပြီးမှတ်ပြီး၍ အရုဏ်နှင့် စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။ အဘယ့်ကြောင့်နည်း? မြတ်စွာဘုရားသည် ဘိက္ခုဝိဘင်း ပါစိတ်ပါဠိတော်၌—

"သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉ္စိတဗ္ဗံ အယံ တတ္ထ သာမီစိ" ဟူ၍ "ရဟန်းတို့ ကျင့်လိုသော ရဟန်းသည် သိအောင် ပြုအပ်၏၊ မေးမြန်းအပ်၏၊ အဖန်ဖန် စုံစမ်းဆင်ခြင်အပ်၏။ ဤသို့ သိအောင်ပြုခြင်း မေးမြန်းစုံစမ်းခြင်းသည် ထိုသို့ကျင့်လိုရာ၌ ပြုအပ်သော ကျင့်ဝတ်တရားပင်တည်း"ဟူ၍ ဟောတော်မူအပ်သော အဆုံးအမ စကားတော်ရှိသောကြောင့်တည်း။

ထို့ကြောင့် ကျင့်လိုသော အာပတ်အပြစ်ကို ကြောက်တတ်သောရဟန်းသည် သိထားရန် အကျိုးငှါ မေးမြန်းအပ်၏။ မေးမြန်းသောအားဖြင့် သိပြီး၍သာလျှင် အရုဏ်နှင့်စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သော အကျဉ်းပြ ဂါထာစကားကို ဆိုအပ်၏။

၁၃။ "လဇ္ဇိဟိ သိက္ခကာမေဟိ၊ ဝဇ္ဇဘီရုကေဟိ ဘိက္ခုဟိ။
အရုဏော နာမ ဝဏ္ဏော စ၊ အရုဏုဂ္ဂတကာလော စ။

၁၄။ အဝိရဠေန ဉာတမ္ဗော၊ ဝိညာတုံ ပုန္တိတဗ္ဗော၀။
ဥတွာ အရုဏသံယုတ္တံ၊ တံ တံ ကမ္မံ သုကာတဗ္ဗံ။

၁၅။ ကသ္မာ? ဇိနေန ဗုဒ္ဓေန၊ "သိက္ခမာနေန ဘိက္ခဝေ။
ဘိက္ခုနာ အညာတဗ္ဗ"န္တိ၊ ဝုတ္တဝါစာယ အတ္တိတော။

၁၃။ လဇ္ဇီတိ၊ အာပတ်ပြစ်မှု လွန်ကျူးရမည်ကို ရှက်တတ်ကုန်သော။ သိက္ခကာမေတိ၊ သီလသမာဓိပညာဟူသော သိက္ခာသုံးပါးကို ကျင့်ရန်အလိုရှိကုန်သော။ ဝဇ္ဇဘီရုကေတိ၊ အာပတ်အပြစ်ကို ကြောက်တတ်ကုန်သော။ ဘိက္ခူတိ၊ ရဟန်းတို့သည်။ အရုဏော နာမ ဝဏ္ဏော စ၊ အရုဏ် အမည်ရှိသော နီသောအရောင်ကိုဎင်း။ အရုဏုဂ္ဂတကာလော စ၊ နီသော အရုဏ်ရောင်တက်သော အချိန်ကိုဎင်း။

၁၄။ အဝိရဠေန၊ မချွတ်မယွင်းသောအားဖြင့်။ ဉာတဗ္ဗော၊ သိအပ်၏။ ဝိညာတုံ၊ အထူးသိခြင်းငှါ။ ပုန္တိတဗ္ဗော၀၊ မေးမြန်းစုံစမ်းအပ်သည်သာလျှင်တည်း။ ဉတွာ၊ သိပြီး၍။ အရုဏသံယုတ္တံ၊ အရုဏ်နှင့်စပ်လျဉ်းသော။ တံ တံ ကမ္မံ၊ ထိုထို အမှုကို။ သုကာတဗ္ဗံ၊ ကောင်းစွာပြုအပ်၏။

၁၅။ ကသ္မာ၊ အဘယ်ကြောင့်နည်း? ဇိနေန၊ မာရ်ငါးပါးကိုအောင်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ သိက္ခမာနေန၊ ကျင့်လိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အညာတဗ္ဗံ၊ သိအပ်၏၊ သိအောင်ပြုအပ်၏"။ ဣတိ၊ ဤသို့။ ဝုတ္တဝါစာယ၊ ဟောကြားဆုံးမတော်မူအပ်သော စကားတော်၏။ အတ္တိတော၊ ရှိသည်၏ အဖြစ်ကြောင့်တည်း။

အဆုံးအဖြတ်နှင့် သာဓကပိုင်းပြီး၏။

## ၅-အမေးအဖြေကို ပြသောအပိုင်း

ဤအရာ၌ကား အစမှစ၍ ယခင်ဆိုခဲ့ပြီးကုန်သော စကားတို့ကို အကျဉ်းအားဖြင့် လွယ်ကူစွာ သိစေရန် အကျိုးငါပင်ကောင်းစွာမှတ်သားနိုင်ရန် အကျိုးငါပင် တနေရာတည်း၌ စုပေါင်း၍ အမေးအဖြေအစုံအားဖြင့် ပြသောနည်းကို ပြုအပ်၏။

က။ အဘယ် သဘောတရားသည် အရုဏ်မည်ပါသနည်း။ (ဤကား-အမေး)

နေ၏အရောင် အထူးသည် အရုဏ်မည်၏။ (ဤကား-အဖြေ)

ခ။ ဘယ်အနက်ကြောင့် အရုဏ်မည်ပါသနည်း။ (မေး)

အဿ၊ ထိုနေရောင်အထူးအား။ အရုဏော၊ အနည်းငယ်နီသော။ ဝဏ္ဏော၊အဆင်းအရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ အရုဏော၊ အရုဏ်မည်၏။ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတော၊ အနည်းငယ်နီသောအရောင်နှင့် ပြည့်စုံသော အရုဏ်ကို။လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ တေနဣ္ဆေန၊ အနည်းငယ်နီသော အရောင်နှင့် ပြည့်စုံသော ထိုအနက်သဘောကြောင့်။ အရုဏောနာမ၊ အရုဏ်မည်၏။ အထဝါ၊ တနည်းကား။ ရတ္တဝဏ္ဏဘာဝေန၊ နီသောအရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထိုကြောင့်။ အရုဏော၊ အရုဏ်မည်၏။ တေန-ဣ္ဆေနာပိ၊ အနီရောင်ဖြင့် ဖြစ်တတ်သော ထိုအနက်

သဘောကြောင့်လည်း။ အရုဏော နာမ၊ အရုဏ် မည်၏။ ဇုတိ၊ ဤသည်ကား။ ဝိသဇ္ဇနာ။ အဖြေ တည်း။

ဤစကားတို့အရ အနည်းငယ်နီသော အရောင်နှင့် ပြည့်စုံသော အနက်သဘောကြောင့် အရုဏ်မည်၏။

(တနည်း) အနီရောင်ဖြင့် ဖြစ်တတ်သော အနက် သဘောကြောင့် အရုဏ်မည်၏။ (ဖြေ)

**မှတ်ဘွယ်။** ယခုအခါ အာရုံဟုခေါ်ကြ၏။ အာရုဏ ပုဒ်ပျက် အာရုံမဟုတ်သောကြောင့် "အာရုံ" ဟု မခေါ်သင့်ပါ။ အရုဏပုဒ်ပျက် အရုဏ်ဟူသော ဝေါဟာရသာ ဖြစ်သင့်သောကြောင့် "အရုဏ်" ဟု သာ ခေါ်သင့်ပါ၏။

ဂ။ အဘယ် သို့သော အရောင်သည် အရုဏ်ရောင် မည်ပါသနည်း။ (မေး)

အနည်းငယ်နီသော အရောင်သည် အရုဏ်ရောင် မည်ပါ၏။ (ဖြေ)

**ဤ၌ မှတ်ချက်။** အဘိဓာန်နှင့် ဋီကာတို့၌ လာသော ကိဉ္စိရတ္တ အဗျတ္တရတ္တ-ဟူသော စကားတို့ နှင့်အညီ အနည်းငယ်နီသော အရောင်ဟု ဆိုသော် လည်း ပဒုမ္မာကြာနီ၊သန္တာနီ၊ကမ္ဗလာနီ၊ နှင်းဆီပွင့်နီ စသော ရဲရဲနီသောအရောင်မျိုး မဟုတ်သောကြောင့် သာ အနည်းငယ်နီသော အရောင်ဟုဆိုသည်။ ဖြော့ တော့သော အဖြူပျက်ခါမျှ အနီနုရောင်ကို ယူလို၍ ဆိုသည် မဟုတ်။ စင်စစ်အမှန်အားဖြင့် အရွှေအရပ်မှ

တက်လာသောတရွေ့ရွေ့ တိုးပွါးလာသော အရောင်တို့တွင် အနီဆုံးအရောင်ကြီးကိုပင် အရုဏ်ရောင်ဟူ၍ စွဲမြဲစွာ မှတ်သားအပ်၏။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ၌ အရှေ့ အရပ်မျက်နှာ အနီရောင်ရှိသည်၏ အဖြစ်ကို မိန့်ဆို၏။ ဝိမတိဝိနောဒနီဋီကာ၌လည်း တိုးပွါးလာသော ထူထဲသော အနီရောင်ဟူ၍ မိန့်ဆို၏။

ဃ။ အရုဏ်၏ ပုံသဏ္ဌာန်သည် ဘယ်ပုံသဏ္ဌာန် ရှိပါသနည်း။ (မေး)

အရုဏ်၏ ပုံသဏ္ဌာန်ကား သီးခြား ပုံသဏ္ဌာန်မရှိ၊ အနီရောင်ပြန့်နှံ့ရာအရပ် မျှလောက်သာ ပုံသဏ္ဌာန် ရှိပါ၏။

(တနည်း) အရှေ့အရပ် မျက်နှာကဲ့သို့ ပုံသဏ္ဌာန် ရှိပါ၏။ (ဖြေ)

င။ ဘယ်အခါ၌ အရုဏ်တက်ပါသနည်း။ (မေး)
အနည်းငယ် နီသောအရောင်ကို မြင်ရသောအခါ၌ အရုဏ်တက်ပါ၏။ (ဖြေ)

စ။ ဘယ်အရပ်၌ အရုဏ်တက်ပါသနည်း။ (မေး)
အရှေ့အရပ်၌ အရုဏ်တက်ပါ၏။ (ဖြေ)

ဆ။ အရုဏ်ဆိုတာ ပစ္စက္ခသိဒ္ဓခေါ် မျက်စိဖြင့် မြင်၍ သိအပ်သောသဘောမျိုး ရှိပါသလော။ (မေး)
အရုဏ်ဆိုတာ ပစ္စက္ခသိဒ္ဓခေါ် မျက်စိဖြင့် မြင်၍ သိအပ်သော သဘောမျိုးရှိပါ၏။ (ဖြေ)

၉။ အရုဏ်ဆိုတာ စိတ်ဖြင့် မှန်းဆ၍ သိအပ်သော သ-
ဘောမျိုးဖြစ်သော အနုမာနသိဒ္ဓမျိုးလော။
(ဤကား-အမေး)

အရုဏ်ဆိုတာ မျက်စိဖြင့်မြင်၍ သိအပ်သောသဘော
ရှိသည်သာ၊ ထို့ကြောင့် အနုမာနသိဒ္ဓမျိုး မဟုတ်
သည်သာတည်း။ (ဤကား-အဖြေ)

ထိုအမေးအဖြေ (၇) ခုတို့၏အရာ၌ ဤအကျဉ်း ဂါထာ
စကားကို ဆိုအပ်၏—

၁၆။ ကော ဓမ္မော အရုဏော နာမ၊
ကေနဋ္ဌေနာရုဏော နာမ။
သူရပ္ပဘာဝိသေသော၀၊
ရတ္တဋ္ဌေနာရုဏော နာမ။

၁၇။ ကော ဝဏ္ဏော အရုဏော နာမ၊
ကီဒိသံ တဿ သဏ္ဍာနံ။
ကိဠိရတ္တော အရုဏော နာမ၊
ပုရတ္ထိမာ၀ သဏ္ဍာနံ။

၁၈။ ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရုဏော နာမ ဥဂ္ဂတော။
ကိဠိရတ္တာဒိဋ္ဌကာလေ၊
ပုရတ္ထိမာယ ဥဂ္ဂတော။

၁၉။ ဧသော ပစ္စက္ခသိဒ္ဓေါ နု၊
အနုမာနေန သိဒ္ဓေါ နု။
ဧသော ပစ္စက္ခသိဒ္ဓေါ၀၊
နေ၀ါနုမာနသိဒ္ဓေါ တု။

၁၆။ ကော ဓမ္မော၊ အဘယ်သဘောတရားသည်။ အရု-ဏော နာမ၊ အရုဏ် မည်ပါသနည်း။ ကေနဋ္ဌေန၊ အဘယ် အနက်ကြောင့်။ အရုဏော နာမ၊ အရုဏ်မည်ပါသနည်း။ သူရပ္ပဘာဝိသေသော၊ နေ၏အရောင်အထူးသည်သာလျှင်။ အရုဏော နာမ၊ အရုဏ်မည်၏။ ရတ္တဋ္ဌေန၊ အနီရောင် ရှိသောအနက်ကြောင့်။ အရုဏော နာမ၊ အရုဏ်မည်၏။

၁၇။ ကော ဝဏ္ဏော၊ အဘယ်အရောင်သည်။ အရုဏော နာမ၊ အရုဏ်ရောင်မည်ပါသနည်း။ တဿ၊ ထိုအရုဏ်၏။ သဏ္ဍာနံ၊ ပုံသဏ္ဍာန်သည်။ ကီဒိသံ၊ အဘယ်သို့သော ပုံသဏ္ဍာန်ရှိပါသနည်း။ ။ကိဉ္စိရတ္တော၊ အနည်းငယ်နီသော အရောင်သည်။ အရုဏော နာမ၊ အရုဏ်ရောင်မည်၏။ ပုရတ္ထိမာဝ၊ အရှေ့အရပ်ကဲ့သို့။ သဏ္ဍာနံ၊ ပုံသဏ္ဍာန်ရှိပါ၏။ (တနည်း) ပုရတ္ထိမာဝ၊ အရှေ့အရပ် မျက်နှာသည်သာလျှင်။ သဏ္ဍာနံ၊ ပုံသဏ္ဍာန်ပင်တည်း။

၁၈။ ကိသ္မိံ ကာလေ စ၊ ဘယ်အချိန်၌ရင်း။ ကိသ္မိံ ဒေသေ စ၊ ဘယ်အရပ်၌ရင်း။ အရုဏော နာမ၊ အရုဏ် မည်သည်။ ဥဂ္ဂတော၊ တက်ပါသနည်း။ ကိဉ္စိရတ္တဝဏ္ဏကာလေ၊ အနည်းငယ် နီသောအရောင်ကို မြင်အပ်သော အချိန်၌။ ပုရတ္ထိမာယ၊ အရှေ့အရပ်၌၊ ဥဂ္ဂတော၊ တက်ပါ၏။

၁၉။ ဧသော (အရုဏော)၊ ဤအရုဏ်သည်။ ပစ္စက္ခ-သိဒ္ဓေါ နု၊ မျက်မြင်ဖြင့် ပြီးစီးပါသလော။ ဝါ၊ မျက်စိဖြင့်မြင်၍ သိအပ်သော သဘောရှိပါသလော။ အနုမာနေန၊ စိတ်ဖြင့် မှန်းဆသောအားဖြင့်။ သိဒ္ဓေါ နု၊ ပြီးစီးပါသလော။ ဝါ၊ သိအပ်သော သဘောရှိပါသလော။ ဧသော၊ ဤအရုဏ် သည်။ ပစ္စက္ခသိဒ္ဓေါ၊ မျက်မြင်ဖြင့် ပြီးစီးသည်သာလျှင်

တည်း။ ဝါ၊ မျက်စိဖြင့်မြင်၍ သိအပ်သော သဘော ရှိသည် သာလျှင်တည်း။ တု၊ ထိုမှတပါး။ အနုမာနသိဒ္ဓေါ၊ စိတ်ဖြင့် မှန်းဆသောအားဖြင့် ပြီးသည်။ ဝါ၊ စိတ်ဖြင့် မှန်းဆသော အားဖြင့် သိအပ်သော သဘောရှိသည်။ နေဝ-န ဧဝ၊ မဟုတ် သည်သာလျှင်တည်း။

၈။ ထို့ပြင်လည်း အနည်းငယ်နီသော အရောင်ဟုဆိုအပ် သော အရဏ်သည် မိုးမလင်းသေးမီ တက်သလော, သို့မဟုတ် မိုးလင်းပြီးမှ တက်သလော, ဤသို့ တစုံ တယောက်သောသူသည် မေးငြားအံ့။ (မေး)

အနည်းငယ်နီသော အရဏ်သည် မိုးမလင်းသေးမီ မတက်သေးပါ၊ မိုးလင်းပြီးမှသာ တက်ပါသည်။ ဤသို့ သိသောရဟန်းသည် ဖြေဆိုရာ၏။ (ဖြေ)

၉။ အနည်းငယ်နီသော အရဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဝေးကွာသော အချိန်၌ တက်သလော, နီးကပ်သောအချိန်၌ တက်သလော။ (မေး)

အနည်းငယ်နီသော အရဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဝေးကွာသောအချိန်၌သာ တက်ပါ၏၊ နီးကပ်သောအချိန်၌ မတက်သေးပါ။ (ဖြေ)

**မှတ်ချက်အညွှန်း။** ရှေး၌ဖြစ်စေ နောက်၌ဖြစ်စေ မိုးလင်း, မိုးလင်းချိန်ဟု သာမညဆိုသော အရာတို့၌ အလင်း ရောင်အားနည်းသော မိုးလင်းချိန်ဟု မှတ်ယူကြပါ။

၁၀။ အနည်းငယ်နီသော အရဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဘယ်မျှလောက်ဝေးကွာသော အချိန်၌ တက်ပါသနည်း။ (မေး)

အနည်းငယ်နီသော အရုဏ်သည် အလင်းရောင်အားနည်းသော မိုးလင်းချိန်မှ နောက်ဖြစ်သော အလင်းရောင်အားကြီးသော မိုးလင်းချိန်၌လည်း မတက်သေးမူ၍ ထိုအားကြီးသော မိုးလင်းချိန်ကိုလည်း ကျော်လွန်၍ဖြစ်ရကား ဤမျှလောက် ဝေးကွာသော အချိန်၌ တက်ပါ၏။ (ဖြေ)

၄။ အဘယ်စကားကို ထောက်ဆ၍ ဤသို့ သိအပ်ပါသနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ အလင်းရောင်အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အရုဏ်တက်ခြင်းကို ဆိုသောကြောင့် ထိုစကားကို ထောက်ဆ၍ အလင်းရောင် အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အနည်းငယ်နီသော အရုဏ်တက်သည် ဟူ၍ သိအပ်၏။ (ဖြေ)

၃။ မိုးလင်းချိန်သည် အဘယ်မျှလောက် အပြားရှိပါသနည်း။ (မေး)

မိုးလင်းချိန်သည် အလင်းရောင်အားဖြင့် အားနည်းသော မိုးလင်းချိန်, အားကြီးသော မိုးလင်းချိန် ဟူ၍ နှစ်ပါး အပြားရှိ၏။ (ဖြေ)

၁။ အဘယ်စကားကို ထောက်ဆ၍ အဘယ်စကားကို နှလုံးသွင်း၍ ဤသို့ သိအပ်ပါသနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ လာသော "အလင်းရောင်အားကြီးသော မိုးလင်းချိန်၌"ဟူသော ဝိသေသစကားကို ထောက်ဆ၍ ဝိနည်းအဋ္ဌကထာတို့၌ လာ

သော "မိုးလင်းချိန်"ဟူသော သာမညစကားကို အလင်းရောင်အားနည်းသော မိုးလင်းချိန်ဟု နှလုံးသွင်းပြီးလျှင် မိုးလင်းချိန်ဟူသည် အလင်းရောင်အားဖြင့် အားနည်းသော မိုးလင်းချိန်, အားကြီးသော မိုးလင်းချိန် ဟူ၍ နှစ်ပါးအပြားရှိသည်ဟု သိအပ်၏။ (ဖြေ)

ဏ။ ဤသို့ နှစ်ပါးပြားသည့်ရှိသော် အားကြီးသော မိုးလင်းချိန်မှ ရှေးဟု ဆိုနိုင်သော အားနည်းသော မိုးလင်းချိန်မှ နောက်ဟု ဆိုနိုင်သော မိုးလင်းချိန် နှစ်ပါးတို့၏အကြား၌ အနည်းငယ်နီသော အရဏ်တက်ပါသလော။ (မေး)

ထိုသို့ သဘောရှိသော မိုးလင်းချိန်နှစ်ပါးတို့၏ အကြား၌ အနည်းငယ်နီသောအရဏ် မတက်သေးပါ။ (ဖြေ)

တ။ ဤသို့ နှစ်ပါးပြားသော မိုးလင်းချိန်တို့တွင် ဘယ်မိုးလင်းချိန်မှ နောက်၌ အနည်းငယ်နီသော အရဏ်တက်ပါသနည်း။ (မေး)

နှစ်ပါးပြားသော မိုးလင်းချိန်တို့တွင် အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အနည်းငယ်နီသော အရဏ်တက်ပါ၏။ (ဖြေ)

ထ။ ဘယ်စကားကို ထောက်ဆ၍ ဤသို့ သိအပ်ပါသနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အနည်းငယ်နီသော အရဏ်တက်ခြင်းကို ဆိုသောကြောင့် ထိုစကားကို ထောက်

ဆ၍ မိုးလင်းချိန်နှစ်ပါးတို့၏အကြား၌ မတက်သည့်၏အဖြစ်ကို၎င်း,အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ တက်သည့်၏အဖြစ်ကို၎င်း သိအပ်၏။ (ဖြေ)

ဒ။ အဘယ် အင်္ဂါတို့နှင့် ပြည့်စုံသောအခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါသနည်း။ (မေး)

အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန် ဟူ၍သိအပ်ပါ၏။ (ဖြေ)

ဓ။ အဘယ် အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါသနည်း။ (မေး)

၁-နေထွက်သောအချိန်မှ ရှေး၌ဖြစ်ခြင်း

၂-အားကြီးသောမိုးလင်းချိန်မှ နောက်၌ဖြစ်ခြင်း

၃-အနည်းငယ်နီသော အရောင်ကို မြင်ရခြင်း

ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါ၏။ (ဖြေ)

န။ ရှေး၌ ဆိုခဲ့ပြီးကုန်သော စကားတို့တွင် အဘယ်စကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါ သုံးပါ တို့ကို ဆိုအပ်ကုန်သနည်း။ (မေး)

ဝိနည်းစသော ကျမ်းဂန်တို့မှ ထုတ်ဆောင် ယူငင်၍ ရှေး၌ ပြအပ်ကုန်သော များစွာသော စကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါ သုံးပါးတို့ကို ဆိုအပ်ပါကုန်၏။

ထို အဖြေစကားကို ချဲ့ဦးအံ့···· ဤကျမ်း ရှေ့ပိုင်းဖြစ်သော အရုဏ်စသည်ကို ဆိုသောအပိုင်း၌ပင်လျှင်

"နေထွက်သည်မှရှေး၌ (နေမထွက်သေးမီ) တက်လာသောအရောင်သည် အရုဏ်မည်၏" ဤသို့စသည်ဖြင့် ပြအပ်ကုန်သော များစွာသော စကားတို့ကိုရင်း, ထို့ပြင်လည်း သံယုတ္တနိကာယ် မဟာဝဂ် မဂ္ဂသံယုတ်ပါဠိတော်၌ "ရဟန်းတို့ အကြင် အရုဏ်တက်ခြင်းသည် ရှိ၏၊ ထိုအရုဏ်တက်ခြင်းသည် ထွက်ပေါ်လတံ့သော နေ၏ရှေ့သွား ဖြစ်ခြင်းပင်တည်း၊ ရှေ့ပြေးအကြောင်း နိမိတ်ပင်တည်း" ဟူ၍ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော စကားတို့ကိုရင်း မှီငြမ်းပြု၍ "နေထွက်သော အချိန်မှ ရှေး၌ဖြစ်ခြင်း" ဟူသော ပထမအင်္ဂါကို ဆိုအပ်၏။

ရှေး၌ပင်လျှင် ဝိနည်းသုတ္တန်တို့မှ ထုတ်ဆောင်၍ ပြအပ်ကုန်သော "မိုးလင်းချိန်၌ ရဟန်း လေးပါး ငါးပါးတို့နှင့် အတူတကွ" ဟူ၍ရင်း, "အားကြီးလင်းသောမိုးလင်းချိန်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၏အဖြစ်ကြောင့်" ဟူ၍ရင်း ဤသို့ အစရှိကုန်သော များလှစွာကုန်သော ခိုင်မာသော သာဓကစကားတို့ကို မှီငြမ်းပြု၍ "အားကြီးသော မိုးလင်းချိန်မှ နောက်၌ ဖြစ်ခြင်း"ဟူသော ဒုတိယ အင်္ဂါကို ဆိုအပ်၏။

ရှေး၌ပင်လျှင် "ငါးကြင်း၏ မျက်စိနှင့်တူသော အနည်းငယ်နီသော အရောင်ကို ထင်ရှားမြင်ရသော အချိန်မှစ၍ ဝတ်ကိုချခြင်းစသော အမှုကို ပြုအပ်၏" ဤသို့ စသည်ဖြင့် ဆိုအပ်ကုန်သော များလှစွာကုန်သော စကားတို့ကို မှီငြမ်းပြု၍ "အနည်းငယ်နီသော

အရောင်ကို မြင်ရခြင်း” ဟူသော တတိယ အင်္ဂါကို ဆိုအပ်၏။

ဤသို့ ဤပုံ ရှေး၌ ပြအပ်ကုန်ပြီးသော များစွာသောစကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါသုံးပါးတို့ကို ဆိုအပ်ကုန်၏ဟူ၍ မှတ်အပ်ကုန်၏။

ပ။ ထို့ပြင်လည်း ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အရုဏ်တက်ချိန်သည် ရှေးမြန်မာနာရီအားဖြင့် အဘယ်အချိန်၌ ဖြစ်ပါသနည်း။ (မေး)

ထိုသို့သော အရုဏ်တက်ချိန်သည် နေထွက်သည်မှ ရှေး(နေမထွက်သေးမီ) မြန်မာနာရီအားဖြင့် တနာရီအချိန်၌ ဖြစ်ပါ၏။ (ဖြေ)

တိုအဖြေ စကားကို ချဲ့ဦးအံ့....အရုဏ် စသည်ကို ဆိုသော အပိုင်း၌ “နေဝန်းကို မြင်ရသော အခါမှ ရှေး၌ (၁) နာရီမျှဖြင့်ငင်း” ဤသို့ စသည်ဖြင့် ဆိုအပ်ကုန်သော များစွာသော စကားတို့ကို အမှီပြု၍ နေထွက်သည်မှ ရှေး (နေမထွက်သေးမီ) မြန်မာနာရီအားဖြင့် (၁) နာရီအချိန်၌ ထိုသို့သော အရုဏ်တက်ချိန်သည် ဖြစ်ပါ၏ဟူ၍ သိအပ်၏။

ဖ။ ထို့ပြင်လည်း ဆိုခဲ့သော ရှေးခေတ်ဟောင်း မြန်မာနာရီ (၁) နာရီ အချိန်သည် ယခုခေတ် စက်နာရီအတိုင်းအရှည်အားဖြင့် ဘယ်မျှလောက်အချိန်နှင့် တူညီမျှပါသနည်း။ (မေး)

ထိုသို့သော ရှေးမြန်မာနာရီ (၁) နာရီ အချိန်သည် စက်နာရီ၏ မိနစ်အတိုင်းအရှည်အားဖြင့်(၂၄)မိနစ် အချိန်နှင့် တူညီမျှပါ၏···· (ဖြေ)

ထိုစကားကို ချဲ့ဦးအံ့····ဤကျမ်း ရှေ့ပိုင်းမှာပင် "ရှေးမြမ္မာတနာရီအချိန်သည် စက်နာရီ၏ နှစ်ဆယ့်လေးမိနစ်အချိန်နှင့် တူမျှသော အချိန်ရှိ၏။" ဤသို့ စသည်ဖြင့် ဆိုအပ်ကုန်သော များစွာသောစကားတို့ကို အမှီပြု၍ ဤအဖြေစကားကို ဆိုသည်ဟူ၍ မှတ်အပ်၏။

ဗ။ စက်နာရီအားဖြင့် နေထွက်ချိန်မှ ရှေး ( နေမထွက်သေးမီ) အဘယ်မျှလောက် ဝေးကွာသောအချိန်၌ အနည်းငယ်နီသော အရုဏ်ရောင် တက်ပါသနည်း ဤသို့ မေးငြားအံ့။ (မေး)

နေထွက်ချိန်မှ ရှေး (နေမထွက်သေးမီ) နှစ်ဆယ့်လေးမိနစ်မျှသာ ဝေးကွာသောအချိန်၌ အနည်းငယ်နီသော အရုဏ်ရောင်တက်ပါ၏····ဤသို့ ဖြေဆိုရာ၏။ (ဖြေ)

ဤ၌ "နေထွက်သောအချိန်သို့ နှစ်ဆယ့်လေးမိနစ်တို့ဖြင့် မရောက်သေးမီ အချိန်၌ (ဝါ-နေထွက်ရန် (၂၄) မိနစ် လိုသေးသော အချိန်၌) အနည်းငယ်နီသော အရုဏ်ရောင်တက်သည်" ဟူ၍ ဆိုလိုရင်း အဓိပ္ပါယ်ကို သိအပ်၏။

ထိုစကားကို ထင်ရှားစေဦးအံ့····အကယ်၍ နေ့ညဥ့်အတိုင်းအရှည်တူညီသော နေ့ရက်၌ (၆) နာရီ တိတိအချိန်၌ နေထွက်ငြားအံ့၊ ထိုနေထွက်ချိန်မှ ရှေး၌ (၅)နာရီမှ (၃၆) မိနစ်ကျော်လွန်သော အချိန်ကို အရုဏ်တက်ချိန် ဟူ၍ သိအပ်၏။ ထိုစကားမှန်၏၊ ထို(၅)နာရီ (၃၆) မိနစ် အချိန်သည် နေထွက်ချိန်မှ

ရှေး (နေမထွက်သေးမီ) (၂၄) နှစ်ဆယ့်လေးမိနစ် မျှသာ ဝေးကွာသောအချိန် ဖြစ်ပေ၏။ နေထွက်ချိန်သို့ နှစ်ဆယ့်လေးမိနစ်တို့ဖြင့် မရောက်သေးသော အချိန် (ဝါ-နေထွက်ရန် (၂၄)မိနစ် လိုသေးသော အချိန်)လည်း ဖြစ်ပေ၏။ ထို့ကြောင့် ထို(၅)နာရီ (၃၆)မိနစ်အချိန်ကို အရုဏ်တက်ချိန်ဟူ၍ ကောင်းစွာ မှတ်အပ်၏။ နေ့ညဉ့် အတိုင်းအရှည်တူညီသော ဤ နေ့ရက်၌ ကောင်းစွာမှတ်အပ်သကဲ့သို့ ဤနည်း အတူပင်လျှင် တပါးတခြားသော နေ့ညဉ့် အတိုင်း အရှည် မတူညီသော နေ့ရက်တို့၌လည်း ဆိုခဲ့သော နည်းကို အစဉ်မှီသဖြင့် အရုဏ်တက်ချိန်ကို ကောင်းစွာ မှတ်သားအပ်၏။

ဤသို့ ဤပုံ ရှေး၌ အကျယ်အားဖြင့် ဆိုအပ်ကုန်သော စကားတို့ကိုင်း, အမေးအဖြေအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ကိုင်း အမှီပြု၍ နေထွက်သောအချိန်မှ ရှေး၌ ဖြစ်ခြင်း,အလင်းရောင်အားကြီးသော မိုးလင်းချိန်မှနောက်၌ ဖြစ်ခြင်း,အနည်းငယ်နီသော အရောင်ကို မြင်ရခြင်း, ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အချိန်ကို အရုဏ်တက်ချိန်ဟူ၍ ယုံမှားသံသယမရှိသောအားဖြင့် ကောင်းစွာသိအပ်၏။

ထို့ပြင်လည်း ထိုအရုဏ်တက်ချိန်ကို လွယ်ကူစွာသိလိုကုန်သော ရဟန်းတော်တို့သည် တလ-တလ အတွင်း၌ဖြစ်စေ တပက္ခ-တပက္ခ အတွင်း၌ဖြစ်စေ ရှေးတရက်ရက်၌ နေထွက်ချိန် စက်နာရီ အတိုင်းအရှည်ကို ကောင်းစွာမှတ်သားထားအပ်၏။ နောက်နောက်ရက်များ၌ကား မှတ်သားထားခဲ့သော ထိုနေထွက်ချိန်မှ ရှေး (၂၄) နှစ်ဆယ့်လေးမိနစ်မျှ ရှိ

သောအချိန်၌ (၀၁-နေထွက်ရန် (၂၄) နှစ်ဆယ့်လေးမိနစ် လိုသေးသော အချိန်၌) အနီရောင်အရုဏ်တက်သည်ဟူ၍ ယုံမှားသံသယ ကင်းရှင်းသောအားဖြင့် ကောင်းစွာ မှတ်သားအပ်၏။ ဤသို့ ဤပုံလည်း ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို ကောင်းစွာ သိထားအပ်၏။

ထို့ပြင်လည်း ဤအဆုံးအဖြတ်ကို အကျဉ်းအားဖြင့် မှတ်သားဆောင်ထားလိုသူတို့၏ အကျိုးငှါ အကျဉ်းပြသုံးဂါထာတို့ကို စီရင်အပ်ကုန်၏။

၂၀။ သူရိယုဂ္ဂတပုဗ္ဗော စ၊ ဗလပစ္စူသတော ပစ္ဆာ။
ဒဿနံ ကိဋ္ဌိရတ္တာနံ၊ တိဝင်္ဂပူရကာလော ၀။

၂၁။ အရုဏုဂ္ဂတကာလောတိ၊ နိဿံသယေန ဉာတဗ္ဗော။
အထော ဃဋိပမာဏေန၊ သူရောဒယဃဋိံ ဥတ္တာ။

၂၂။ သူရိယောဒယတော ပုဗ္ဗေ၊စတုဝီသမိနေ ကာလေ။
အရုဏော ဥဂ္ဂတော ဧဝံ၊အယံ ဝိနိစ္ဆယော ဉေယျော။

၂၀။ သူရိယုဂ္ဂတပုဗ္ဗော စ၊ နေထွက်သောအချိန်မှ ရှေးဖြစ်ခြင်း၎င်း။ ဗလပစ္စူသတော၊ အလင်းရောင်အားကြီးသော မိုးလင်းချိန်မှ။ ပစ္ဆာ စ၊ နောက်ဖြစ်ခြင်း၎င်း။ ကိဋ္ဌိရတ္တံ၊ အနည်းငယ်နီသောအရောင်ကို။ ဒဿနဉ္စ၊ မြင်ရခြင်း၎င်း။ ဣတိ၊ ဤသို့။ တိဝင်္ဂပူရကာလော ၀၊ အင်္ဂါသုံးပါးပြည့်သော အချိန်ကိုသာလျှင်။

၂၁။ အရုဏုဂ္ဂတကာလောတိ၊ အရုဏ်တက်ချိန်ဟူ၍။ နိဿံသယေန၊ ယုံမှားသံသယမရှိသောအားဖြင့်။ ဉာတဗ္ဗော၊ သိအပ်၏။ အထော၊ ထို့မှတပါး။ ဃဋိပမာဏေန၊ စက်နာရီ

အတိုင်းအရှည်အားဖြင့်။ သူရောဒယဃဋီ၊ နေထွက်ချိန် နာရီကို။ ဥတွာ၊ သိမှတ်ထားပြီး၍။

၂၂။ သူရိယောဒယတော၊ နေထွက်ချိန်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဝါ၊ နေမထွက်သေးမီ၌။ စတုဝီသမိနေ၊ နှစ်ဆယ့်လေးမိနစ်ရှိသော၊ ကာလေ၊ အချိန်၌။ ဝါ၊ နေထွက်ရန် နှစ်ဆယ့်လေးမိနစ်သာ လိုတော့သည်ဟု ဆိုအပ်သောအချိန်၌။ အရုဏော၊ အနည်းငယ်နီသော အရုဏ်သည်။ ဝါ၊ အရှေ့အရပ်မှ တက်လာသော အရောင်တို့ဟွင် အနီဆုံးအရောင်ဟု ဆိုအပ်သော အရုဏ်သည်။ ဥဂ္ဂတော၊ တက်၏။ ဧဝံ၊ ဤသို့ ဤပုံ။ အယံ ဝိနိစ္ဆယော၊ ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို။ ဉေယျော၊ သိအပ်၏။

ထို့ပြင်တနည်း အလွန်ကျဉ်းသောအားဖြင့် မှတ်သားစေရန် အကျိုး၄ါ နှစ်ဂါထာတို့ကို စီရင်အပ်ကုန်၏။

၂၃။ သူရိယောဒယတော ပုဗ္ဗေ၊
ဗလပဥ္စုသတော ပရေ။
ကိဥ္စိရတ္တဝိဗ္ဗကာလေ၊
ဃဋီယာ ပရိမာဏတော။

၂၄။ စတုဝီသမိနေ ကာလေ၊
အရုဏော ဥဂ္ဂတော ဧဝံ။
အယံ ဝိနိစ္ဆယော ဉေယျော၊
သိက္ခကာမေဟိ ဘိက္ခုဟိ။

၂၃။ သူရိယောဒယတော၊ နေထွက်ချိန်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဗလပဥ္စုသတော၊ အလင်းရောင် အားကြီးသော မိုးလင်းချိန်မှ။ ပရေ၊ နောက်၌။ ကိဥ္စိရတ္တဝိဗ္ဗကာလေ၊ အနည်းငယ်

နိသောအရောင်ကို မြင်အပ်သော အချိန်၌။ ဃဋ္ဋိယာ၊ စက်နာရီ၏။ ပရိမာဏတော၊ အတိုင်းအရှည်အားဖြင့်။

၂၄။ စတုဝီသမိနေ၊ နှစ်ဆယ့်လေးမိနစ် ရှိသော။ ကာလေ၊အချိန်၌။အရုဏော၊ အရုဏ်သည်။ ဥဂ္ဂတော၊တက်လာ၏။ ဧဝံ၊ ဤသို့ ဤပုံ။အယံ ဝိနိစ္ဆယော၊ ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို။ သိက္ခကာမေဟိ၊ကျင့်လိုကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတော်တို့သည်။ ဉေယျော၊ သိအပ်၏။

ထို့ပြင်တနည်း အလွန့်အလွန် ကျဉ်းသောအားဖြင့် မှတ်သားစေရန် အကျိုး၄ါ တဂါထာကို စီရင်အပ်၏။

၂၅။ စက္ကဃဋိပမာဏေန၊
သူရိယောဒယတော ပုဗ္ဗေ။
စတုဝီသမိနေ ကာလေ၊
အရုဏော ဥဂ္ဂတော ဟောတိ။

၂၅။ စက္ကဃဋိပမာဏေန၊ စက်နာရီ အတိုင်းအရှည်အားဖြင့်။ သူရိယောဒယတော၊ နေထွက်ချိန်မှ၊ ပုဗ္ဗေ၊ ရှေး၌။ ဝါ၊ နေမထွက်သေးမီ၌။ စတုဝီသမိနေ၊ နှစ်ဆယ့်လေးမိနစ် ဝေးကွာခြင်းရှိသော။ ကာလေ၊ အချိန်၌။ ဝါ၊ နေထွက်ရန် (၂၄) မိနစ်လိုသောအချိန်၌။ အရုဏော၊ အနီရောင်အရုဏ်သည်။ ဥဂ္ဂတော၊ တက်လာသည်။ ဟောတိ၊ ဖြစ်၏။

**ဤဆိုလတံ့ကား တိုက်တွန်းခြင်းတည်း—**

၂၆။ ဝဇ္ဇဘီရုကဘိက္ခူနံ၊
ဝဇ္ဇေဟိ မောစနတ္ထာယ။
ဝိသုဒ္ဓသီလကာမာနံ၊
သုဒ္ဓတ္ထာယ စ သီလဿ။

၂၇။ သိက္ခကာမိကဘိက္ခုနံ၊
သာရကံ သိက္ခနတ္ထာယ။
ကုက္ကုစ္စယိကဘိက္ခုနံ၊
ကုက္ကုစ္စဝိဂတတ္ထာယ။

၂၈။ ဝိနယာဒီသု ဂန္ထေသု၊
အာဂတံ အတိယုတ္တိကံ။
ဒဠှဝါစိဝ နိဿာယ၊
အယံ ဝိနိစ္ဆယော ကတော။

၂၉။ န ဝိရောဓကရတ္ထာယ၊
န သာရမ္ဘာဒိအတ္ထာယ။
တသ္မာ တောဒိသာ ဘိက္ခူ၊
တဒတ္ထသာဓနတ္ထာယ။

၃၀။ ဣမံ ဝိနိစ္ဆယံ ဘဒ္ဒံ၊
သက္ကစ္စံ ဥပလက္ခန္တု။
အာကင်္ခမာနဘိက္ခူပိ၊
သာရကံ ဥပဓာရေန္တု။

၂၆။ ဝဇ္ဇဘီရုကဘိက္ခုနံ၊ အာပတ်အပြစ်ကို ကြောက်တတ်ကုန်သော ရဟန်းတို့၏။ ဝဇ္ဇေဟိ၊ အာပတ်အပြစ်တို့မှ။ မောစနတ္ထာယ စ၊ လွတ်မြောက်ခြင်းအကျိုးငှါ၎င်း။ ဝိသုဒ္ဓသီလကာမာနံ၊ စင်ကြယ်သောသီလကို အလိုရှိကုန်သော ရဟန်းတို့၏။ သီလဿ၊ သီလ၏။ သုဒ္ဓတ္ထာယ စ၊ စင်ကြယ်ခြင်းအကျိုးငှါ၎င်း။

၂၇။ သိက္ခကာမိကဘိက္ခုနံ၊ သီလ - သမာဓိ - ပညာ ဟူသော သိက္ခာသုံးပါးကို ကျင့်ရန်အလိုရှိကုန်သော ရဟန်း

တို့၏။ သာဓုကံ၊ ကောင်းစွာ။ သိက္ခနတ္ထာယ စ၊ ကျင့်ခြင်း အကျိုးငှါလည်း။ ကုက္ကုစ္စယိကာဘိက္ခူနံ၊ ဝိနယကုက္ကုစ္စဖြစ်လေ့ ရှိကုန်သော ရဟန်းတို့၏။ ကုက္ကုစ္စဝိဂတတ္ထာယ စ၊ ဝိနည်းနှင့် စပ်လျဉ်းသော ကုက္ကုစ္စကင်းပျောက်ခြင်းအကျိုးငှါလည်း။

၂၈။ ဝိနယာဒီသု၊ ဝိနည်းအစရှိကုန်သော။ ဂန္ထေသု၊ ကျမ်းဂန်တို့၌။ အာဂတံ၊ လာသော။ အတိယုတ္တိကံ၊ အလွန်သင့်လျော်ခြင်းရှိသော။ ဝါ၊ အသင့်ယုတ္တိ လွန်စွာရှိသော။ ဒဠှဝါစံဝါ၊ခိုင်မာသောအထောက်အထား သာဓကစကားကို သာလျှင်။ နိဿာယ၊ အမှီပြု၍။ အယံ ဝိနိစ္ဆယော၊ ဤအရဏ်တက်ချိန် အဆုံးအဖြတ်ကို။ ကတော၊ ပြုအပ်ပြီ။

၂၉။ ဝိရောဓကေရတ္ထာယ၊ ဆန့်ကျင်မှုကို ပြုခြင်းအကျိုးငှါ။ န ကတော၊ ပြုအပ်သည်မဟုတ်။ သာရမ္ဘာဒိအတ္ထာယ၊ သူတပါးကိုကို ချုတ်ချယ်ခြင်း ကဲ့ရဲ့ရှုတ်ချခြင်း အစရှိသော အကျိုးငှါ။ ဝါ၊ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်းစသောအကျိုးငှါ။ န ကတော၊ ပြုအပ်သည်မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ဧတာဒိသာ၊ ဤသို့ အာပတ်အပြစ်ကို ကြောက်ခြင်းစသော သဘောရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ တဒတ္ထ-သာဓနတ္ထာယ၊ အပြစ်တို့မှ လွတ်မြောက်ခြင်းစသော ထို အကျိုးတို့ကို ပြီးစေခြင်းအကျိုးငှါ။

၃၀။ ဘဒ္ဒံ၊ ကောင်းမြတ်တင့်တယ်သော။ ဣမံ ဝိနိစ္ဆယံ၊ ဤအရဏ်တက်ချိန် အဆုံးအဖြတ်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပလက္ခန္တု၊ မှတ်သားတော်မူကြပါကုန်လော။ ဝါ၊ မှတ်သားတော်မူကြပါစေကုန်သတည်း။ ဘဒ္ဒံ၊ ကောင်းသော။ ဣမံ ဝိနိစ္ဆယံ၊ ဤအရဏ်တက်ချိန် အဆုံးအဖြတ်ကို။ အာကင်္ခမာန-ဘိက္ခူပိ၊ အလိုရှိကုန်သော ရဟန်းတော်တို့သည်လည်း။

သာရုကာ၊ ကောင်းစွာ။ ဥပမာရေနှ၊ ဆောင်ထားတော်မူကြပါကုန်လော။ ဝါ၊ လေ့ကျက်မှတ်သား ဆောင်ထားတော်မူကြပါစေကုန်သတည်း။

အမေးအဖြေကို ပြသော အပိုင်းပြီး၏။

အရဏ်တက်ချိန် အဆုံးအဖြတ်

ပြီးပါပြီ။

---

## နိဂုမ်းစသည်ကိုပြခြင်း။

၃၁။ ရမည်းသင်းခရိုင်အန္တရေ၊
နဘူးကျင်းနာမဂါမကေ။
မာတာပိတူဟိ သုဒ္ဓေဟိ၊
သုဇာတေန ပဝတ္တိယံ။

၃၂။ မင်းဘူးခရိုင်အန္တောဂဓေ၊
နဂရေ စကုနာမိကေ။
မြောင်းဦးညောင်ကိုင်းတိ နာမာနံ၊
ဒွိန္နံ ဂါမာနမန္တိကေ။

၃၃။ ရန်ကင်းနာမိကအာရာမေ၊
ဝိဝေကာရညအာဝါသေ။
သုဝသန္တေန ဘဒ္ဒန္တ-
တိဿရဝှယထေရေန။

၃၄။ ဝိယသီလာနမဂ္ဂာယ၊
ကတော အယံ ဝိနိစ္ဆယော။
အစိရေနေဝ ကာလေန၊
အဝေရေနေဝ နိဋ္ဌိတော။

၃၅။ ဇူမိန္ဒာ ပုညကမ္မေန၊
ဇူန္တိတံ ဗောဓိဉာဏာဋ္ဌ။
သုခပ္ပဋိပဒဋ္ဌေဝ၊
ခိပ္ပါဘိညဋ္ဌ ပတ္တေမိ။

၃၆။ ယထာ တိဋ္ဌတိ သဒ္ဓမ္မော၊
တထာ ဌာတု ဝိနိစ္ဆယော။
ယာဝ တိဋ္ဌတိ သဒ္ဓမ္မော၊
တာဝ ဌာတု ဝိနိစ္ဆယော။

၃၁။ ရမည်းသင်းခရိုင်အန္တရေ၊ ရမည်းသင်းခရိုင်အတွင်း၌။ နဘူးကျင်းနာမဂါမကေ၊ နဘူးကျင်းအမည်ရှိသောရွာငယ်၌။ သုဒ္ဓေဟိ၊ ဆွေခုနစ်ဆက် တိုင်အောင်တွက်လည်း ရောယှက်မျိုးခြား မရှိငြား၍ ခြားနားကင်းကွာ မြမ္မာလူမျိုးသာ ဖြစ်ရကား အမျိုးဇာတ်အားဖြင့် စင်ကြယ်ကုန်သော(ဤစကားဖြင့် ဇာတိကုလပုတ္တဖြစ်သည်ကို ပြသည်) ဝါ၊ အကုသိုလ်မှု တခုခုကို မပြုဘဲသာ လယ်နှင့်ယာကို ထွန်ကာလုပ်ကျွေး အသက်မွေးရကား အကျင့်အားဖြင့်လည်း စင်ကြယ်ကုန်သော(ဤစကားဖြင့် အာစာရကုလပုတ္တဖြစ်သည်ကို ပြသည်) မာတာပိတူဟိ၊ အမေ အဖေတို့မှ။ သုဇာတေန၊ ကောင်းစွာ ဖြစ်ပေါ်လာသော။ ဝါ၊ အတိဇာတသား မြတ်သောအားဖြင့် ဖြစ်ပွါး ပေါ်ပေါက်၍လာသော။ ပဝတ္တိယံ၊ ယခုဖြစ်ရာပဝတ္တိအခါ၌။ ဝါ၊ ယခုနေရာပဝတ္တိအခါ၌။

၃၂။ မင်းဘူးခရိုင်အန္တောဂဓေ၊ မင်းဘူးခရိုင်၌ အကျုံးဝင်သော။ ဝါ၊ မင်းဘူးခရိုင်၏ အတွင်း၌ သက်ဝင်သော။ စကုနာမကေ၊ စကုအမည်ရှိသော။ နဂရေ၊ မြို့၌။ ဝါ၊ မြို့နယ်၌။

မြောင်းဦးညောင်ကိုင်းတိနာမာနံ၊ မြောင်းဦးဟူသောအမည် ညောင်ကိုင်းဟူသောအမည် ရှိကုန်သော။ ဒွိန္နံ ဂါမာနံ၊ ရွာနှစ်ရွာတို့၏။ ဝါ၊ နှစ်ခုသော ဆွမ်းခံရွာတို့၏။ အန္တိကေ၊ အနီး၌။

၃၃။ ရန်ကင်းနာမိကအာရာမေ၊ ရန်ကင်း အမည်ရှိသော အာရာမ်၌။ ဝိဝေကာရညအာဝါသေ၊ ဆိတ်ငြိမ်သော တောရကျောင်း၌။ သုဝသန္တေန၊ ကောင်းစွာနေသော။ ဘဒ္ဒန္တတိဿရဝှယထေရေန၊ **အရှင်တိဿရ** အမည်ရှိသော မထေရ်သည်။

၃၄။ ပိယသီလာနံ၊ ချစ်အပ်သောသီလ ရှိကုန်သော ရဟန်းတို့၏။ ဝါ၊ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏။ အတ္ထာယ၊ သီလစင်ကြယ်ခြင်းစသော အကျိုးငှါ။ ကတော၊ ပြုအပ်စီရင်အပ်သော။ အယံ ဝိနိစ္ဆယော၊ ဤအရက်တက်ချိန် အဆုံးအဖြတ်သည်။ အစိရေနေဝ၊ မကြာသည်သာလျှင် ဖြစ်သော။ ကာလေန၊ တလခွဲခန့်အချိန်ဖြင့်။ အဝေရေနေဝ၊ ဘေးရန်မရှိသဖြင့်သာလျှင်။ နိဋ္ဌိတော နိဋ္ဌံ ဂတော ဂတော ပတ္တော၊ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

၃၅။ ဣမိနာ ပုညကမ္မေန၊ အရက်တက်ချိန် အဆုံးအဖြတ်ကို ရှာဖွေစုပေါင်း၍ ပြုစုရသောဤကောင်းမှုကြောင့်။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ဗောဓိဉာဏဥ္စ၊ အခြံအရံနှင့် တကွသော အရဟတ္တမဂ်ဉာဏ်ကိုရင်း။ သုခပ္ပဋိပဒဥ္စေဝ၊ လွယ်ကူသော အကျင့်ကိုရင်း။ ခိပ္ပါဘိညဥ္စ၊ လျင်မြန်စွာ သိခြင်းကိုရင်း။ ပတ္ထေမိ၊ တောင့်တရည်ရော် မြှော်လင့်ပါ၏။

၃၆။ သဗ္ဗမ္မော၊ မြတ်စွာဘုရား၏ အဆုံးအမတော် ဖြစ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော

ပရိယတ် စသော သူတော်ကောင်း တရားတော်သည်။ တိဋ္ဌတိ ယထာ၊ ကြာမြင့်စွာတည်သကဲ့သို့။ တထာ၊ ထိုနည်းအတူ။ ဝိနိစ္ဆယော၊ အရုဏ်တက်ချိန် အဆုံးအဖြတ်သည်။ ဌာတု၊ ကြာမြင့်ရှည်စွာ တည်ပါစေသတည်း။ ယာဝ၊အကြင်မျှလောက် ကာလပတ်လုံး။ သဒ္ဓမ္မော၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော သူတော်ကောင်းတရားတော်သည်။ ဝါ၊ သင်ယူခြင်း, ကျင့်ခြင်း, သိခြင်းဟူသော သူတော်ကောင်း တရားတော်သည်။ တိဋ္ဌတိ၊တည်တံ့၏။ တာဝ၊ထိုမျှလောက် သူတော်ကောင်းတရား တည်ရှိနေသမျှ ကာလပတ်လုံး။ ဝိနိစ္ဆယော၊ အရုဏ်တက်ချိန် အဆုံးအဖြတ်သည်။ ဌာတု၊ တည်တံ့နေပါစေသတည်း။

## ပြီးစီးသောနှစ်စသည်

၃၇။ ဗုဒ္ဓဿ ပရိနိဗ္ဗာနာ၊
ပဉ္စာယ ဂဏနံ ကတေ။
ဒွိသဟဿေ ပဉ္စသတေ၊
ဝဿေပိ စ နဝါဓိကေ။

၃၈။ သကေ်တေန မန္ဒဿာနံ၊
ကောဇာသဍ္ဍါတဝဿေန။
သဟဿေ တိသတေ စာပိ၊
သတ္တဝီသတိမေ ဝဿေ။

၃၉။ မာဃနာမိကမာသေ စ၊
သုက္ကပက္ခဿ ပဉ္စမေ။
အယံ ဝိနိစ္ဆယော ဘဒ္ဒေါ၊
သဗ္ဗာကာရေန နိဋ္ဌိတော။

၃၇။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်မှ။ ပဋ္ဌာယ၊စ၍။ ဂဏန်း၊ရေတွက်ခြင်းကို။ ကတေ၊ ပြုအပ်သော။ ဒွိသဟဿေ၊ နှစ်ထောင်ဖြစ်သော။ ပဉ္စသတေ၊ ငါးရာဖြစ်သော။ နဝါဓိကေ၊ ကိုးခုလွန်သော။ ဝဿေပိ စ၊ နှစ်၌ရင်း။....(၂၅၀၉-ခုနှစ်)

၃၈။ မနုဿာနံ၊လူတို့၏။ သကေ်တေန၊ အမှတ်သကေ် တဖြစ်သော။ ကောဇာသံခါတဝဿေန၊ ကောဇာသကရာဇ် ဟု ဆိုအပ်သော နှစ်အားဖြင့်။ သဟဿေ၊ တထောင်ဖြစ် သော။ တိသတေ စာပိ၊ သုံးရာလည်းဖြစ်သော။ သတ္တဝီ- သတိမေ၊ နှစ်ဆယ့်ခုနစ်ခုမြောက် ဖြစ်သော။ ဝဿေပိ စ၊ နှစ်၌ရင်း။ (၁၃၂၇-ခုနှစ်)

၃၉။ မာဃနာမကမာသေ စ၊ မာဃအမည်ရှိသော တပို့တွဲလ၌ရင်း။ သုက္ကပက္ခဿ၊ လဆန်းပက္ခ၏။ ပဉ္စမေ စ၊ ငါးရက်မြောက်နေ့၌ရင်း။ ဘဒ္ဒေ၊ ချွတ်ယွင်းခြင်း မရှိသော အားဖြင့် ကောင်းမြတ်သော။ အယံ ဝိနိစ္ဆယော၊ ဤအရက် တက်ချိန် အဆုံးအဖြတ်သည်။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နိဋ္ဌိတော နိဋ္ဌံ ဇုတော ဂတော ပတ္တော၊ ရပ်တံ့ခြင်းသို့ ရောက်ပြီ။ ဝါ၊ ပြီးစီးအောင်မြင် ခြင်းသို့ ရောက်ပြီ။ ။(တပို့တွဲလဆန်း ၅-ရက်၊ဗုဒ္ဓဟူးနေ့ ပြီးပြီ။)

ဤသို့ ဤပုံ ပဏာမစသည်ကိုပြခြင်း, ငါးပါးသောအပိုင်းကြီး, နိဂုမ်းစသည်ကိုပြခြင်း, ဤအပိုင်းအခြား (၇)ခုတို့ဖြင့် ပြအပ်သော အရက်တက်ချိန် အဆုံးအဖြတ်သည်

အပြည့်အစုံ

**ပြီး ပါ ပြီ။**

ဤ "အရက်တက်ချိန် အဆုံးအဖြတ်"၏ မှီရာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ခုဒ္ဒကနိကာယ် | ဝိနည်းပိဋကတ် | ပါစိတ်ပါဠိတော် |
| ၂။ | ။ | ။ | မဟာဝဂ္ဂပါဠိတော် |
| ၃။ | ။ | ။ | စူဠဝဂ္ဂပါဠိတော် |
| ၄။ | ။ | ။ | ပါရာဇိကဏ်အဋ္ဌကထာ |
| ၅။ | ။ | ။ | မဟာဝဂ္ဂအဋ္ဌကထာ |
| ၆။ | ။ | ။ | စူဠဝဂ္ဂအဋ္ဌကထာ |
| ၇။ | ။ | ။ | ဝိနယသင်္ဂဟအဋ္ဌကထာ |
| ၈။ | ။ | ။ | ကင်္ခါဝိတရဏီ အဋ္ဌကထာ |
| ၉။ | ။ | ။ | သာရတ္ထဒီပနီဋီကာ တေရသကဏ်(၃) |
| ၁၀။ | ။ | ။ | ဝိမတိဝိနောဒနီဋီကာ (ပ-၃) |
| ၁၁။ | ။ | ။ | ဝိနယာလင်္ကာရဋီကာ(ပ) |
| ၁၂။ | ။ | သုတ္တန်ပိဋကတ် | ဥဒါနပါဠိတော် |
| ၁၃။ | ။ | ။ | ဥဒါနအဋ္ဌကထာ |
| ၁၄။ | ။ | ။ | ဇာတကအဋ္ဌကထာ |
| ၁၅။ | ။ | ။ | ဓမ္မပဒပါဠိတော် |
| ၁၆။ | ။ | ။ | မိလိန္ဒပဉှာပါဠိတော် |
| ၁၇။ | ဒီဃနိကာယ် | ။ | မဟာဝဂ္ဂအဋ္ဌကထာ |
| ၁၈။ | သံယုတ္တနိကာယ် | ။ | မဟာဝဂ္ဂသံယုတ်ပါဠိတော် |

၁၉။ ခုဒ္ဒကနိကာယ် အဘိဓမ္မ
ပိဋကတ် အဋ္ဌသာလိနီ အဋ္ဌကထာ

၂၀။ ။ ။ မူလဋီကာ

၂၁။ နိကာယ်အမျိုးမျိုး ပိဋကတ်
အမျိုးမျိုး အဘိဓာနပ္ပဒီပိကာကျမ်း

၂၂။ ။ ။ အဘိဓာနပ္ပဒီပိကာ
ဋီကာကျမ်း

### ၁၂-လတို့၌ အကြမ်းစားညွှန်ပြသော
### အရုဏ်တက်ချိန် နာရီမိနစ်

| လအမည် | အရုဏ်တက်ချိန် | | နေထွက်ချိန် | |
|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁။တန်ခူး | ၅ | ၃၆ | ၆ | ၀ |
| ၂။ကဆုန် | ၅ | ၂၆ | ၅ | ၅၀ |
| ၃။နယုန် | ၅ | ၁၆ | ၅ | ၄၀ |
| ၄။ဝါဆို | ၅ | ၆ | ၅ | ၃၀ |
| ၅။ဝါခေါင် | ၅ | ၁၆ | ၅ | ၄၀ |
| ၆။တော်သလင်း | ၅ | ၂၆ | ၅ | ၅၀ |
| ၇။သီတင်းကျွတ် | ၅ | ၃၆ | ၆ | ၀ |
| ၈။တန်ဆောင်မုန်း | ၅ | ၄၆ | ၆ | ၁၀ |
| ၉။နတ်တော် | ၅ | ၅၆ | ၆ | ၂၀ |
| ၁၀။ပြာသို | ၆ | ၆ | ၆ | ၃၀ |
| ၁၁။တပို့တွဲ | ၅ | ၅၆ | ၆ | ၂၀ |
| ၁၂။တပေါင်း | ၅ | ၄၆ | ၆ | ၁၀ |

အယံ ကာလော န ဧကန္တော၊ နေကာသမော ဟိ သဗ္ဗဒါ။
တသ္မာ စက္ခူဟိ ပဿိတွာ၊ သစ္စကာလံ ဝိဇာနာထ။

အယံ ကာလော၊အကြမ်းစားညွှန်ပြသော ဤအရုဏ်တက်ချိန်သည်။ ဧကန္တော၊ဧကန်.တထစ်ချ တခုတည်း ဖြစ်နိုင်သော အချိန်သည်။ န၊ မဟုတ်။ ဟိ၊ ထိုစကား မှန်၏။ သဗ္ဗဒါ၊ အလုံးစုံသောအရပ်တိုင်း၌။ ဝါ၊ အလုံးစုံသော နှစ်စဉ် နှစ်တိုင်း

လတိုင်း၌။ ကေသမော၊ အရုဏ်တက်ချိန်ချင်း တထပ်တည်း တခုတည်း တူညီသည်။ န၊ မဟုတ်။ တသ္မာ၊ ထိုကြောင့်။ စက္ခူဟိ၊ မံသ, ပညာ နှစ်ဖြာသော မျက်စိတို့ဖြင့်။ ပဿိတွာ၊ အရှေ့အရပ်၌ ကြည့်ရှု, ဆင်ခြင်၍ (မံသပသာဒ မျက်စိဖြင့် ကြည့်ရှု၍, ပညာမျက်စိဖြင့် ဆင်ခြင်ရမည်ကို ဆိုလို၏)။ သဗ္ဗကာလံ၊ မှန်ကန်သော အရုဏ်တက်ချိန်ကို။ (တုမှေ၊ အရုဏ်တက်ချိန်၌ စိတ်ဝင်စားကြကုန်သော သင်တို့သည်။) ဝိဇာနာထ၊ သိတော်မူကြပါကုန်လော။